ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 28 April 2021 ၁၀၃၅၇

**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင်ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများရှိသကဲ့သို့ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်းရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများရှိသကဲ့သို့ အချို့သော ဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့် အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှုမရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကိုအခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန်သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးမှ ထောက်ခံခြင်း၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**

# ပုသိမ်မြို့၌ ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်များဖြင့် စည်ကား

**ပုသိမ် ဧပြီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယခုရက်များအတွင်း တည်ငြိမ်အေးချမ်းမှုနှင့်အတူ မြို့မ၊ ရွှေပြည်သာ၊ အောင်ရော၊ ကန်းနား၊ အောင်သီရိ၊ မြို့သစ် အစရှိသည့် ဈေးများနှင့်အဝေးပြေးမော်တော်ယာဉ်ဝင်းနှင့် သဘော်ဆိပ်များတွင် ဈေးရောင်းဈေးဝယ်များ၊ ခရီးသွားများဖြင့် ပြန်လည်စည်ကားလျက်ရှိသည်။

**တည်ငြိမ်အေးချမ်း**

ပုသိမ်မြို့နယ်အတွင်း တပ်မတော်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသဖြင့် ယခုအခါ မြို့နယ်တစ်ခုလုံးနီးပါး တည်ငြိမ်အေးချမ်းလျက်ရှိသည်။

ယခုကဲ့သို့ အေးချမ်းတည်ငြိမ်လာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းအဖြစ် ရန်ကုန်မြို့ အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကူးသန်းသွားလာသည့် ယာဉ်လိုင်းအချို့

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



ပုသိမ်မြို့ရှိ ဈေးတစ်ခုတွင် ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားနေသည်ကို ဧပြီ ၂၇ ရက်က တွေ့ရစဉ်။

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ အလှူငွေ လှူဒါန်းသည့် အခမ်းအနားကျင်းပ — စာမျက်နှာ » ၃

နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများ သုံးသပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပ — စာမျက်နှာ » ၇

ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ — စာမျက်နှာ » ၈

ကြေးမုံ

# လူမှုစီးပွားတိုးတက်ရေးအတွက် ဘာသာရပ်ဆိုင်ရာများသင်ကြား

ဒီမိုကရေစီနိုင်ငံတိုင်းရှိ နိုင်ငံသားများသည် ပြဋ္ဌာန်းထားသောဥပဒေများကို လေးစားလိုက်နာကြသဖြင့် နိုင်ငံ၏ဒီမိုကရေစီသည် အခြေခိုင်မြဲ၍ တိုင်းပြည်လည်း တိုးတက်သထက်တိုးတက်၊ ဖွံ့ဖြိုးသထက်ဖွံ့ဖြိုးလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် အခြေခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံအဖြစ် တက်လှမ်းနိုင်ရေးအတွက် ဥပဒေစည်းကမ်းနှင့်အညီ နေထိုင်လုပ်ကိုင်တတ်ရန် လိုအပ်နေသည်။

နိုင်ငံတွင် ဥပဒေစည်းကမ်းများရှိသော်လည်း ဥပဒေကို အသက်ဝင်အောင် ဆောင်ရွက်မှု၊ ဥပဒေကို သဘောပေါက်နားလည်အောင် ဆောင်ရွက်နိုင်မှုအားနည်းသောကြောင့် ဥပဒေအား ဖောက်ဖျက်ကျူးလွန်မှုများရှိနေသည်ကို လွန်ခဲ့သောကာလနှင့် ယခုကာလအခြေအနေများက သက်သေပြနေသည်။ ဥပဒေစည်းကမ်းလိုက်နာလျှင် နိုင်ငံအခြေတည်တံ့ခိုင်မြဲဖွံ့ဖြိုးပြီး ဥပဒေစည်းကမ်း မလိုက်နာလျှင် နိုင်ငံအခြေ မတည်တံ့မခိုင်မြဲ ယိမ်းယိုင်ကာ ဖရိုဖရဲဖြစ်တတ်သည်ကို လက်တွေ့ပြနေသည်။ ထို့ကြောင့် ပြဋ္ဌာန်းထားသောဥပဒေများ အသက်ဝင်အောင်နှင့် သိရှိလိုက်နာကြရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံသားတိုင်း ဥပဒေစည်းကမ်းနှင့်အညီ နေထိုင်တတ်ရန်အတွက် ဥပဒေပညာသည် အရေးကြီးသည်။ ဥပဒေပညာကို တက္ကသိုလ်တွင် သင်ကြားပို့ချပေးသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာနှင့် အခြားကိစ္စများကို ဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ ဆောင်ရွက်ရသည်များ များစွာရှိသည်။ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ဆောင်ရွက်ရာ၌လည်း နိုင်ငံသားတစ်ယောက်အနေဖြင့် ဆိုင်ရာဥပဒေများကို သိရှိရန်လိုအပ်သကဲ့သို့ စီမံခန့်ခွဲမှုကို ဆောင်ရွက်နေသောသူများအနေဖြင့်လည်း ဥပဒေကို နားလည်တတ်ကျွမ်းရန် လိုအပ်သည်။ ဥပဒေကို နားလည်တတ်ကျွမ်းထားခြင်းဖြင့် လက်တွေ့နယ်ပယ်တွင် တိုက်ရိုက်အသုံးချခွင့်ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက “မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်၍ ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်ရန် လိုအပ်သဖြင့် ဥပဒေပညာရပ်များအား ကျယ်ပြန့်စွာသင်ကြားနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အလားတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သဖြင့် စီးပွားရေးကဏ္ဍတွင် စီးပွားရေးအသိအမြင်ရှိသည့် ပညာတတ်များ ပေါ်များရန် လိုအပ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အဆိုပါစီးပွားရေးပညာရပ်နှင့် ဥပဒေပညာရပ်များအား တက္ကသိုလ်များအားလုံးတွင် သင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းပင် ဖြစ်ကြောင်း” မှာကြားထားသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်များကို တိုးချဲ့ဖွင့်ပေးလာခဲ့ရာ ယခုအခါ ဒေသ ၂၄ ခုတွင် တက္ကသိုလ်များဖွင့်လှစ်နိုင်ပြီဖြစ်သည်။ တက္ကသိုလ်ဇုန် ၂၄ ခုတွင် ၁၄ ဇုန်၌ ဥပဒေပညာများ သင်ကြားပို့ချပေးနေပြီး ကျန်တက္ကသိုလ် ဇုန် ၁၀ ခုတွင် ဥပဒေပညာများ သင်ကြားပို့ချပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တက္ကသိုလ်များသည် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို မွေးထုတ်ပေးသည့် နေရာဌာနတစ်ခုဖြစ်ပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် တက္ကသိုလ်မှ သင်ကြားပေးခဲ့သည့်ပညာရပ်များကို အခြေခံ၍ လူမှုဘဝမြှင့်တင်မှုများကို ခံစားရရှိနိုင်သည်။ လူတိုင်းအနေဖြင့် ဥပဒေပညာကို ကျွမ်းကျင်တတ်မြောက်ထားခြင်း မရှိသော်လည်း ဥပဒေပညာကို နားလည်သိရှိထားခြင်းဖြင့် ဥပဒေကိုအသုံးချ၍ လူမှုဘဝမြှင့်တင်မှုများကို ဆောင်ရွက်နိုင်သည်။ အလားတူ စီးပွားရေးပညာကို အသုံးချ၍ လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင် အသုံးပြုနိုင်ပေသည်။

အခြေခံပညာအဆင့် ပညာသင်ကြားရေးတွင် ကျောင်းသား ကျောင်းသူများကို မိဘ၊ ဆရာများက အနီးကပ် ကြပ်မတ်ထိန်းသိမ်းတည့်မတ်ပေးရပြီး တက္ကသိုလ်ပညာအဆင့် သင်ကြားရေးတွင် ကျောင်းသား ကျောင်းသူများကိုယ်တိုင် မိမိတို့ကိုယ်ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းနေထိုင်တည့်မတ်ကြရသည်။ ထို့ကြောင့် ဥပဒေကို အထူးပြုသင်ကြားသည်ဖြစ်စေ၊ အထူးပြု မသင်ကြားရလျှင်လည်း ဥပဒေနှင့် ပတ်သက်၍ လေ့လာလိုက်စားခြင်းဖြင့် မိမိဘဝ၊ မိမိတို့အနာဂတ်ကို ပိုမိုလုံခြုံစိတ်ချ ပိုမိုကောင်းမွန်လာအောင် ဖန်တီးတည်ဆောက်နိုင်မည် ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ဘဝများကို တည့်မတ်ဖြောင့်မှန်အောင် စစ်မှန်သည့်ပညာရပ်နှင့် စစ်မှန်သည့်အသိပညာ၊ အတတ်ပညာများ ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည်ဖြစ်၍ မိမိတို့ဘဝ၊ မိမိတို့နိုင်ငံတိုးတက်ရေးအတွက် ဥပဒေစည်းကမ်းနှင့်အညီ တိုးတက်ရာတိုးတက်ကြောင်း လုပ်ကိုင်နိုင်ရန် ဥပဒေပညာရပ်များအပြင် အထူးပြုရာဘာသာရပ်များအလိုက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးသင်ကြားနိုင်ရေးကို ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါကြောင်း။ ။

# သာပေါင်းမြို့နယ် ကျေးလက်သာသနာပြုဆရာတော်အား နိုင်ငံတော်အစိုးရဂုဏ်ပြုချီးမြှင့်မှု ဒေသခံများထပ်ဆင့်ဂုဏ်ပြုပူဇော်

**သာပေါင်း မေ ၂၇**

ဇန်နဝါရီ ၄ ရက်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပသာသနာပြုဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံတော်မူရသော ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာ အုပ်စု သာသနဝေပုလ္လခါတော်မိကျောင်းတိုက်ဦးစီးပဓာနနာယက၊ တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်/ မြို့နယ်ဝိနည်းဓိုရ် နယ်လှည့်သာသနာပြု အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တကုလနန္ဒက (မဟာသဒ္ဓမ္မဇောတိကဓဇ) အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် စိန်ရတုအကြိုဝိဇာတပူဇော်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါသာသနဝေပုလ္လကျောင်းတိုက် သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိသုတ ညောင်ပင်သာဆရာတော် အမှူးပြုသော သက်တော် ၇၅ နှစ်အထက် ဆရာတော်အပါး ၆၀ နှင့် ၁၀၁ နှစ်ရှိ ဘဒ္ဒန္တသောဘဏ ထူးကြီးဆရာတော်နှင့် ပင့်သံဃာ ၇၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းစုံ ဆက်ကပ်ခြင်း၊ ကရင်အမျိုးသမီးလေးများ(ပရိတ်) ကျင်းပခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းဖြင့် ပူဇော်ပွဲကျင်းပရာသို့ ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးအုန်းမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပုသိမ်လှကြည်**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၅-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၁၀၀ | ၁,၆၉၁ | ၁၅,၄၁၅,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၂၀၀ | ၁,၀၆၁ | ၃,၂၉၅,၅၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၃၆၀ | ၆,၈၄၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၃၈ | ၉၈,၈၀၀ |
| EFR | ၃,၂၀၀ | ၃,၂၀၀ | ၇၈ | ၂၄၉,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၆၄.၇ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၄၁.၂၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၈၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၁.၈၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၄၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၅.၇ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၇၉.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၄၃.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၀.၇၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင်ဆက်လက်လုပ်ဆောင်သွားမည်

ပြည်သူလူထု၏ အကျိုးစီးပွားကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနိုင်မှသာ ပြည်သူလူထုက မိမိတို့အစိုးရအဖွဲ့ကို ယုံကြည်လာမည်ဖြစ်ကြောင်း၊ ပြည်သူလူထု အကျိုးကို ဖော်ဆောင်ပေးရန်နှင့် အာမခံချက်ပေးနိုင်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုအား ဒီမိုကရေစီ အသိ၊ အမြင်နှင့် ဖက်ဒရယ်အသိ၊ အမြင်ရှိအောင် တာဝန်ရှိသူများအနေဖြင့် ရှင်းလင်းပြောကြားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်ခံ၍ မရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အသိအမြင်ရှိရေးတို့ကို မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဆောင်ရွက်နိုင်မှသာ မှတ်ကျောက်တင်ခံရမည့် အစိုးရတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၆-၄-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေစာရင်းသို့ အလှူငွေ လှူဒါန်းသည့် အခမ်းအနားကျင်းပ





**နေပြည်တော် မေ ၂၇**

ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စာရင်းသို့ အလှူငွေ လှူဒါန်းသည့်အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ငွေကျပ်သိန်း ၁၀၀၀ နှင့်အထက် အလှူရှင် ငါးဦး၊ ငွေကျပ်သိန်း ၁၀၀ အလှူရှင် နှစ်ဦးတို့ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင်တစ်ဦးက လှူဒါန်းရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) ကို မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)၌ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်ခဲ့ပါကြောင်း၊ ရန်ပုံငွေထူထောင်ရသည့် ရည်ရွယ်ချက်မှာ ပြည်သူအားလုံးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လျင်မြန်စွာနှင့် လုံလောက်စွာဝယ်ယူရရှိပြီး ထိရောက်စွာအသုံးပြုနိုင်ရန် ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ မတည်ရန်ပုံငွေအဖြစ် ငွေကျပ်သန်း ၁၀၀၀ နှင့် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ထည့်ဝင်ခဲ့ပါကြောင်း၊ ရန်ပုံငွေအား စနစ်တကျသုံးစွဲနိုင်ရေးနှင့် စာရင်းများ စနစ်တကျ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း ရေးဆွဲသတ်မှတ်ပြီး အဆိုပါလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ပုံငွေသို့ ပြည်တွင်း/ပြည်ပ အလှူရှင်များက လွယ်လင့်တကူ လှူဒါန်းနိုင်ရေးအတွက်လည်း လှူဒါန်းနိုင်သည့် နည်းလမ်းများကိုလည်း စီစဉ်ထားပါကြောင်း၊ အလှူငွေများကို နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲများအားလုံးတွင် ငွေသားဖြင့်လည်းကောင်း၊ စာရင်းပြောင်းနည်းလမ်းဖြင့်လည်းကောင်း၊ Mobile Application မှတစ်ဆင့် လည်းကောင်း၊ MPU Card မှတစ်ဆင့် လည်းကောင်း၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ Website မှတစ်ဆင့် လည်းကောင်း လှူဒါန်းနိုင်ကြောင်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နှင့် ၁၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ကြေညာထားပါကြောင်း၊ ရန်ပုံငွေသို့ လှူဒါန်းသည့် အလှူရှင်များစာရင်း၊ မြန်မာကျပ်ငွေ စာရင်းနှင့် နိုင်ငံခြားငွေ စာရင်းလက်ကျန်ငွေများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများတွင် အပတ်စဉ် သတင်းထုတ်ပြန်ကြေညာပေး လျက်ရှိပါကြောင်း။

ရန်ပုံငွေစာရင်း စတင်ဖွင့်လှစ်သည့် ဇန်နဝါရီ ၆ ရက်မှ မေ ၂၃ ရက်အထိ အလှူရှင်များက စုစုပေါင်း လှူဒါန်းငွေကျပ် ၂၉၇၈၄၂၅၀၁၁၅ ဒသမ ၃၉ နှင့် အမေရိကန်ဒေါ်လာ ၃၁၄၀၁၄၉ ဒသမ ၅၃ ရှိသဖြင့် နိုင်ငံတော်မှ ထည့်ဝင်ငွေအပါအဝင် ရန်ပုံငွေစုစုပေါင်း မှာ ငွေကျပ် ၃၀၇၈၄၂၅၀၁၁၅ ဒသမ ၃၉ နှင့် အမေရိကန်ဒေါ်လာ ၂၅၃၁၄၀၁၄၉ ဒသမ ၅၃ ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ Serum Institute of India (SII) Pvt. Ltd. မှထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးဖြစ်သည့် (Covishield) အကြိမ်ရေ သန်း ၃၀ ဝယ်ယူနိုင်ရေးအတွက် ပထမအကြိမ်အဖြစ် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၇၅ သန်းကို ငွေပေးချေပြီးဖြစ်သဖြင့် နိုင်ငံခြားငွေ စာရင်းတွင် အမေရိကန်ဒေါ်လာ ၁၇၈၁၄၀၁၄၉ ဒသမ ၅၃ ကျန်ရှိပါကြောင်း၊ ဇန်နဝါရီ ၆ ရက်မှ မေ ၂၃ ရက်အထိ လှူဒါန်းမှုများအနက် ငွေကျပ်သိန်း တစ်ထောင်နှင့်အထက် အလှူရှင် ၅၆ ဦး၊ ငွေကျပ် သိန်းငါးရာနှင့်အထက်မှ သိန်းတစ်ထောင်အောက် အလှူရှင် ၄၀ ဦး၊ ငွေကျပ်သိန်းတစ်ရာနှင့်အထက် ငွေကျပ်သိန်း ငါးရာအောက် အလှူရှင် ၃၂၅ ဦး၊ ငွေကျပ်တစ်သိန်းနှင့်အထက်မှ ငွေကျပ်သိန်းတစ်ရာ အောက် အလှူရှင် ၆၇၁၆ ဦးနှင့် ငွေကျပ် တစ်သိန်း အောက် အလှူရှင် ၂၉၅၆ ဦး စုစုပေါင်းအလှူရှင် ၁၀၀၉၃ ဦးရှိပါကြောင်း၊ လှူဒါန်းငွေ ကျပ်တစ်သိန်း နှင့် အထက်အား အလှူရှင်များ၏ဆန္ဒအရ ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်လျက်ရှိပါကြောင်း၊ ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်ခဲ့ပြီး ငွေကျပ်သိန်း တစ်ရာနှင့်အထက် အလှူရှင် ရှစ်ဦးကို ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဂုဏ်ပြုမှတ်တမ်းလွှာများ ထုတ်ယူရာတွင် အဆင်ပြေစေရန် ရန်ကုန်တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရုံးချုပ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံးတွင်လည်းကောင်း ထုတ်ပေးရန် စီစဉ်ထားရှိပါကြောင်း၊ လှူဒါန်းငွေများကို ရေးဆွဲသတ်မှတ်ထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဘဏ်စာရင်းတွင်ထားရှိ၍ ကာကွယ်ဆေး ဝယ်ယူရရှိရေးဆိုင်ရာ အသုံးစရိတ်များကိုသာ ပေးချေသုံးစွဲလျက်ရှိပြီး စာရင်းစစ်ဆေးမှုကိုလည်း ခံယူသွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရန် အဓိကလိုအပ်သည့် ဘဏ္ဍာငွေများကို ဝိုင်းဝန်းပါဝင်လှူဒါန်းကြသော ပြည်တွင်း/ပြည်ပ အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအားလုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီမှ အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ် ကုသရေးဗဟိုကော်မတီကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေသို့ အလှူငွေ ပေးအပ်ခြင်းနှင့် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**ရှေ့ဖုံးမှ**

( ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့်အခြေအနေ ရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊ မရှိတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာအရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက် အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည် ထမ်းဆောင်ခွင့်ပြုခြင်း၊

( ခ) ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) သို့မဟုတ် ၅၀၅-က ဖြင့်တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကိုစိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံ့တာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်



**နေပြည်တော် ဧပြီ ၂၇**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သော အင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အဖွင့်အမှာစကားပြောကြားရာ၌ အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရန်အတွက် အရေး၊ အဖတ်၊ အပြော၊ အကျက်အမှတ် လေ့ကျင့်ခြင်းကို လိုချင်စိတ်၊ တတ်ချင်စိတ်နှင့် တက်တက်ကြွကြွ၊ ထက်ထက် သန်သန် များများလုပ်ဆောင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ယခုကဲ့သို့ အင်္ဂလိပ်စာသင်တန်းကို တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ပထမအကြိမ် ဖွင့်လှစ်ပေးခဲ့ပြီး ယခုအကြိမ်သည် ဒုတိယအကြိမ် ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝန်ထမ်းများကို အရည်အသွေးမြှင့်တင်ပေးခြင်းသည် အမြော်အမြင်ကြီးမားသည့် လုပ်ဆောင်ချက်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရန် ပူးပေါင်းဆောင်ရွက်ခွင့်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ ပြန်ကြားရေး ဝန်ကြီးဌာနမှ သင်တန်းသား ၃၀ တက်ရောက်ကြပြီး တစ်ပတ်လျှင် သင်တန်းနှစ်ချိန်ဖြင့် ရှစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ဝန်ကြီးဌာနလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



**နေပြည်တော် ဧပြီ ၂၇**
ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူပိုင်ခွင့်ဥပဒေဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ပြည်တွင်း ကုန်စည်စီးဆင်းမှုအခြေအနေများနှင့်ပတ်သက်၍ အပတ်စဉ် ကျင်းပသည့် ဝန်ကြီးဌာနတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကား ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ရှေးဦးစွာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် ဥပဒေ၊ နည်းဥပဒေဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းရေးရာနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဦးစီးဌာနများမှ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအနေဖြင့် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်စေရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို Time Frame ထားရှိ ဆောင်ရွက်ကြရန်နှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးစီးဌာနများရှိ လက်အောက်ဝန်ထမ်းများကိုလည်း မိမိဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို သိရှိနိုင်စေရေး အသိပေးရန်တို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တက်ရောက်**

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် “Training Course On Food Processing” စီမံကိန်း၏ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဧပြီ ၂၇**
ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် ရည်ရွယ်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသက်မွေးဝမ်းကျောင်းပညာရပ်များကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် “Training Course On Food Processing” စီမံကိန်း၏ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူ ၁၀ဦးတက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတာဝန်ခံက သင်တန်းနှင့်ပတ်သက်သည့် စည်းကမ်းချက်များနှင့် သင်ကြားမည့် ဘာသာရပ်များအား ရှင်းလင်းပြောကြားပြီး သင်တန်းသား သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကြသည်။

သင်တန်းတွင် ရေခဲချောင်း၊ ရေခဲမုန့်နှင့် Milkshake အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးယို အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးဖျော်ရည် အမျိုးမျိုး ပြုလုပ်ခြင်း၊ သစ်သီးဝိုင်များပြုလုပ်ခြင်း၊ တာရှည်ခံသစ်သီးနှင့် သီးနှံခြောက်အမျိုးမျိုးပြုလုပ်ခြင်း၊ သစ်သီးဆော့စ်များပြုလုပ်ခြင်းများနှင့် အစားအစာဘေးကင်းလုံခြုံရေးဆိုင်ရာ ဘာသာရပ်များကို အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရှိ သင်တန်းနည်းပြများက ဧပြီ ၂၆ ရက်မှ မေ ၂ ရက်အထိ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့က အမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင် ဆွေးနွေးကြပါလေ။**

# ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**
ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။




### ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့

ရှေးဦးစွာ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ခြင်းလုပ်ငန်းစဉ်တွင် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးနှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ လိုအပ်သလို ပြန်လည်သုံးသပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ဆောင်ရွက်နိုင်ရန် ဤကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏(၁-၄-၂၀၂၁) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၇/၂၀၂၁)ဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ကော်မတီဝင်များအနေဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး မိမိတို့ကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ ခွင့်ပြု၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများ စေလွှတ်ခွင့်ပြုပေးလျက်ရှိရာ လက်ရှိတွင် ထိုင်း၊ မလေးရှား၊ ကိုရီးယား၊ ဂျပန်၊ စင်ကာပူ၊ ယူအေအီး၊ ကာတာ၊ မကာအို၊ ဂျော်ဒန်နိုင်ငံများသို့ အများဆုံးသွားရောက် အလုပ်လုပ်ကိုင်လျက်ရှိကြပြီး ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ် မတ်လအထိ ၁၃၂၀၉၁၄ ဦး ပြည်ပနိုင်ငံများသို့ စေလွှတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ် မတ် ၁၈ ရက်မှစ၍ ရပ်ဆိုင်းထားခဲ့သော်လည်း ပြည်ပနိုင်ငံများ၏ အလုပ်သမားခေါ်ယူလိုမှုအခြေအနေအရ ကိုဗစ်-၁၉ ကာလအတွင်း ဂျပန်နိုင်ငံသို့ ၄၁၆၉ ဦးနှင့် ကိုရီးယားနိုင်ငံသို့ ၂၂၅ ဦး စေလွှတ်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် စင်ကာပူနိုင်ငံကလည်း အလုပ်သမားခေါ်ယူလိုကြောင်း Demand Letter များ ပေးပို့ကမ်းလှမ်းလာသည့်အတွက် ၂၀၂၁ ခုနှစ် ဧပြီ ၁၁ ရက်တွင် အလုပ်သမား ၂၅ ဦးကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စေလွှတ်ခွင့်ပြုခဲ့ပါကြောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်မှစ၍ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်)နှင့် (မန္တလေး)တို့၌ အခမဲ့ဖွင့်လှစ်၍ သက်ဆိုင်ရာ နိုင်ငံများနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့် အချက်အလက်များ၊ အလုပ်သမားရေးရာဥပဒေများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း စသည်တို့ကို သင်ကြားပို့ချပေးလျက်ရှိရာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှစ၍ ယင်းလမ်းညွှန်သင်တန်းဖွင့်လှစ်ခြင်းကို ယာယီရပ်ဆိုင်းထားခဲ့ပါကြောင်း။

### တိုးမြှင့်သတ်မှတ်ဆောင်ရွက်ခဲ့

ဝန်ကြီးဌာနအနေဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဆောင်ရွက်နိုင်ရန်၊ အမှန်တကယ်လုပ်ငန်းကို စိတ်ဝင်စားပြီး ထိရောက်အကျိုးရှိစွာ လုပ်ဆောင်သည့် အေဂျင်စီများဖြစ်လာစေရန်၊ အမည်ခံဆောင်ရွက်သည့် အေဂျင်စီများ လျော့နည်းသွားစေရန်တို့အတွက် လိုင်စင်အာမခံကြေးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၄ ရက်မှစတင်၍ ယခင်ငွေကျပ်သိန်း ၅၀ အစား ကျပ်သိန်း ၂၅၀ သို့ တိုးမြှင့်သတ်မှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်း ၁၃ ခုသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးတို့အား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် တပ်မတော်(ရေ)မှ စစ်ရေယာဉ်သုံးစင်းဖြင့် မလေးရှားနိုင်ငံ လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းမှလည်းကောင်း၊ အိန္ဒိယနိုင်ငံရောက် မြန်မာနိုင်ငံသား ၇၀ ကို မတ် ၁၀ ရက်တွင် တပ်မတော် (ရေ)မှ စစ်ရေယာဉ်ဖြင့်လည်းကောင်း ပြန်လည်ခေါ်ဆောင်ခဲ့ရာ မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများသည် အဆိုပါ ရေယာဉ်များဖြင့်လိုက်ပါ၍ လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် လုပ်ကိုင်နေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနက် ပြည်ဝင်ခွင့်ဗီဇာသက်တမ်းလေးနှစ်ပြည့်ပြီးသည့် အလုပ်သမားများကို မြန်မာနိုင်ငံသို့ပြန်ရန်မလိုဘဲ ထိုင်းနိုင်ငံအတွင်း၌ သက်တမ်းငါးနှစ်ရှိသည့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်အသစ်ထုတ်ပေးပြီး သက်တမ်းတိုးလုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရေးနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity – CI) ကိုင်ဆောင်သူများအား CI သက်တမ်းတိုးခြင်းနှင့် ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်ပြား (OWIC) ထုတ်ပေးရေးစခန်းငါးခုဖွင့်လှစ်နိုင်ရေးတို့အတွက် နှစ်နိုင်ငံအစိုးရအကြား ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ်များနှင့်ပတ်သက်၍ “မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများ ညှိနှိုင်းအစည်းအဝေး”ကို ဧပြီလကုန်တွင် Virtual ဖြင့် ကျင်းပရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကြမည့် မြန်မာအလုပ်သမားများအတွက် ကောင်းမွန်သော အကြံကောင်းဉာဏ်ကောင်းများဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ကော်မတီပြင်ဆင်ဖွဲ့စည်းမှုအခြေအနေနှင့် လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရငွေ၊ သုံးငွေ၊ လက်ကျန်ငွေ စာရင်းရှင်းတမ်းတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ကော်မတီဝင်များက ကော်မတီ၏လုပ်ငန်းတာဝန်များ အောင်မြင်ရေးနှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေစေရေးတို့အတွက် ဝန်ကြီးဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အကြံပြုချက်များကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်ပရောက် မြန်မာအလုပ်သမားများ အကျိုးအတွက် လိုအပ်ချက် များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး မိုင်းဆတ်-တာချီလိတ်လမ်း (မိုင်းဆတ်ခရိုင်အပိုင်း) ကွန်ကရစ်လမ်းခင်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၇**
ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှူး ဗိုလ်မှူးကြီးသော်ဇင်ဦးနှင့်အတူ မေ ၂၆ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့တွင်းလမ်းများအခြေအနေကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန မိုင်းဆတ်ခရိုင်မှ တာဝန်ယူဆောင်ရွက်နေသော မိုင်းဆတ် – တာချီလိတ်လမ်းအပိုင်း လက်ရှိလမ်းအခြေအနေနှင့် ကွန်ကရစ်လမ်းခင်းပြီးအပိုင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။



စစ်ဆေးတွေ့ရှိမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မိုင်းဆတ် – တာချီလိတ်လမ်းသည် နယ်စပ်မြို့တို့ကို ဆက်သွယ်သည့် အရေးပါသော လမ်းတစ်လမ်းဖြစ်ပါကြောင်း၊ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် လမ်း၊ တံတားများကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ အတက်/ အဆင်း၊ အကွေ့/ အကောက်များသည့် တောင်ပေါ်လမ်းဖြစ်၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်းကွေ့များချဲ့ပေးရန်၊ လမ်းညွှန်သတိပေးဆိုင်းဘုတ်များ သတ်မှတ်ချက်နှင့်အညီ စိုက်ထူရန်နှင့် လမ်းပေါ်သို့ ရေစီးဆင်းမှုမရှိစေရေး လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ထားရှိရန်တို့ကိုမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် တာချီလိတ်မြို့သို့ရောက်ရှိပြီး တာချီလိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ်(၂) ကြံ့ခိုင်မှုအခြေအနေ၊ နှစ်နိုင်ငံလမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်စည်စီးဆင်းမှုနှင့် ပို့ဆောင်ရေးလွယ်ကူအဆင်ပြေစေရန် မြန်မာဘက်ခြမ်း တံတားပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှောင်လမ်း ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၂)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးသန့်ဇင်က မြို့ရှောင်လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲလင်းက တာချီလိတ်မြို့ရှောင်လမ်းအရှည် ၆ ဒသမ ၄ ကီလိုမီတာ၊ လမ်းအကျယ် ခုနစ်မီတာအား ဘဏ္ဍာနှစ်အလိုက် မြေသားလမ်း၊ အမာခံလမ်း၊ ဒုအခြေခံလွှာခင်းခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို အပိုင်းလိုက် ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် မြေယာကိစ္စ ညှိနှိုင်းဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က မြေယာလျော်ကြေးငွေပေးအပ်ပြီးစီးမှုဆောင်ရွက်ရန် ကျန်အခြေအနေ၊ မြေပိုင်ရှင်များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

### အလေးထားဆောင်ရွက်

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက တာချီလိတ်မြို့ရှောင်လမ်းပေါ်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်သော တံတားအပိုင်းကို အချိန်မီပြီးစီးရေးနှင့် အရည်အသွေးပြည့်မီအောင် အလေးထားဆောင်ရွက်ရန်လိုပါကြောင်း၊ သတ်မှတ်လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများ၊ မြေယာလျော်ကြေးကိစ္စရပ်များ ရှင်းလင်းနိုင်ရေးအတွက် ရှမ်းပြည်နယ် စီမံ အုပ်ချုပ်ရေးကောင်စီသို့ တင်ပြဆောင်ရွက်ရန်နှင့် မိမိအဖွဲ့များမှ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မြို့ရှောင်လမ်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မကြာမီလာမည် . . . မျှော်

မိုးဦးဝေ

ရှေးယခင် မြန်မာရုပ်ရှင် ခေတ်ကောင်းတုန်းက ရုပ်ရှင်ရုံတွေ၊ မြို့လယ် လမ်းဆုံလမ်းခွ ထင်သာမြင်သာရှိတဲ့နေရာတွေ၊ အရပ်တကာကို ကြော်ငြာဆိုင်းဘုတ်ထောင်ပြီး လှည့်လည်ကြတဲ့ယာဉ်တွေနဲ့ ရုံတင်ပြသမယ့် ရုပ်ရှင်ဇာတ်ကားသစ်တွေ ကြော်ငြာကြတာကို သိမီလိုက်သူတွေ သိကြမှာဖြစ်ပါတယ်။ အပြင်ဘက်မှာပြမယ့်ရုပ်ရှင်ကို ကြော်ငြာသလို ရုပ်ရှင်ရုံကြီးတွေမှာလည်း ရုပ်ရှင်ဇာတ်ကားကြီးမပြမီ မကြာမီပြသတော့မယ့် ရုပ်ရှင်ဇာတ်ကားသစ်တွေရဲ့ ဇာတ်လမ်းအပိုင်းအစလေးတွေကို ပြလေ့ရှိပါတယ်။ ကောင်းခန်းလေးတွေကိုပြပြီးတဲ့အခါမှာ “မကြာမီလာမည် . . .မျှော်” ဆိုတဲ့ စာတန်းထိုးပြီး ပရိသတ်ကို ဆွဲဆောင်ကြော်ငြာကြပါတယ်။

### ပေါ်မလာဇာတ်ကား

ပရိသတ်တွေကို အမြည်းကျွေးထားတဲ့ “မကြာမီလာမည် . . . မျှော်” ဆိုတဲ့ ဇာတ်ကားတွေ အများစုဟာ ရက်သတ္တပတ်များ မကြာမီအတွင်း ရုပ်ရှင်ရုံကြီးရဲ့ ပိတ်ကားပေါ်ကို ရောက်လာကြပါတယ်။ ဒါပေမဲ့ တစ်ခါတစ်ရံ ဇာတ်ကား တစ်ကားတလေဟာ မျှော်သာမျှော် “ပေါ်မလာ ဇာတ်ကား” ဖြစ်သွားတတ်တာလည်း ရှိခဲ့ဖူးပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ကာလများအတွင်းက မြန်မာပြည်မှာ ရိုက်ကူးခဲ့တဲ့ “ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်” ဇာတ်ကားကြီးဟာ နှစ်အချိန်ကြာစွာ၊ ငွေကြေးသန်းပေါင်းများစွာ အကုန်အကျခံ ရိုက်ကူးခဲ့သော်လည်း မကြာမီလာမည် . . . မျှော် ဆိုတဲ့ ကြော်ငြာအနည်းငယ်သာ ကြည့်လိုက်ရပြီး ပေါ်မလာဇာတ်ကားဖြစ်ခဲ့ပါတယ်။

မျက်မှောက်ကာလ ဒီမိုကရေစီ ရေချိန်တက်နေတဲ့အခါမှာ CRPH ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီက ဒီမိုကရေစီရုပ်ရှင်ဇာတ်ကားအမျိုးမျိုးကို ပရိသတ်အကြိုက် ဖန်တီးလျက်ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီက ဇာတ်လမ်းဇာတ်ကွက် နမူနာပင်မပြပေးဘဲ ပရိသတ်အကြိုက် ဇာတ်လမ်းတွေကို လေထဲမှာဖန်တီးလို့ “မကြာမီလာမည် . . . မျှော်” ဆိုပြီး ခဏခဏ ကြော်ငြာပေးနေတာ တွေ့ရပါတယ်။ ပရိသတ်ဆန္ဒနဲ့ တစ်ထပ်တည်းကျမယ့် ဇာတ်လမ်းဇာတ်ကွက်တွေကို ဖန်တီးပြီး ကြော်ငြာပေးမယ့်လည်း နောက်ဆုံးမှာ “ပေါ်မလာ ဇာတ်ကား”သာ ဖြစ်သွားတာကို တွေ့ရပါတယ်။ ပရိသတ်တွေဟာ ကြည့်လိုတဲ့ဆန္ဒ ပြင်းပြလွန်းတာကြောင့် မရေရာ မသေချာမှန်းသိလျက်နဲ့ လာနိုးလာနိုး မျှော်ကိုးပြီး ‘မြန်မြန်ပြပါတော့’ ဟုသာ မျှော်လင့်နေရပါတော့တယ်။

### ရပေါက်ရလမ်းရှာ

CRPH ရုပ်ရှင်ကုမ္ပဏီက ကြော်ငြာခဲ့တဲ့ ဇာတ်ကားအမျိုးမျိုးအနက် ပြီးခဲ့တဲ့ မတ်လ နောက်ဆုံးအပတ်က ကြော်ငြာခဲ့တဲ့ဇာတ်ကား သစ်ဟာ ပရိသတ်တွေ အထူးစိတ်ဝင်စားနေတဲ့ “နွေဦးတော်လှန်ရေး” ဇာတ်ကားကြီး ဖြစ်ပါတယ်။ ဒီဇာတ်ကားအတွက် အစောပိုင်းကတည်းက ဇာတ်လမ်းဇာတ်ကွက်အမျိုးမျိုး ဖန်တီးထားတဲ့အတွက် နွေဦးတော်လှန်ရေး ဇာတ်ကားလို့ဆိုလိုက်တာနဲ့ ပရိသတ်ရဲ့စိတ်ဝင်စားမှုဟာ ချက်ချင်းမြင့်တက်လာခဲ့ပါတယ်။ ဒီဇာတ်ကားကို တစ်ပတ်အတွင်း မကြာမီလာမည် ကြော်ငြာလိုက်ရုံနဲ့ အမေရိကန်ဒေါ်လာ ၁၀ သန်းနီးပါး ရတယ်လို့ ကြော်ငြာလိုက်တာဟာ ဟောလိဝုဒ်က ကမ္ဘာကျော် ရုပ်ရှင်တွေရိုက်ကူးကြတဲ့ ရုပ်ရှင်ကုမ္ပဏီတွေတောင် ထိုင်ငိုရမယ့်အပေါက် ဖြစ်ခဲ့ရပါတယ်။

အမှန်တကယ်တော့ CRPH အနေနဲ့ မပြသေးတဲ့ဇာတ်ကားအတွက် ကြိုတင်လက်မှတ်ရောင်းထားလေဟန် အလံရှူးလုပ်ထားခြင်းသာဖြစ်ပါတယ်။ CRPH ဟာ ကုမ္ပဏီ စထောင်ကတည်းက တော်လှန်ရေးဇာတ်ကားတွေ ရိုက်ဖို့အတွက် အမေရိကန်(NED) ကုမ္ပဏီကြီးဆီက ထောက်ပံ့ကြေးတောင်းခဲ့ပေမယ့် ထင်သလိုဖြစ်မလာတော့ မတ်လ အစောပိုင်းကတည်းက “ပရိသတ်အကြိုက် ဇာတ်ကားကြီးလာတော့မယ်၊ ကြိုတင်လက်မှတ်တွေ ဝယ်ထားမှ စိတ်ချရမယ်” လို့ လေသံပစ်ပြီး ရပေါက်ရလမ်းရှာခဲ့တာ ဖြစ်ပါတယ်။

**တကယ်တမ်းမှာ “မကြာမီလာမည် . . . မျှော်” ဆိုတဲ့ နွေဦးတော်လှန်ရေး ရုပ်ရှင်ဇာတ်ကားဟာ ထောက်ပံ့ကြေးလည်းမရ၊ ဇာတ်ကွက်လည်း မဖော်နိုင်တဲ့အပြင် ဇာတ်လမ်းအစတောင် ရိုက်နိုင်ခဲ့တာ မဟုတ်ပါဘူး။ ဒါ့ကြောင့် အခုတစ်ခါ တစ်မျိုးတစ်ဖုံ ကြော်ငြာရပြန်ပါတယ်။ ဇာတ်လမ်းဖန်တီးသူ မင်းကိုနိုင် အပြောကတော့ ရှင်းလှပါတယ်။ “မိုးပေါ်ကရေက သူရှာချင်ရင် ရွာမယ်၊ မရွာသေးရင်လည်း စောင့်ရမယ်။ ထိုင်ပြီး စောင့်နေလို့တော့ မရပေ။ သေချာတဲ့ မြေအောက်ရေကို ကိုယ်တိုင်တူးပြီး ရှာရပေမည်”လို့ လုပ်ပြန်ပါတယ်။ တစ်ခုမရတော့တစ်ခု ရွှေညဏ်တော်ဆင်ကာ ဇာတ်လမ်းဆက်လက်ရိုက်ကူးရေး အကြံထုတ်ကြပြန်ပါတယ်။**

### ဒေါ်လာငွေတွေ မဆုံးစေဖို့

ဒီအကြောင်းအရာတွေဟာ CRPH ရဲ့ “မျောက်ပြဆန်တောင်း” အလှူငွေ ရှာပုံရှာနည်းကို ထင်သာမြင်သာဖြစ်အောင်လို့ ရုပ်ရှင်ကြော်ငြာ ကြော်ငြာပုံနည်းနဲ့ ဥပမာပေး တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုတင်ပြလိုက်ရတဲ့အတွက် မြန်မာပရိသတ်တွေကို မထီလေးစား ပြုလုပ်ရာရောက်ပါက အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါတယ်။ အမှန်တကယ်တော့ ဒီဇာတ်ကားဟာ ပေါ်မလာဇာတ်ကားသာ ဖြစ်ပါတယ်။ ပရိသတ်တွေ ကြိုတင်ဝယ်ယူထားတဲ့ ငွေဒေါ်လာအသပြာငွေတွေ မဆုံးရှုံးစေဖို့ အမုန်းခံ တင်ပြရခြင်း ဖြစ်ပါတယ်။

တကယ်တမ်းမှာ “မကြာမီလာမည် . . . မျှော်” ဆိုတဲ့ နွေဦးတော်လှန်ရေးရုပ်ရှင်ဇာတ်ကားဟာ ထောက်ပံ့ကြေးလည်းမရ၊ ဇာတ်ကွက်လည်း မဖော်နိုင်တဲ့အပြင် ဇာတ်လမ်းအစတောင် ရိုက်နိုင်ခဲ့တာ မဟုတ်ပါဘူး။ ဒါ့ကြောင့် အခုတစ်ခါ တစ်မျိုးတစ်ဖုံ ကြော်ငြာရပြန်ပါတယ်။ ဇာတ်လမ်းဖန်တီးသူ မင်းကိုနိုင် အပြောကတော့ ရှင်းလှပါတယ်။ “မိုးပေါ်ကရေက သူရွာချင်ရင် ရွာမယ်၊ မရွာသေးရင်လည်း စောင့်ရမယ်။ ထိုင်ပြီးစောင့်နေလို့တော့ မရပေ။ သေချာတဲ့ မြေအောက်ရေကို ကိုယ်တိုင်တူးပြီး ရှာရပေမည်”လို့ လုပ်ပြန်ပါတယ်။ တစ်ခုမရတော့ တစ်ခု ရွှေညဏ်တော်ဆင်ကာ ဇာတ်လမ်းဆက်လက် ရိုက်ကူးရေး အကြံထုတ်ကြပြန်ပါတယ်။

### ရပ်ကွက်ထဲက အလှူခံလို

ရွှေညဏ်တော်ဟာ မြန်မာနိုင်ငံသားတွေကို တစ်ဦးလျှင် တစ်လ နှစ်ဒေါ်လာစီ ကြိုတင်လက်မှတ်ဝယ်ယူရေးဖြစ်ပါတယ်။ မြန်မာပြည်က ပြည်သူ၊ ပြည်သားတွေကို မြှောက်ပင့်ပေးပြီး ပြည်သူတွေက ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်စရိတ်ကိုယ်ခံ၊ ကိုယ့်ဆန္ဒနဲ့ကိုယ် ကိုယ်တိုင်အနစ်နာခံ စွန့်စားလှုပ်ရှားနေကြတာကို အသုံးချပြီး အချောင်ရပေါက်ရှာ အသုံးချခဲ့တာဖြစ်ပါတယ်။ သူတို့အလှူခံကြတာဟာ ကျွန်တော်တို့ရပ်ကွက်ထဲမှာ အဆင့်မြင့်မြင့် အလှူခံကြသလို စေတနာရှိရင် နှစ်ဒေါ်လာမက ဒေါ်လာတစ်ရာဖြစ်စေ၊ စေတနာရှိရင် စေတနာရှိသလောက် လှူနိုင်ပါတယ်လို့ တစ်ပြားသားမှမလျှော့ဘဲ အလှူခံကြပါတယ်။

မင်းကိုနိုင် ဇာတ်ညွှန်းရေးသားပြီး CRPH က ရိုက်ကူးမယ့်ဇာတ်ကားတွေဟာ တကယ်တမ်းကြည့်ရမယ့် ဇာတ်ကားတွေတော့ မဟုတ်ပါဘူး။ လေထဲမှာ တိုက်ဆောက်တဲ့ဇာတ်ကားတွေ၊ စိတ်ကူးယဉ်သမ္ဘတ၊ အစိုးရ ဇာတ်လမ်းတွေ၊ သကြံန်အမြောက်ဖောက်တဲ့ ဇာတ်လမ်းတွေသာဖြစ်ပါတယ်။ အလံရှူးတွေနဲ့ပေါင်းပြီး နောက်ဆုံးမှာ ဆေးရောင်းကာ ပရိသတ်ကို လှည့်စားသွားတဲ့ မျက်လှည့်ပွဲနဲ့ တူပါတယ်။ CRPH ရဲ့ ရန်ပုံငွေရှာကြော်ငြာပုံက–

“မြန်မာ့မြေပေါ်မှ လက်နက်အားကိုး အနိုင်ကျင့်တဲ့ စစ်အာဏာရှင်စနစ် အမြစ်ဖြုတ်ဖယ်ရှားပြီး တိုင်းရင်းသားသွေးချင်းတို့ရဲ့ ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို တက်လှမ်းနိုင်မယ့် အခွင့်အခါကောင်း၌ မိမိတတ်နိုင်တဲ့အင်အားနဲ့ ဆက်လက်၍ တက်ညီလက်ညီ ရုန်းကန်တိုက်ပွဲဝင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်” ဆိုပြီး အစချီထားပါတယ်။

### ထည့်ဝင်လှူဒါန်းနိုင်

ထိုကဲ့သို့ ရုန်းကန်တိုက်ပွဲဝင်ရာတွင် CRPH အနေနဲ့လည်း ပြည်သူနဲ့တစ်သားတည်းရှိပြီး ပြည်သူရဲ့ဆန္ဒတွေ၊ အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေ လုပ်ဆောင်ဖို့ အလှူငွေတွေ လိုအပ်လျက်ရှိပါတယ်။ ဒါ့ကြောင့် CDM လုပ်ဆောင်နေတဲ့ ဝန်ထမ်းတွေကို ကူညီနိုင်ရေးအပါအဝင် CRPH လုပ်ငန်းစဉ်တွေအားလုံး အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ပြီး နိုင်ငံရေးရည်မှန်းချက် (၄)ရပ်ကို ဖြစ်နိုင်ခြေရှိသော နည်းလမ်းပေါင်းစုံနဲ့ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အလှူငွေတွေကို ပြည်သူ့ဂုဏ်ရည်အသင်းမှတစ်ဆင့် ဤအလှူခံစာမျက်နှာတွင် ထည့်ဝင်လှူဒါန်းနိုင်ပါတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံနဲ့ ပြည်သူတွေအားလုံးရဲ့ အနာဂတ်ရာစုနှစ်ပေါင်းများစွာကို ပြောင်းလဲသွားစေမယ့် ဤအလှူတွင် မိတ်ဆွေများအားလုံးက တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ကြပါရန် နှိုးဆော်လိုက်ရပါတယ်ဟု မတ်လလယ်ခန့်က ကြော်ငြာခဲ့ပါတယ်။ နောက်အပတ် မတ်လကုန်အထိ အမေရိကန်ဒေါ်လာ ၁၀ သန်းရပြီဟု အလံရှူးလုပ်ကာ ကြော်ငြာခဲ့ပါတယ်။ အလှူငွေဒေါ်လာတွေ ရတာတော့အမှန်ပါပဲ။ စာရင်းမရှိ၊ အင်းမရှိ၊ ဘာလုပ်လို့ ဘာလုပ်မှန်းမသိတဲ့ မြန်မာနိုင်ငံသားတွေလှူတဲ့ ဒေါ်လာငွေတွေကို ဘာဆက်လုပ်ကြသလဲဆိုတာ သူတို့တွေသာ အသိဆုံးဖြစ်ပါတယ်။ Soros တို့လို၊ NED တို့လို အနောက်အုပ်စုအစိုးရလက်ဝေခံတွေဆီက အလှူငွေတွေ ရ/မရ လည်း မြန်မာနိုင်ငံက ပြည်သူတွေ မသိကြပါဘူး။

စာမျက်နှာ ၇ သို့ ❖

**ယခင်က မြန်မာပြည်က ပြည်ပြေးတွေဟာ ပြည်ပက အထောက်အပံ့ကောင်းတွေရဖို့အတွက် မျောက်ပြ ဆန်တောင်းကြတယ်လို့ ကြားဖူးပါတယ်။ ပြည်ပက အထက်ပါ ဆရာကြီးတွေထံကလည်း အလှူငွေတွေ ရခဲ့ကြပါတယ်။ အလှူငွေတွေရသော်လည်း နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ နီးပါး ကြာတဲ့တိုင်အောင် “အာဏာရှင်ဇာတ်သိမ်း” ဇာတ်ကားကို အစအနလေးတောင် မရိုက်နိုင်ခဲ့ပါဘူး။ ရှေ့ကဆရာတွေက ယုံကြည်အောင် လုပ်မပြနိုင်တော့ နောက်ဆရာတွေလည်း အလှူငွေတွေ လွယ်လွယ်ကူကူ မရနိုင်တော့ပါဘူး။ ဒါကြောင့် အခုခေတ်သစ် မြန်မာပြည်ပြေးတွေရဲ့ ငွေရှာပုံဟာ မျောက်ပြ ဆန်တောင်း မဟုတ်တော့ဘဲ ပရိသတ်ကို မျက်လှည့်ပြပြီး ငွေရှာတဲ့လှည့်စားနည်းကို သုံးရတာပဲ ဖြစ်ပါတယ်။**

# နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းများသုံးသပ်ညှိနှိုင်းရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၇**

လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုသည် လူတစ်ဦးတစ်ယောက်ချင်းစီကို ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်ပါကြောင်း၊ လူမှုရေးရာဖြစ်သည့် အားလျော်စွာ ကျယ်ပြန့်သောကဏ္ဍအလိုက် ဝန်ဆောင်မှုများအတွက် စိန်ခေါ်မှုများရှိနေပါကြောင်း၊ အခက်အခဲများ ဖြေရှင်းပေးနေရသည့်အတွက် လုပ်ဆောင်မှုများ အားကောင်းရန်လိုအပ်ပါကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးကို ဖြန့်ကြက်လွှမ်းခြုံနိုင်မှုရှိစေရန် Case Manager များ များစွာ ဆက်လက်မွေးထုတ်ရန် လိုအပ်ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် ဖြစ်ရပ်စီမံခန့်ခွဲသူများကို လိုအပ်သည့်ပံ့ပိုးမှုများ လုပ်ပေးရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ပြောကြားသည်။

**ပြောကြားခဲ့ခြင်း**

ယနေ့မွန်းလွဲပိုင်းက ကျင်းပသော နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ Nationwide Case Management Supervision Unit (NCMSU) ၏ လုပ်ငန်းများ သုံးသပ်ညှိနှိုင်းရေး အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ အစည်းအဝေးသည် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်အတွက် နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit–NCMSU) နှင့် ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် ပြုလုပ်သည့် အစည်းအဝေး ဖြစ်ပါကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ် လူမှုရေးဆိုင်ရာပြဿနာများ ဖြေရှင်းရာတွင် စနစ်တကျ လေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းသမားများ၏ အကူအညီဖြင့် ရပ်ရွာအတွင်းရှိ အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြု၍ စီမံခန့်ခွဲနေခြင်းဖြစ်ပါကြောင်း၊ ဖြစ်ရပ်စီမံခန့်ခွဲသူများအနေဖြင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုစနစ်တကျ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး စံလုပ်ငန်းလမ်းညွှန်ကို ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ် ကိစ္စရပ်များသာမက ကျား/မ အခြေပြု အကြမ်းဖက်ဖြစ်ရပ်များကိုပါ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်ကို ပြင်ဆင်ဖြန့်ဝေခဲ့ပါကြောင်း။

**ဖြေရှင်းဆောင်ရွက်ပေးနိုင်**

လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုဖြစ်စဉ် အားကောင်းစေရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆက်စပ်ဌာနဆိုင်ရာများ၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဆောင်ရွက်နေကြသော မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်ရပ်စီမံခန့်ခွဲမှုများ စတင်ဆောင်ရွက်ချိန်မှ ယခုချိန်ထိခြောက်နှစ်တာကာလအတွင်း ကလေးသူငယ်ဖြစ်ရပ်ပေါင်း ၃၃၆၀ ကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါဖြစ်ရပ်များအနက် ဥပဒေနှင့်ရင်ဆိုင်နေရသော ကလေးသူငယ်ဖြစ်ရပ် ၁၄၆၆ ခုနှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်ခြင်းခံရသောဖြစ်ရပ် ၁၁၆၈ ခု အပါအဝင် အခြား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၏ ဖြစ်စဉ်များကိုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် ဖြစ်ရပ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များသည် အထူးအလေးထားဆောင်ရွက်ရမည့် ကိစ္စများဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့်လည်း ကလေးသူငယ်များ၏ ဖြစ်စဉ်အပေါ်မူတည်၍ အခြားသော သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မူဝါဒပိုင်းဆိုင်ရာ ချိတ်ဆက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (National Committee on the Rights of the Child–NCRC) ၏ လုပ်ငန်းတာဝန်များနှင့်အညီ အခြားသော ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများ၏ စွမ်းဆောင်ရည် ပိုမို တိုးတက်စေရန်လည်း ပုံမှန်သင်တန်း၊ မွမ်းမံသင်တန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လုပ်ငန်းဆောင်ရွက်မှုများရဲ့ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ စုစည်းရရှိနိုင်ရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းယန္တရားအောက်တွင် ကြီးကြပ်စီမံမှုများ ပြုလုပ်နိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲရေး လုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ (Nationwide Case Management Supervision Unit – NCMSU) ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၈ ရက်တွင် ဖွဲ့စည်းထားပြီးဖြစ်၍ ဆက်လက်ပြီး လုပ်ငန်းများ အကောင်အထည်ဖော်မှု အားကောင်းစေရန်ချိတ်ဆက်ဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန် အစည်းအဝေးတက်ရောက်လာသူများကလည်း လုပ်ငန်းလိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူက “နိုင်ငံတစ်ဝန်းလုံးရှိ လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲရေးလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ Nationwide Case Management Supervision Unit (NCMSU)” ၏ လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာတွင် ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစတင်ဖြစ်ပေါ်လာပုံ၊ NCMSU ဌာနစုအနေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းစဉ်များ၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သောကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုစသည့် မတူကွဲပြားသည့် ဦးတည်အုပ်စုများအလိုက်၊ ဥပဒေနှင့် ငြိစွန်းသော Case၊ ဥပဒေနှင့် ငြိစွန်းသော Case စသည့် ဖြစ်ရပ်အမျိုးအစားများအလိုက် ဆောင်ရွက်ပေးနိုင်မှုများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ သတင်းအချက်လက်များ တစုတစည်းတည်း စုစည်းဆောင်ရွက်နိုင်ရေး ဦးစီးဌာနမှ ဆောင်ရွက်မည့် Social Welfare Management Information System (SMIS) လူမှုရေးသတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများက ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လတ်တလော ဆောင်ရွက်နိုင်မှုအခြေအနေများကိုတင်ပြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်ချက်များအလိုက် ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ **စာမျက်နှာ ၆ မှ**

**မျက်လှည့်ပြငွေရှာနည်း**

ယခင်က မြန်မာပြည်က ပြည်ပြေးတွေဟာ ပြည်ပက အထောက်အပံ့ကောင်းတွေ ရဖို့အတွက် မျောက်ပြ ဆန်တောင်းကြတယ်လို့ကြားဖူးပါတယ်။ ပြည်ပက အထက်ပါဆရာကြီးတွေထံကလည်း အလှူငွေတွေ ရခဲ့ကြပါတယ်။ အလှူငွေတွေ ရသော်လည်း နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ နီးပါး ကြာတဲ့တိုင်အောင် “အာဏာရှင်ဇာတ်သိမ်း” ဇာတ်ကားကို အစအနလေးတောင် မရိုက်နိုင်ခဲ့ပါဘူး။ ရှေ့ကဆရာတွေက ယုံကြည်အောင် လုပ်မပြနိုင်တော့ နောက်ဆရာတွေလည်း အလှူငွေတွေ လွယ်လွယ်ကူကူ မရနိုင်တော့ပါဘူး။ ဒါကြောင့် အခုခေတ်သစ် မြန်မာပြည်ပြေးတွေရဲ့ ငွေရှာပုံဟာ မျောက်ပြ ဆန်တောင်း မဟုတ်တော့ဘဲ ပရိသတ်ကို မျက်လှည့်ပြပြီး ငွေရှာတဲ့ လှည့်စားနည်းကို သုံးရတာပဲဖြစ်ပါတယ်။

မြန်မာပြည်က ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ မိမိတို့ပြည်သူတွေအပေါ် လွန်စွာစာနာမိပါတယ်။ ဝါဒမှိုင်းတိုက်ခံရတာ၊ လှည့်စားခံရတာ၊ စိတ်ခံစားချက် ပြင်းထန်လွန်းတာတွေကြောင့် မဟုတ်မှန်းသိပါလျက်နဲ့ အဟုတ်ထင်ပြီး ဇွတ်တိုးနေကြရတာ ဖြစ်ပါတယ်။ “မကြာမီလာတော့မှာပါ၊ လာနေပါပြီ၊ ဖြစ်လာတော့မှာပါ၊ လာပါပြီ၊ လာပါပြီ”စတဲ့ မရေရာတာတွေကို ဆန္ဒဇောနဲ့ ဇွတ်နစ်နေတာကိုတွေ့ရတော့ အလွန်ပဲ စိတ်မကောင်းဖြစ်မိပါတယ်။ ဥပဒေအပြင်ထွက်ပြီး ဘဝတွေကိုရင်းနေကြတာဟာ ပိုးဖလံတွေ မီးကို တိုးနေကြသလိုပါပဲ။ ပြည်ပက အထောက်အပံ့တွေ၊ ပြည်ပက ကိုယ့်တိုင်းပြည်ကို ဖျက်ဆီးပေးမယ့်သူတွေကို ကယ်တင်ရှင်မှတ်ပြီး လက်ယပ်ခေါ်နေတဲ့ မင်းကိုနိုင်လို နိုင်ငံရေးအစွန်းရောက်တွေနဲ့ အမျိုးသားသစ္စာဖောက် CRPH တို့ရဲ့ လက်ချက်တွေကြောင့် ပြည်သူတွေဟာ အမှားသံသရာမှာ နစ်သထက်နစ်ခဲ့ရပါပြီ။

**နောက်တစ်ခါလာပြန်ပြီ**

မြန်မာနိုင်ငံသားတွေဆီက အလှူငွေတွေရပြီးတဲ့နောက် ပေါ်မလာဇာတ်ကားကြောင့် ပရိသတ်တွေ စိတ်မပျက်ဖို့အတွက် နောက်ဇာတ်လမ်းတစ်ခုကို ဖန်တီးဖို့ကြံရပြန်ပါတယ်။ ဒီတစ်ခါဇာတ်လမ်းက အဝေးရောက် တကယ့်ရုပ်ရှင်ဇာတ်လမ်းပါပဲ။ ဒီတစ်ခါ ရုပ်ရှင်ဇာတ်လမ်းက ခက်ခက်ခဲခဲကြီးတော့ မဟုတ်ပါဘူး။ CRPH ကို NUG အစိုးရဆိုပြီး ဇာတ်လမ်းဖွဲ့ပြလိုက်တာပဲ ဖြစ်ပါတယ်။ မတ်လက ကြော်ငြာခဲ့တဲ့ ဇာတ်ကားတွေ တစ်ကားမှ မပြနိုင်တော့ ဧပြီလ ၁၆ ရက်နေ့မှာ NUG ဇာတ်ကားလာပြီလို့ ကြော်ငြာလိုက်တာပဲဖြစ်ပါတယ်။ တကယ်တော့ NUG ရုပ်ရှင်ဇာတ်လမ်းလို့သာဆိုတယ် ဘာမှလည်း မည်မည်ရရ သရုပ်ဆောင်ကွက်တွေ မရှိပါဘူး။ မြန်မာပရိသတ်တွေအတွက် ဘာမှမကြည့်ရတာနဲ့စာရင် နောက်တစ်ခါ လာပြန်တဲ့ဇာတ်ကားကြောင့် ကျေနပ်ကြမှာတော့ သေချာပါတယ်။ ဇာတ်လမ်းတွေကို တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင် ဖန်တီးနိုင်မှသာ ပရိသတ်တွေ စိတ်မပျက်မှာ၊ အရှိန်မကျမှာ မဟုတ်ပါလော။

သင်္ကြန်ပြီးတဲ့အခါမှာတော့ CRPH ကုမ္ပဏီက အကြံတစ်မျိုးထုတ်ရပြန်ပါတယ်။ ဧပြီလ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့် အာဆီယံထိပ်သီးအစည်းအဝေးကို အကြောင်းပြုပြီးတော့ “ပွဲသိမ်းလက်သီး” ဇာတ်ကားလာပြီလို့ ပရိသတ်တွေကို သတင်းလွှင့်လိုက်ပြန်ပါတယ်။ ကလေးကလား မဖြစ်နိုင်တဲ့ ဇာတ်လမ်းကို ကြော်ငြာလာပြန်တော့ ပရိသတ်တွေအနေနဲ့ ရုံတင်မယ့် ဧပြီလ ၂၄ ရက်နေ့ကို စောင့်ကြည့်ခဲ့ကြရပါတယ်။ ဒီတစ်ခါလည်း ပေါ်မလာဇာတ်ကားပါပဲ။ ပရိသတ်တွေလည်း စိတ်ပျက်ပြီးတော့ လကုန်ရင်၊ လဆန်းရင် “ပွဲသိမ်းတိုက်ပွဲ” ဇာတ်ကားကို CRPH မပါဘဲ ကိုယ့်ဘာသာကို ရိုက်တော့မယ်လို့ ဆိုနေကြပြန် ပါတယ်။

**စဉ်းစားချင့်ချိန်နိုင်ရန်**

တကယ်တော့ NLD နဲ့ NLD အပေါင်းပါ၊ NLD နောက်လိုက်နဲ့ NLD ကို အသုံးချသူတွေက ၎င်းတို့ရဲ့ မမှန်မကန်လုပ်ရပ်တွေကို ဖုံးကွယ်ပြီး တပ်မတော်ပျက်သုဉ်းရေးကို တစိုက်မတ်မတ် ဖန်တီးနေတဲ့ ဇာတ်လမ်းတွေသာ ဖြစ်ပါတယ်။ ဥပဒေကိုဖောက်ဖျက်ပြီး NLD အာဏာခိုင်မြဲရေး နည်းလမ်းရလျှင်ရ၊ မရလျှင် တပ်မတော်နဲ့ ပြည်သူကို ရန်တိုက်ပေးပြီးအလုံးစုံပျက်သုဉ်းရေးဇာတ်လမ်းတွေ ဖန်တီးနေတာသာ ဖြစ်ပါတယ်။ ထိပ်တိုက်တွေ့ရေး ရေချိန်မကျစေဖို့ မဖြစ်နိုင်တဲ့ ဇာတ်လမ်းတွေကို “မကြာမီလာမည် . . . မျှော်” ကြော်ငြာတွေ မကြာခဏ ထုတ်လွှင့်နေတာကို ပြည်သူတွေအနေနဲ့ စဉ်းစားချင့်ချိန်နိုင်ဖို့ဖြစ်ပါတယ်။ ॥

❐

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၇**

အိမ်နီးချင်း အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် ရောဂါဖြစ်ပွားမှု စံချိန်တင်များပြားနေ၍ မိမိတို့နိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ နောက်ထပ်လှိုင်းတစ်လှိုင်းဖြစ်ပွားမလာစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်း မရှိစေရန် မိမိတို့အနေဖြင့် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားမှုများပြားရာ နိုင်ငံများမှ မြန်မာနိုင်ငံသို့ ဝင်ရောက်လာသူများတွင် ရောဂါပိုးတွေ့ရှိမှု အချက်အလက်များကို ဆန်းစစ်၍ လိုအပ်သည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြောကြားသည်။

ယနေ့ နံနက်ပိုင်းက ကျင်းပသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆေးသုတေသနဦးစီးဌာနမှ ပြည်ပနိုင်ငံများမှ ပြန်လာသော အတည်ပြုလူနာများထံမှ ရောဂါပိုးကို မျိုးရိုးဗီဇစစ်ဆေးရန် စီစဉ်လျက်ရှိကြောင်း၊ ဓာတ်ခွဲနမူနာပိုမိုစစ်ဆေးနိုင်ပါက လူနာအရေအတွက်ပိုမိုတွေ့ရှိနိုင်မည်ဖြစ်၍ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ကာ ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကြိုတင်တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့နှင့်ပတ်သက်၍ ပြီးခဲ့သော အစည်းအဝေး၌ ဆွေးနွေးခဲ့ကာ ယနေ့အစည်းအဝေးတွင် ယခင်ဖြစ်ပွားမှုများပြားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရောဂါကူးစက်မှု ဆက်လက်ဖြစ်ပွားမှုရှိနေသော တနင်္သာရီတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရခြင်းဖြစ်ပါကြောင်း။



ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးရုံကြီးများ ပြန်လည်လည်ပတ်နေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါလူနာများကို နိုင်နိုင်နင်းနင်း ကုသပေးနိုင်ရန် ကောင်းစွာကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအပြင် ဆေးရုံလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကို တာဝန်ပေးအပ်၍ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ၊ ပုဂ္ဂလိကဆေးရုံများနှင့်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးထားပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ သက်ဆိုင်ရာ Clinical Management Committee နှင့် Hospital Management Committee များအပါအဝင် ဆေးရုံများရှိ ကော်မတီများကိုလည်း စနစ်တကျပြန်လည်ဖွဲ့စည်းကြရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးခြင်း၊ ကုသပေးခြင်းအတွက် ပုဂ္ဂလိကဆေးရုံဆေးခန်းများအား လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ လုပ်ငန်းလမ်းညွှန်များကိုလည်း လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ဖြည့်စွက်ပြင်ဆင်ရမည်ဖြစ်ပြီး တိတိကျကျ လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ကိုဗစ်-၁၉ အတည်ပြုလူနာများ သက်ဆိုင်ရာဆေးရုံ၊ ကျန်းမာရေးစင်တာများသို့ လွှဲပြောင်းပေးမှုစနစ်များကို တရားဝင်ခွင့်ပြုထားသော ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေကို ဆန်းစစ်ပြီး အတည်ပြုလူနာနှင့် ထိတွေ့မှုရာဇဝင်ရှိသူများ ရှာဖွေဖော်ထုတ်ခြင်းကို စနစ်တကျအားဖြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး မိမိတို့တွင် အတွေ့အကြုံရှိပြီးသားဖြစ်၍ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေပေါ်မူတည်၍ အဆင့်လိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ပြည်သူများ ကိုဗစ်-၁၉ ကာကွယ်ဆေး အကြိမ်အပြည့်အဝရရှိနိုင်ရေး စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများအနေဖြင့် သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်နေကြရန် လိုအပ်ကြောင်း၊ လိုအပ်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ တင်ပြသွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိမိမိတို့ဝန်ထမ်းများအားလုံးသည် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း ကြိုးစားဆောင်ရွက်နေရသည်ကို အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများရှိ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေများ၊ လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်း၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်သစ္စာလွင်တို့နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## မေ ၂၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၈ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**
**(၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၆-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၂၄၄၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃၈)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၁,၂၅၇)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၇၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၅၁) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၈) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၂၈၇၅၄၇၀ | ၂၅၄၇၅၇၈၉ | ၅၈၆၆၁၆ |
| ၂။ | အိန္ဒိယ | ၁၇၆၃၆၃၀၇ | ၁၄၅၅၆၂၀၉ | ၁၉၇၈၉၄ |
| ၃။ | ဘရာဇီး | ၁၄၃၇၀၄၅၆ | ၁၂၈၇၉၀၅၁ | ၃၉၂၂၀၄ |
| ၄။ | ပြင်သစ် | ၅၅၀၃၉၉၆ | ၄၄၀၅၃၁၉ | ၁၀၃၂၅၆ |
| ၅။ | ရုရှား | ၄၇၇၉၄၂၅ | ၄၄၀၂၆၇၈ | ၁၀၈၉၈၀ |
| ၆။ | တူရကီ | ၄၆၆၇၂၈၁ | ၄၁၂၁၆၇၁ | ၃၈၇၁၁ |
| ၇။ | ဗြိတိန် | ၄၄၀၆၉၄၆ | ၄၁၉၇၆၇၂ | ၁၂၇၄၃၄ |
| ၈။ | အီတလီ | ၃၉၇၁၁၁၄ | ၃၃၉၈၇၆၃ | ၁၁၉၅၃၉ |
| ၉။ | စပိန် | ၃၄၈၈၄၆၉ | ၃၁၈၂၈၉၄ | ၇၇၇၃၈ |
| ၁၀။ | ဂျာမနီ | ၃၃၀၇၇၆၉ | ၂၉၃၁၄၀၀ | ၈၂၃၄၄ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၅၁၇၉၄ | ၁၅၀၆၅၉၉ | ၄၄၉၃၉ |
| ၂။ | ဖိလစ်ပိုင် | ၁၀၁၃၆၁၈ | ၉၂၅၀၂၇ | ၁၆၉၁၆ |
| ၃။ | မလေးရှား | ၃၉၈၄၅၁ | ၃၇၁၅၇၅ | ၁၄၆၂ |
| ၄။ | မြန်မာ | ၁၄၂၇၇၈ | ၁၃၁၉၅၁ | ၃၂၀၈ |
| ၅။ | စင်ကာပူ | ၆၁၀၆၃ | ၆၀၆၈၂ | ၃၀ |
| ၆။ | ထိုင်း | ၅၉၆၈၇ | ၃၃၅၅၁ | ၁၆၃ |
| ၇။ | ကမ္ဘောဒီးယား | ၁၁၀၆၃ | ၃၇၀၄ | ၈၂ |
| ၈။ | ဗီယက်နမ် | ၂၈၅၇ | ၂၅၁၆ | ၃၅ |
| ၉။ | လာအို | ၅၁၁ | ၄၉ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၃ | ၂၁၂ | ၃ |

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကိုပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၇**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ "ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးတွင် ဥပဒေများ ရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေများများစွာရှိသည်ဟု သိရှိရကြောင်း၊ တက္ကသိုလ်များရှိ ဥပဒေဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများကို ထုတ်နုတ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပူးပေါင်း၍ ဥပဒေများ အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်"ဟု လမ်းညွှန်ချက်အရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မတ် ၉ ရက်တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပြီး လတ်တလောပြဋ္ဌာန်းသင့်သည့် ဥပဒေကြမ်းများစာရင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံးသို့ တင်ပြခဲ့ကြောင်း။

**ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(မူကြမ်း)မှာ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ဆန့်ကျင်မှုမရှိသည့်အပြင် လတ်တလောပြဋ္ဌာန်းရန် လိုအပ်သည့် ဥပဒေဖြစ်ကြောင်း စိစစ်တွေ့ရှိရသည့်အပြင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ ဗုဒ္ဓဓမ္မ ဒီပလိုမာသင်တန်းနှင့် ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများကို ဇွန် ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုပါရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက "ခွင့်ပြုကြောင်း"နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက မတ် ၂၅ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့အကြောင်းကြားခဲ့ကြောင်း သက်ဆိုင်ရာဌာနက တင်ပြခဲ့သည့်အတွက် ယခုကဲ့သို့ ညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ လတ်တလော ပြဋ္ဌာန်းရန်သင့်သည့် အခြားဥပဒေများနှင့်စပ်လျဉ်း၍လည်း ယခုကဲ့သို့ အစည်းအဝေးများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



**ညှိနှိုင်းဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်၏ (၇၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံ ပါဝင်တက်ရောက်

**နေပြည်တော် ဧပြီ ၂၇**

ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(UNESCAP)၏ (၇၇) ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဧပြီ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။




**ကျင်းပ**

အစည်းအဝေးကို "Building back better from crises through regional cooperation in the Asia and the Pacific" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဧပြီ ၂၆ ရက်တွင် ပြုလုပ်သည့် ဖွင့်ပွဲအခမ်းအနား၌ ကုလသမဂ္ဂဌာနချုပ်၊ စီးပွားရေးနှင့် လူမှုရေးကောင်စီ(ECOSOC)နှင့် UNESCAP မှ အကြီးအကဲများက အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး အာရှ-ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ခေါင်းဆောင်များက ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပိုမိုကောင်းမွန်အောင် ပြန်လည်တည်ဆောက်ရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ၊ အကြံပြုချက်များကို Video Message များဖြင့် ပြောကြားခဲ့ကြသည်။

ဧပြီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသည့် အစည်းအဝေး၌ သက်ဆိုင်ရာ နိုင်ငံအလိုက် Country Statement ပြောကြားခြင်း အစီအစဉ်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ပါဝင်ပြောကြားသည်။

ထို့သို့ ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် SDGs အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP)ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှုကုစားရေးစီမံချက်(CERP) ချမှတ်ဆောင်ရွက်ခဲ့မှု၊ ဆက်လက်၍ မြန်မာနိုင်ငံ စီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက်(MERP)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်လုပ်ဆောင်နေမှု အခြေအနေများ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ASEAN Comprehensive Recovery Framework (ACRF) နှင့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP)တို့တွင် ပါဝင်ဆောင်ရွက်နေသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အားလုံးပါဝင်ပြီး မည်သူ တစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်စေရေးမှုနှင့်အညီ နိုင်ငံအချင်းချင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကတိကဝတ်များကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို အဓိက ပြောကြားသည်။

**ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကူညီထောက်ပံ့**

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် SDGs ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက်သာမက အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များဖြစ်သော MSDP၊ CERP နှင့် MERP တို့ကို အကောင်အထည်ဖော်ရာ၌ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ကူညီထောက်ပံ့မှုသည် အရေးကြီးပါသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျားမ တန်းတူညီမျှရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် နှောင့်နှေးမှုမရှိဘဲ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ UNSCAP အဖွဲ့ဝင်နိုင်ငံများ၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံများ၊ အလှူရှင်နိုင်ငံများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို ဧပြီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ဒေသတွင်းနှင့် ဒေသခွဲနိုင်ငံများအတွင်း ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်နေမှု အခြေအနေများ၊ ဖွံ့ဖြိုးမှုအနည်းဆုံး၊ ကုန်းတွင်းပိတ်ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးဆဲ ပစိဖိတ်ကျွန်းနိုင်ငံများ၏ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူမှုစီးပွားသက်ရောက်မှုများအပေါ် တုံ့ပြန်ဖြေရှင်းဆောင်ရွက်နေမှုအခြေအနေများ၊ အာရှ-ပစိဖိတ်ဒေသတွင်း ၂၀၃၀ အာဂျင်ဒါ အကောင်အထည်ဖော်မှု အခြေအနေများနှင့် UNESCAP မှ အဖွဲ့ဝင်နိုင်ငံများသို့ ပံ့ပိုးပေးလျက်ရှိသည့် ဦးစားပေး ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြမည် ဖြစ်သည်။

**ပံ့ပိုးပေးလျက်ရှိ**

UNESCAP သည် အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မေခရိုစီးပွားရေးမူဝါဒနှင့် ဘဏ္ဍာရေး၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် တီထွင်ဖန်တီးမှု၊ ပို့ဆောင်ရေး၊ စာရင်းအင်း၊ လူမှုရေးဖွံ့ဖြိုး တိုးတက်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ သတင်းအချက်အလက် နည်းပညာနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စွမ်းအင်ကဏ္ဍတို့တွင် နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် UNESCAP ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပြီး နှစ်စဉ်ကျင်းပသည့် UNESCAP ၏ နှစ်ပတ်လည်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**❖ ပုသိမ်မြို့မှ**

ပြန်လည် ပြေးဆွဲမှုများ ပြုလုပ်လာကြသလို ပုသိမ်မြို့နှင့် ဆက်သွယ်သွားလာကြသည့် သင်္ဘောများလည်း ပြန်လည်ပြေးဆွဲလာကြသည်။

မြို့မ၊ ရွှေပြည်သာ၊ အောင်ဇေယျာ၊ ကန်းနား၊ အောင်သီရိ၊ မြို့သစ်ဈေးများနှင့်အခြား ကုန်စည်ကူးသန်းရောင်းဝယ်ရာ နေရာများ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်နှင့် ထမင်းဆိုင်လုပ်ငန်းများ ပုံမှန်ပြန်လည်ရောင်းဝယ်ဖောက်ကားနေကြပြီဖြစ်သည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**

# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင် သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် မေ ၂၇**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သန်လျင်တပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံစဉ် ကာကွယ်ရေးဦးစီးချုပ်(ရေ)က လက်ရှိကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်သူအများစုလိုလားသော စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် Road Map (၅)ချက်ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ တပ်မတော်သည် နိုင်ငံတော်တည်ဆောက်ရေးအခန်းကဏ္ဍတွင် တစ်တပ်တစ်အား တာဝန်ကျေပွန်အောင် ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အကူအညီပေးရန်အတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များအား အမြဲအသင့်ဖြစ်စေရန် ဆောင်ရွက်ထားရှိမှု၊ တပ်မတော်(ရေ) အနေဖြင့် လူသားချင်း စာနာထောက်ထားစွာဖြင့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများကို စစ်ရေယာဉ်များဖြင့် မိမိတို့နိုင်ငံသို့ ပြန်လည်ခေါ်ယူပေးနိုင်ခဲ့မှု၊ မြန်မာ့ပင်လယ်ပြင် လုံခြုံရေးအတွက် ပင်လယ်ပြင်နယ်စပ်မျဉ်းများတစ်လျှောက်တွင် နှစ်နိုင်ငံရေတပ်များ ပူးတွဲတိုက်ကင်းလှည့်ခြင်းနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ တပ်မတော်(ရေ)သည် နိုင်ငံတကာ ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်ရေး တစ်ဆင့်ချင်းတစ်ဆင့် အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပင်လယ်ပြင်လေ့ကျင့်ခန်းများ လေ့ကျင့်ဆောင်ရွက်နေမှု၊ တပ်မတော်(ရေ)၏ ကဏ္ဍကြီး(၄)ရပ် စွမ်းဆောင်နိုင်မှု မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က သုတ၊ ရသစာအုပ်၊ စာစောင်များ၊ အားကစားပစ္စည်းများနှင့် စားသောက်ကုန်များကို ပေးအပ်ရာ သန်လျင်တပ်နယ်မှ ဌာနချုပ်မှူးများက အသီးသီးလက်ခံရယူကြသည်။ ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ ဇနီးက သန်လျင်တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ သန်လျင်တပ်နယ်မှူး၏ ဇနီးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က သန်လျင်တပ်နယ်မှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ယင်းနောက်ကာကွယ်ရေးဦးစီးချုပ်(ရေ)သည် အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုသို့ သွားရောက်၍ အရာရှိ၊ စစ်သည်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၀

# မဟာဝိဇ္ဇာဘွဲ့၊ ဒုတိယနှစ်ဝက် ပုံမှန်သင်တန်းများနှင့် ဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် မေ ၂၇**

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်၍ ယဉ်ကျေးလိမ္မာသော အနုပညာရှင်ကောင်းများ မွေးထုတ်ပေးရန်၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအသီးသီးတို့ကို တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများတွင် မိမိတက္ကသိုလ်မှ မွေးထုတ်ပေးသော အနုပညာရှင်များမှ လက်ဆင့်ကမ်းသင်ကြားပေးရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်း၊ ဖော်ထုတ်၊ တီထွင်၊ မြှင့်တင်၊ ဆန်းသစ်၊ ပေါင်းစပ်၍ လူငယ်၊ လူရွယ်များသာမက ကမ္ဘာကသိအောင် ဆောင်ရွက်ရန်၊ အနုပညာကို ဖျော်ဖြေရေးသက်သက်မဟုတ်ဘဲ Info-tainment, Edu-tainment ဖြစ်စေရန်နှင့် ကမ္ဘာကလာရောက် သင်ကြားရသော အရည်အသွေးမြင့် တက္ကသိုလ်ဖြစ်စေရန် မျှော်မှန်းချက်များဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများကို သင်ကြား ပို့ချလျက်ရှိသည်။

သို့ရာတွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် တက္ကသိုလ်၏ သင်တန်းများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှ စတင်ကာ ရပ်နားခဲ့ရသည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ မဟာဝိဇ္ဇာဘွဲ့ ဒုတိယနှစ်ဝက် ပုံမှန်သင်တန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ အစီအမံများ၊ အကြံပြုချက်များနှင့်အညီ ၂၀၂၁ ခုနှစ် မေ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် MCC ICT Services ကွန်ပျူတာသင်တန်းကျောင်းတို့ ပူးပေါင်းကာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဖွင့်လှစ်ထားသော အနုပညာကွန်ပျူတာဒီပလိုမာ (၁) နှစ် သင်တန်းများကိုလည်း မေ ၁၀ ရက်မှစတင်ကာ အဆိုပါတက္ကသိုလ်၌ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးသည့်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိ

**ရန်ကုန် မေ ၂၇**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်း တာဝန်ခံအဖွဲ့မှ ရန်ကုန်မြို့နေပြည်သူများ နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးသည့် မြို့နယ်၊ ရပ်ကွက်များသို့ သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ ရန်ကုန်မြစ်တစ်ဖက်ကမ်း ဒလမြို့နယ် ရပ်ကွက်၊ ကျေးရွာများသို့ မတ် ၂၆ ရက်မှစပြီး ရေသယ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မေ ၂၆ ရက်က ဒလမြို့နယ် သပြေကုန်းကျေးရွာသို့ ရေဂါလန် ၁၂၀၀၊ သပြေကုန်းကျေးရွာ (ရေတပ်)သို့ ရေဂါလန် ၁၂၀၀ နှင့် ဗညားဒလ ရပ်ကွက် မြို့မနေမိတာရုံ ဘုန်းတော်ကြီးကျောင်းသို့ ရေဂါလန် ၁၂၀၀ တို့ကို ရေကားများဖြင့် ဖြန့်ဝေပေးခဲ့သဖြင့် ယနေ့အထိ ဒလမြို့နယ် ရပ်ကွက်၊ ကျေးရွာများသို့ ရေသယ်ယာဉ် ခေါက်ရေ ၈၇ ခေါက်၊ ရေဂါလန်ပေါင်း ၁၀၄၄၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက် အိမ်ဆောက်ပစ္စည်းများ ရောင်းချ




**ပေါင် မေ ၂၇**

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစု လီမိတက်သည် အိမ်ဆောက်ပစ္စည်းအမျိုးမျိုး၊ စတိုးပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိပြီး သံပန်းသံတံခါးများ တပ်ဆင်ပေးခြင်း၊ အိမ်အလှဆင်ခြင်း စသည့်အိမ်အရောက်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း သင့်တင့်သောဈေးနှုန်းများဖြင့် လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သမဝါယမကဏ္ဍမှ ဒေသထွက်သီးနှံများ ဖြန့်ဖြူးရောင်းချမည်

**နေပြည်တော် မေ ၂၇**

ဒေသထွက်သီးနှံများ ဈေးကွက်ရရှိစေရေး၊ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ်မှ တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်ဒေသထွက်သီးနှံ အာလူးနှင့် ကြက်သွန်ဖြူများကို No Profit, No Loss အစီအစဉ်ဖြင့် မြန်မာပြည်အနှံ့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမှန်ကိုမြင်၍ အမှားကိုပြင်နိုင်ကြပါစေ

ကိုသာယာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဧပြီလ ၂၄ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပတဲ့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခဲ့ပါတယ်။ အစည်းအဝေးမှာ မြန်မာနိုင်ငံ နိုင်ငံတော်အကြီးအကဲအဖြစ် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်း၊ အာဆီယံပြင်ပဆက်ဆံရေး၊ ဒေသတွင်းနဲ့ နိုင်ငံတကာကိစ္စများအပေါ် အာဆီယံနိုင်ငံခေါင်းဆောင်များနဲ့အတူ ဆုံးဖြတ်ချက်များချနိုင်တဲ့အထိ အဆင်ပြေပြေ အောင်အောင်မြင်မြင် ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။

အဲဒီအစည်းအဝေးမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အာဆီယံဒေသတွင်းကိစ္စရပ်များကို မြန်မာနိုင်ငံအနေနဲ့ ဆက်လက်ပံ့ပိုးသွားမယ့် ကိစ္စရပ်များ၊ မြန်မာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုများ၊ ရှေ့ဆက် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရပါတယ်။ အစည်းအဝေးအခြေအနေ၊ ထွက်ပေါ်လာမယ့် ရလဒ်တို့အပေါ်မှာ နိုင်ငံတကာ အစိုးရများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်များ တော်တော်များများက စိတ်ဝင်စားခဲ့ကြပါတယ်။ တချို့ကလည်း အကောင်းမြင်၊ တချို့ကလည်း အဆိုးမြင်တဲ့ စိတ်ဆန္ဒတွေနဲ့ပေါ့။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ တရားဝင်ရပ်တည်မှုကို ပြနိုင်ခဲ့**

အစည်းအဝေးမတိုင်မီကတည်းက မိမိတို့နိုင်ငံအပေါ် ကောင်းရာကောင်းကျိုး လိုလားသူတွေက ဒီအစည်းအဝေးမှာ မြန်မာ့အရေးနဲ့ ပတ်သက်လို့ ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြဖို့၊ သဘောထား ကွဲပြားမှုတွေကို လျှော့ချနိုင်အောင် ဆက်သွယ်ပြောဆိုမှုတွေနဲ့ ဆွေးနွေးညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ကြဖို့နဲ့ မြန်မာ့အရေး အာဆီယံက ကြားဝင်စေ့စပ်မယ့်အစီအစဉ်ကို အားပေးထောက်ခံကြပါတယ်။ မြန်မာ့အရေး အာဆီယံရဲ့ကြိုးပမ်းမှုတွေကို လက်ခံမှာဖြစ်ကြောင်း ကြိုတင်အကောင်းမြင်တာတွေလည်း ရှိခဲ့ကြပါတယ်။

ဒါပေမယ့်လည်း အထူးသဖြင့် အနောက်ဘက်အင်အားကြီးနိုင်ငံအချို့နဲ့ သူတို့ရဲ့ လက်ဝေခံ တပည့်တွေ၊ နိုင်ငံတကာ အဖွဲ့အစည်းအချို့နဲ့ မိမိတို့နိုင်ငံအပေါ် အကောင်းမမြင် ပျက်စီးရာ ပျက်စီးကြောင်းသာ လိုလားသူတွေနဲ့ ပြည်တွင်းသစ္စာဖောက် အဖျက်သမားတွေကတော့ ဒီအစည်းအဝေးကို သူတို့အဆို စစ်ကောင်စီကို မဖိတ်ကြားဖို့၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ တရားမဝင်ကြောင်း၊ CRPH လို့ခေါ်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီက ခန့်အပ်တာဝန်ပေးထားတဲ့ NUG အမျိုးသားညီညွတ်ရေးအစိုးရကိုသာ တရားဝင်အသိအမှတ်ပြု ဖိတ်ကြားရမှာဖြစ်ကြောင်း ဖွင့်ဟတောင်းဆိုခဲ့ကြပါတယ်။

နောက်ဆုံးတော့လည်း အာဆီယံက သူ့ရဲ့ရပ်တည်ချက်နဲ့ သဘောထားအမှန်ကို ပြသဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံ့ခေါင်းဆောင်၊ နိုင်ငံတော်အကြီးအကဲ တစ်ယောက်အနေနဲ့ လေယာဉ်လှေကားတစ်လျှောက် လေယာဉ်တံခါးဝအထိ ကော်ဇောနီခင်းကြိုဆိုခဲ့ပါတယ်။ မိမိတို့နိုင်ငံအပေါ် သဘောထားမမှန် မကောင်းဖြစ်စေချင်သူများ တောင်းဆိုကြသလို၊ ဖြစ်စေချင်ကြသလို မြန်မာနိုင်ငံအပေါ် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း စတာတွေ မပြုခဲ့ပါဘူး။ ညှိနှိုင်းတိုင်ပင်မှုတွေနဲ့ အပြုသဘောဆောင်တဲ့ ဆုံးဖြတ်ချက်တွေသာ ချမှတ်ခဲ့ပါတယ်။ ဒါဟာ အာဆီယံရဲ့ တစ်ခုတည်းသော တူညီတဲ့သဘောထားကို မှန်မှန်ကန်ကန် ပြသဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

**စိတ်ကူးယဉ်အိပ်မက်ထဲက ဝိညာဉ်သာရှိပြီး ရုပ်မပေါ်တဲ့ CRPH နဲ့ NUG**

အခုလို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဆီယံနိုင်ငံတွေက ကမ္ဘာတစ်ဝန်းလုံးကို အသိပေးပြီး တရားဝင်လက်ခံကာ အပြုသဘောဆောင် ဆွေးနွေးဆုံးဖြတ်မှုတွေ ချမှတ်နိုင်ခဲ့ပြီး နိုင်ငံတကာမျက်နှာစာမှာ တရားဝင်အစိုးရအဖြစ် ထောက်ခံပြသလိုက်တော့ သူတို့ပြောနေတဲ့ CRPH ဘယ်ရောက်သွားပြီလဲ၊ CRPH က ဖွဲ့စည်းပေးတဲ့ NUG ဆိုတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ ဘယ်ရောက်သွားပြီလဲ မေးစရာဖြစ်လာတယ်။ တကယ်တော့ အစကတည်းက တရားဝင်ရှိခဲ့တာမှ မဟုတ်ဘဲ။

> **CRPH နဲ့ NUG တို့ရဲ့ လုပ်ကိုင်ဆောင်ရွက်နေတာတွေက အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်တွေမမှန်ဘဲ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိတာတွေ လုပ်နေကြတယ်လို့ပဲ မြင်မိတယ်။ အမှန်ကို မြင်နိုင်အောင် ကြိုးစားကြပါ။ မှားနေရင် စောစောစီးစီး ပြင်လိုက်ကြစမ်းပါ။ မှားမှန်းသိနေပါလျက်နဲ့တော့ ဇွတ်တိုးမမိုက်ကြစေချင်ပါဘူး။ အမှားပေါ် အမှားဆင့်ပြီး ဆက်မမှားစေချင်ပါဘူး။ အဲဒီလို မတွေးမိဘဲ အမှားကို ဆက်တိုးနေကြရင် CRPH နဲ့ NUG အဖွဲ့အစည်းရော၊ ပတ်သက်သူ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ရော အလားအလာက မကောင်းဘူး။**

CRPH နဲ့ NUG ဆိုတာ အိပ်မက်ထဲမှာ စိတ်ကူးယဉ်ပြီး လေထဲတိုက်အိမ်ဆောက်ခဲ့ကြတာပါ။ ဖေ့စ်ဘွတ်လေး၊ အင်တာနက်လေးနဲ့ လိုင်းပေါ်မှာ ဟိုညွှန်ကြားချက်ထုတ် မဟုတ်ကဟုတ်က အမိန့်ထုတ်စတာတွေနဲ့ အစိုးရလုပ်တမ်း ကစားနေကြတဲ့ အဆင့်ပဲရှိခဲ့တာပါ။ နိုင်ငံတစ်ခုကို စနစ်တကျ စီမံအုပ်ချုပ်မယ့် အစိုးရတစ်ခုရဲ့ အင်္ဂါရပ်ဘာတစ်ခုမှ မမြင်မိ၊ မကြားမိ၊ မတွေ့မိဘူး၊ စိတ်ကူးထဲရှိတာလေးတွေနဲ့ သခင်အားရ ကျွန်ပါးဝ၊ ပေးစာကမ်းစာ အားကိုးနဲ့ နောက်ဆုတ်လို့မရတော့လို့ ရှေ့ဆက်ဇွတ်တိုးပြီး မိုက်ဇာတ်ခင်းနေကြတဲ့ ဇာတ်ပျက်တစ်ခုလိုပါပဲ။

မြဝတီရုပ်သံမှာ ကိုမိုးဟိန်း ပြောတာတွေနဲ့ ကွက်တိပဲ။ အမှန်ပဲ။ ဦးတည်ချက်မရှိ၊ မူဝါဒမရှိ၊ ရည်မှန်းချက်မရှိ၊ မဟာဗျူဟာ နည်းဗျူဟာမရှိနဲ့ တယ်လီဖုန်းလေးမှာ စာလေးတစ်ကြောင်း နှစ်ကြောင်းကောက်တင်လိုက်၊ လူပြိန်းကြိုက်လေးတွေရေးပြီး မြှောက်ပေးလိုက်လုပ်နေတာ ဘာမှအဓိပ္ပာယ်မရှိဘူးလေ။ သူတို့ရုံးက ဘယ်မှာလဲ၊ ဘာလုပ်ပေးမှာလဲ၊ လူလုံးထွက်ပြတာလည်း မမြင်ရ၊ ပုဆိုးခြုံထဲက လက်သီးပြနဲ့တော့ အစိုးရတစ်ရပ်အဖြစ် မရပ်တည်သင့်ပါ။

**CRPH နဲ့ NUG တို့ရဲ့ လုပ်ကိုင်ဆောင်ရွက်နေတာတွေက အတွေးအခေါ်၊ အယူအဆ၊ ယုံကြည်ချက်၊ ခံယူချက်တွေမမှန်ဘဲ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မရှိတာတွေ လုပ်နေကြတယ်လို့ပဲ မြင်မိတယ်။ အမှန်ကို မြင်နိုင်အောင် ကြိုးစားကြပါ။ မှားနေရင် စောစောစီးစီးပြင်လိုက်ကြစမ်းပါ။ မှားမှန်းသိနေပါလျက်နဲ့တော့ ဇွတ်တိုးမမိုက်ကြစေချင်ပါဘူး။ အမှားပေါ် အမှားဆင့်ပြီး ဆက်မမှားစေချင်ပါဘူး။ အဲဒီလို မတွေးမိဘဲ အမှားကို ဆက်တိုးနေကြရင် CRPH နဲ့ NUG အဖွဲ့အစည်းရော၊ ပတ်သက်သူ ပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ရော အလားအလာက မကောင်းဘူး။**

သေချာတယ်။ CRPH နဲ့ NUG က ထင်နေသလို၊ မျှော်လင့်ထားသလို ဘယ်တော့မှ ဖြစ်မလာဘူး။ အပြစ်မဲ့ပြည်သူတွေကို လမ်းပေါ်ဆွဲတင်တာ ရပ်ကြပါတော့။ ကိုယ့်ဘာသာကိုယ် အစိုးရဖွဲ့၊ တကယ့်ဘဝက ဝရမ်းပြေး၊ ဟိုဟာရေးတင် ဒီဟာရေးတင်၊ မသိနားမလည်တဲ့ ပြည်သူလူထုနဲ့လူငယ်တွေကို မြှောက်ပင့်လှုံ့ဆော်ပြီး ဒုက္ခမပေးကြပါနဲ့တော့။ ဆူပူအကြမ်းဖက် အဖျက်အမှောင့်လုပ်လို့ လုံခြုံရေးက ထိန်းသိမ်းရင်း သေဆုံးနေကြတဲ့အတွက် ခင်ဗျားတို့က တရားခံတွေ ဖြစ်နေတယ်။ ဘာ့ကြောင့်လဲဆိုတော့ ခုချိန်ထိ ပြည်သူလူထုကို "တောင့်ခံထားကြပါ၊ နေ့စဉ် လမ်းပေါ်ထွက်ပြီး ဆန္ဒပြနေတာကို ဆက်လုပ်ပေးကြပါ" စသည်ဖြင့် သွေးထိုးလှုံ့ဆော်နေကြလို့ အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်ကြတာပါ။ ခင်ဗျားတို့မှာ တာဝန်ရှိမယ်။

နိုင်ငံတော်အစိုးရနဲ့ လုံခြုံရေးတာဝန်ရှိသူတွေကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဥပဒေနဲ့အညီ ထိန်းထိန်းသိမ်းသိမ်း လုပ်သွားရမှာပဲ။ မလုပ်လို့လည်း မရဘူး။ ဒါက တာဝန်ပဲ။ ဒါ့ကြောင့်ပြောတာ။ အပြစ်မဲ့ပြည်သူတွေ ဒုက္ခရောက်ရတာ ဥပဒေအရ တာဝန်အရ လုပ်ရတဲ့ အဖွဲ့အစည်းမှာ တာဝန်မရှိဘူး။ လူထုကို ဆူပူအုံကြွအောင် လုပ်ပေးနေ၊ မြှောက်ပေးနေတဲ့ သူတွေမှာပဲ တာဝန်ရှိတယ်။ ဒါ့ကြောင့် ဒီအတိုင်းသာ ဆက်လုပ်နေမယ်ဆိုရင် ငါတို့ဘဝလားရာက ဘယ်လဲဆိုတာလေးလည်း တွေးကြပါဦးလို့ သတိပေးပါရစေ။

တကယ်တော့ CRPH နဲ့ NUG ဆိုတာ နာမ်ပဲ ရှိတယ်။ ရုပ်မရှိဘူး။ ဝိညာဉ်ပဲရှိတယ်။ စမ်းသပ်ကိုင်တွယ် ထိတွေ့လို့မရတဲ့ အကောင်အထည် ဘာမှမရှိဘူး။ ရေရေရာရာ ဖြစ်စရာဆိုလည်း ဝေလာဝေး။ စိတ်ကူးယဉ်အိပ်မက်မက်ပြီး လေထဲတိုက်အိမ်ဆောက်နေကြတာဆိုတာ သိဖို့ကောင်းပြီ။ ဒုက္ခတွေနဲ့ရင်းနှီးပြီး မဖြစ်နိုင်တာကို ဆက်လုပ်နေတာလောက် မိုက်မဲရူးသွပ်တာ ရှိမယ်မထင်ပါဘူး။

ဒါ့ကြောင့် မဟုတ်တာလုပ်နေကြသူတွေ၊ နိုင်ငံကို ဖျက်ဆီးနေကြသူတွေ၊ ပြည်သူလူထုကို ဆင်းရဲဒုက္ခရောက်အောင် လုပ်နေကြသူတွေအားလုံး အမှားထဲက ရုန်းထွက်ကြပါတော့။ အမှန်တရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး နိုင်ငံနဲ့ ပြည်သူလူထုအကျိုးကို ဦးတည်လုပ်ဆောင်ကြပါလို့ ပြောပါရစေ။ တိုင်းရင်းသားပြည်သူလူထုတွေနဲ့ အပြစ်မဲ့တဲ့ လူငယ်တွေလည်း အဖျက်အမှောင့် ဝါဒမှိုင်းများမှ ကင်းလွတ်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် အကျိုးပြုနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

> **တကယ်တော့ CRPH နဲ့ NUG ဆိုတာ နာမ်ပဲရှိတယ်။ ရုပ်မရှိဘူး။ ဝိညာဉ်ပဲရှိတယ်။ စမ်းသပ်ကိုင်တွယ် ထိတွေ့လို့မရတဲ့ အကောင်အထည်ဘာမှမရှိဘူး။ ရေရေရာရာဖြစ်စရာဆိုလည်း ဝေလာဝေး။ စိတ်ကူးယဉ်အိပ်မက်မက်ပြီး လေထဲတိုက်အိမ်ဆောက်နေကြတာဆိုတာ သိဖို့ကောင်းပြီ။ ဒုက္ခတွေနဲ့ရင်းနှီးပြီး မဖြစ်နိုင်တာကို ဆက်လုပ်နေတာလောက် မိုက်မဲရူးသွပ်တာ ရှိမယ်မထင်ပါဘူး။**

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဂျိုးဘိုင်ဒင်နှင့် မိုဒီ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**ဝါရှင်တန် မေ ၂၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ယမန်နေ့က တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးခဲ့ကြကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ဆွေးနွေးစဉ် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အိန္ဒိယနိုင်ငံအတွင်း မကြာသေးမီရက်များမှစ၍ ပြန်လည်ဖြစ်ပွားလျက်ရှိသည့်ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသော အိန္ဒိယပြည်သူများအတွက် တည်ကြည်ခိုင်မြဲသော အကူအညီပေးရန် ကတိကဝတ်ပြုလိုက်ကြောင်း အိမ်ဖြူတော်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။


အမေရိကန်ပြည်ထောင်စုသည် အောက်ဆီဂျင်နှင့် ဆက်စပ်သောထောက်ပံ့မှုများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိရိယာများနှင့် ရောဂါကုသနည်းများအပါအဝင် အမျိုးမျိုးသော အရေးပေါ် အကူအညီများကို အိန္ဒိယနိုင်ငံအား ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီရက်များမှစ၍ အိန္ဒိယနိုင်ငံ၌ ပြန်လည်ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်း မြင့်တက်လာခဲ့ပြီးနောက် အိန္ဒိယနိုင်ငံအား အကူအညီပေးရန် အမေရိကန်အစိုးရအပေါ် ဖိအားပေးမှုမြင့်မားလာစဉ် နှစ်နိုင်ငံခေါင်းဆောင်တို့အကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် မကြာသေးမီရက်များမှစ၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလှိုင်းအသစ်နှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိရာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၆၃၆၃၀၇ ဦးရှိပြီး ယင်းတို့အနက် ၁၉၇၈၉၄ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

မေ ၂၆ ရက်က အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၂၉၉၁ ဦးတွေ့ရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှု အများဆုံးနိုင်ငံအဖြစ် စံချိန်တင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**






## သီရိလင်္ကာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၂၃၇၆ ဦးရှိလာ

**ကိုလံဘို မေ ၂၇**

သီရိလင်္ကာနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၉၇ ဦးထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀၂၃၇၆ ဦးရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက်မှ ၉၄၅၇၇ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာခဲ့ပြီး ဆေးရုံမှဆင်းသွားခဲ့ကြောင်းနှင့် အဆိုပါရောဂါကြောင့်သေဆုံးသူ ၆၄၇ ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်တစ်မျိုးကူးစက်နေကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက ပြောကြားသည်။

ပြီးခဲ့သောရက်များအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုခံယူသူ အရေအတွက်များပြားလာသဖြင့် ၎င်းကုသဆောင်များတွင် ဆေးရုံခုတင်မလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများမြင့်တက်လာခြင်းကြောင့် ကျောင်းများကိုပိတ်ထားရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ညွှန်ကြားခဲ့ပြီး နိုင်ငံသားများအား မလိုအပ်ဘဲနေအိမ်အပြင်ထွက်ခြင်းမှ ရှောင်ကြဉ်ရန် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ နိုင်ငံသားများအား နှာခေါင်းစည်းဝတ်ဆင်စေခြင်းနှင့် ခပ်ခွာခွာနေထိုင်စေခြင်းတို့ကဲ့သို့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀၀၀၀ ကျော်ရှိလာ

**တီဟီရန် မေ ၂၇**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစံချိန်တင်ဖြစ်ပွားခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၀၀၀၀ ကျော်ရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၉၆ ဦးရှိခဲ့ကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုစတင်ဖြစ်ပွားခဲ့ပြီးနောက် နေ့စဉ်ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအမြင့်ဆုံးဖြစ်ခဲ့ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၇၀၀၇၀ အထိရှိလာခဲ့သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၂၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၄၁၇၂၃၀ အထိရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၁၈၉၂၂၉ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာ ၅၂၄ ဦးသာ ကျန်ရှိတော့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






## အီဂျစ်နိုင်ငံ၌ Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြု

**ကိုင်ရို မေ ၂၇**

အီဂျစ်နိုင်ငံ၌ တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန်အတွက် အီဂျစ်နိုင်ငံဆေးဝါးအာဏာပိုင်အဖွဲ့အစည်းက အတည်ပြုပေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ခြင်းသည် အီဂျစ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေးကြိုးပမ်းမှုနှင့် နိုင်ငံသားအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း အီဂျစ်နိုင်ငံ ဆေးဝါးအာဏာပိုင်အဖွဲ့၏ အကြီးအကဲ မာမွတ်ယာဆင်းက ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံသည် လက်ရှိတွင် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ရုရှားနိုင်ငံထုတ် Sputnik V ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ အောက်စဖို့ဒ်တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတို့ကိုလည်း အရေးပေါ်အသုံးပြုခွင့်အတွက် အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီဂျစ်နိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ပြီး အစိုးရဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများအား ဦးစားပေးထိုးနှံပေးခဲ့ကြောင်း သိရသည်။**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဥရုဂွေးသမ္မတ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူ

**မွန်တီဗီဒီယို မေ ၂၇**
ဥရုဂွေးသမ္မတ လူးဝစ်လာကယ်လီပူးသည် မေ ၂၆ ရက်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မွန်တီဗီဒီယိုရှိ မာစီရယ်အမည်ရှိ ပုဂ္ဂလိကဆေးရုံတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ကာကွယ်ဆေးထိုးနှံပေးသည့် အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိပါကြောင်း ဥရုဂွေးသမ္မတ လူးဝစ်လာကယ်လီပူးက တွစ်တာ စာမျက်နှာမှတစ်ဆင့် ပြောကြားခဲ့သည်။

ဥရုဂွေးသမ္မတ လူးဝစ်လာကယ်လီပူးသည် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မတ်လကုန်ပိုင်းက ထိုးနှံမှုခံယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဥရုဂွေးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို မတ် ၁ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဥရုဂွေးနိုင်ငံလူဦးရေ၏ ၃၂ ရာခိုင်နှုန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ဥရုဂွေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်နောက်ပိုင်းမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၈၄၈၆၅ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၂၆ ဦးရှိကြောင်း သိရသည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**





# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇ ဒသမ ၆၃၆ သန်းအထိ ရှိလာ

**နယူးဒေလီ မေ ၂၇**
အိန္ဒိယနိုင်ငံ၌လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂၃၁၄၄ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၇၆၃၆၃၀၇ ဦးအထိ ရှိလာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် သုံးသိန်းကျော်ရှိခဲ့သည်မှာ ခြောက်ရက်ဆက်တိုက် ရှိခဲ့ပြီဖြစ်ကြောင်းလည်း သိရသည်။ အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၇၁ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၉၇၈၉၄ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ စုစုပေါင်း ၁၄၅၅၆၂၀၉ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာ ၂၈၈၂၀၄ ဦးရှိကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၄၅ သန်းကျော် ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိနှင့် စပ်လျဉ်း၍ ပြည်သူသန်း ၂၈၀ ကျော်အား စမ်းသပ်စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုအများဆုံးဒေသဖြစ်ပြီး နယူးဒေလီတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၀၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၈၀ ရှိကြောင်း သိရသည်။ လက်ရှိတွင် မြို့တော် နယူးဒေလီ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၄၆၂၈ ဦးအထိ ရှိလာခဲ့ကြောင်း နယူးဒေလီ ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၄၈၆၀၈၄၄၈ | ဦး |
| သေဆုံးသူ | ၃၁၃၆၇၅၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၆၄၀၆၆၇၈ | ဦး |

# အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကျဆင်းလာ

**ရောမ မေ ၂၇**
အီတလီနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ကျဆင်းလာသဖြင့် စားသောက်ဆိုင်များ၊ ဘားဆိုင်များ၊ ပြင်ပအားကစားလေ့ကျင့်ရေးကွင်းများကို ယမန်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားမှု ကျဆင်းလာသော အဝါရောင်အဆင့် သတ်မှတ်ထားသည့် ဒေသ ၁၄ ခုတွင် စားသောက်ဆိုင်များ၊ ဘားဆိုင်များ၊ ပြင်ပအားကစားလေ့ကျင့်ရေးကွင်းများကို ဖွင့်လှစ်ခဲ့သည်။ ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများကို တဖြည်းဖြည်းချင်း ရုပ်သိမ်းသွားရန် တာဝန်ရှိသူများက ဆောင်ရွက်နေပြီး လုပ်ငန်းဆောင်ရွက်ခြင်းမှ တားမြစ်ထားသော ကဏ္ဍများကို ဧပြီလနှောင်းပိုင်းမှ ဇူလိုင်လအစောပိုင်းကာလအတွင်း ပြန်လည်ဖွင့်လှစ်သွားရန် ဆောင်ရွက်နေသည်။

အီတလီနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၄၄၄ ဦး ယမန်နေ့က တွေ့ရှိသဖြင့် နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ ၃ ဒသမ ၉ သန်းကျော် ရှိခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀၁ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၉၅၃၉ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အီတလီနိုင်ငံအတွင်း ယူရိုငွေ ၂၄၈ ဘီလီယံ တန်ကြေး ရှိသော ပြန်လည်ထူထောင်ရေးအစီအစဉ် တစ်ရပ်ကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းပြန်လည်ထူထောင်ရေးအစီအစဉ်ကို နောက်ဆုံးအဆင့် ပြန်လည်သုံးသပ်နိုင်ရန်အတွက် ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂအဖွဲ့သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းပြန်လည်ထူထောင်ရေး အစီအစဉ်ကို အတည်ပြုပြီးပါက ဥရောပသမဂ္ဂအဖွဲ့မှ ထောက်ပံ့ငွေအများစုဖြင့် ၎င်းအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အီတလီနိုင်ငံအတွင်းရှိ နိုင်ငံသား ၅ ဒသမ ၂ သန်းမှာ ကာကွယ်ဆေးအကြိမ်ရေအပြည့် ထိုးနှံမှုခံယူပြီးစီးခဲ့ကြောင်း သိရသည်။
**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ**



# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၃၉ ဦးရှိ

**ဆော်ပေါ်လို မေ ၂၇**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၃၉ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၃၉၁၉၃၆ ဦးအထိ ရှိလာကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၆၃၆ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၄၃၆၉၄၂၃ ဦးအထိ ရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ယခုနှစ် နှစ်စပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ပိုမိုမြင့်တက်လာခဲ့ပြီး နိုင်ငံ၏ကျန်းမာရေးစနစ်သည်လည်း ကူးစက်မှု မြင့်တက်လာမှုကြောင့် ယိုယွင်းမှုများ ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၄၁ ဒသမ ၆ သန်း ရှိသွားပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဧပြီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တွင် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သော ဒေါ်နီလာကျော်အပေါ် လုပ်ထုံးလုပ်နည်းနှင့်မညီသော လုပ်ငန်းဆောင်ရွက်မှုများကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ လိုအပ်သလို စုံစမ်းစစ်ဆေးအရေးယူနိုင်ရန် တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်သည် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်သည့် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က Quality Controller Company ရွေးချယ်ရေးအဖွဲ့၌ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၎င်း၏လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ၎င်းနှင့် ခင်မင်ရင်းနှီးသည့်ကုမ္ပဏီကို Quality Controller Company အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်း၊ အရည်အသွေးစစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းချထားပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်း လုပ်ငန်းစုစုပေါင်း ၁၅၇၇ ခုမှ အရည်အသွေး စစ်ဆေးခအဖြစ် ဝင်ငွေ ငွေကျပ်သိန်း ၁၆၆၀၀ ကျော်ကို ရရှိစေခဲ့ပြီး ၎င်းကုမ္ပဏီထံမှ ငွေကျပ် ၉၁၈ ဒသမ ၂၄ သိန်းကို ၎င်းကိုယ်တိုင် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ် ၅၉၅ ဒသမ ၃၆ သိန်းကို ၎င်း၏အိမ်အကူမှ တစ်ဆင့် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ် သိန်း ၂၁၃၀ ကို ၎င်းကိုယ်စားပုဂ္ဂိုလ်တစ်ဦးထံသို့ သွားရောက်အကြွေးဆပ်စေခြင်းဖြင့် စုစုပေါင်းငွေကျပ် သိန်း ၃၆၄၃ ဒသမ ၆၀ ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်အရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

■






# ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ခားထိုးမှုဖြစ်ပွားပြီး နှစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဧပြီ ၂၇**

ကချင်ပြည်နယ် ရွှေကူမြို့နယ်၌ ဧပြီ ၂၅ ရက်က ခားထိုးမှုဖြစ်ပွားပြီး နှစ်ဦးသေ၊ နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ရွှေကူမြို့နယ် မိုးစစ်ကျေးရွာနှင့် မြို့ကုန်းကျေးရွာသွားလမ်းဘေး၌ နေထိုင်သူ မမျိုးသည် ခင်ပွန်းဖြစ်သူ ဝင်းပိုင်၊ အတူနေအလုပ်သမားဖြစ်သူ ကတုံးနှင့် ပွားပွား(ခ)ထွန်းမြင့်အောင်တို့နှင့်အတူ နေအိမ်၌ရှိနေစဉ် ရေလဲကျေးရွာနေ အောင်သူ(ခ)အောင်သူရဝင်းပါ လေးဦးရောက်ရှိလာပြီး ယခင်စကားများသည့်ကိစ္စနှင့်ပတ်သက်၍ မကျေနပ်သဖြင့် အသင့်ပါလာသော ခားဦးချွန်များဖြင့် ဝိုင်းဝန်းထိုးခုတ်ရာ မမျိုးနှင့် ပွားပွား (ခ)ထွန်းမြင့်အောင်တို့တွင် ဒဏ်ရာများရရှိပြီး ဝင်းပိုင်နှင့် ကတုံးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားသောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ အောင်သူ(ခ)အောင်သူရဝင်းပါ လေးဦးအား ရွှေကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာလွန်ချမ်းသာ

# မြစ်ကြီးနား၊ ဘုတ်ပြင်း၊ ကျွန်းစုနှင့် မြိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် ကရိန်နေ်လမ်းတွင် အောင်မိုင်မောင်းနှင်လာသည့် PRADO အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူသုည ဒသမ ၈၈ ကီလိုကိုလည်းကောင်း၊ ထို့အတူ ဧပြီ ၂၅ ရက် ည ၇ နာရီခွဲတွင် ဘုတ်ပြင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စု ချောင်းကရုက်ကျေးရွာနေ အောင်ကျော်အေး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ နေလင်းဦး(ခ)ပြူးကြောင်နှင့် မောင်အေးတို့ကို တွေ့ရှိရပြီး ၎င်းတို့မှာ ထွက်ပြေးသွားကြောင်းနှင့် နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄၇ ပြား ကိုလည်းကောင်း။

အလားတူ ထိုနေ့ နံနက် ၁၀ နာရီတွင် ကျွန်းစုမြို့နယ် ကဘင်ကျေးရွာအုပ်စု ကျောက်ပုံချောင်းကျေးရွာ ကဘင်ချောင်းအတွင်း၌ မသင်္ကာဖွယ်စက်လှေတစ်စင်းအား တွေ့ရှိ၍ စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဝင်းဌေး၊ ဇေသီးနှင့် ရဲထိုက်တို့ သုံးဦးမှာ စက်လှေပေါ်တွင်တင်ဆောင်လာသည့်ဆာလာအိတ်များကို ရေထဲသို့ပစ်ချ၍ မောင်းနှင်ထွက်ပြေးသွားသောကြောင့် ပူးပေါင်းအဖွဲ့က အဆိုပါ ဆာလာအိတ်များကို ဆယ်ယူဖွင့်ဖောက်စစ်ဆေးရာ ဘိန်းစာမှုန့် ၃၀၇ ဒသမ ၅ ကီလိုကိုလည်းကောင်း၊ ထို့နောက် ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မြိတ်မြို့နယ် ကြေးနန်းတိုင်ကျေးရွာ ကြေးနန်းတိုင်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မချိုချိုသိန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစာမှုန့် ၁၄ ကီလိုသိမ်းဆည်းရမိခဲ့ပြီး အလားတူ ညနေ ၄ နာရီ မိနစ် ၄၀ တွင် အဆိုပါနေရာ၌ပင် မဖြူဖြူချစ် မောင်းနှင်ပြီး မဂျစ်ဇနီး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစာမှုန့် ၂၄ ဒသမ ၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၀ ဒသမ ၁၇၄၄ တန်၊ သစ်မာ ၁၁ ဒသမ ၇၆၄၂ တန်၊ အခြား ၆၂ ဒသမ ၉၉၁၃ တန် စုစုပေါင်း ၉၄ ဒသမ ၉၂၉၉ တန်၊ ပြစ်မှုကျူးလွန်သူ ၁၄ ဦး၊ ယာဉ်/ ယန္တရား ခြောက်စီး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**

# မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်၊ အဆောက်အအုံများ ပျက်စီးမှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၇**

ကယားပြည်နယ် ရှားတောမြို့နယ်အတွင်း ဧပြီ ၂၆ ရက် နံနက် ၁ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် မြောက်ပိုင်းစုစည်းကျေးရွာ၌ နေအိမ်တစ်လုံးအမိုးလန်ပျက်စီးခဲ့ကြောင်း၊ အလားတူ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ဖရူဆိုမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်ပြီး သစ်ပင်လဲကျပိမိမှုကြောင့် ထီးတရဲရပ်ကွက်ပါ ရပ်ကွက်/ကျေးရွာ လေးခု၌ 11 KVA ကွန်ကရစ်တိုင် ငါးတိုင်ပျက်စီးခဲ့ကြောင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၏ ပင်မဆောင်မျက်နှာကြက်ကွာကျပျက်စီးခဲ့ပြီး အိမ်သာခေါင်မိုးနှင့် နေအိမ်မီးဖိုဆောင် နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့အပြင် ည ၇ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ကံမမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ပြောင်ကျကျေးရွာ၌ နေအိမ်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

# အသုံးချခံနယ်ရုပ်များ မဖြစ်စေလို

## မောင်သောင်းဝင်း(တမန်ဟောင်း)

ပြီးခဲ့သည့်ရက်များက CDM ထောက်ပံ့ငွေများကို လိမ်လည်သွားသည့်သတင်းများ ဆက်တိုက်ဖတ်ရှုခဲ့ရသည်။ ဒေါ်လာစားများ၏ နောက်ကွယ်မှ လှုံ့ဆော်မှုကြောင့် CDM လုပ်ဆောင်ရင်း အသက်ပေးသွားရသည့် ဖြူစင်သောလူငယ်များအတွက် များစွာစိတ်မကောင်းဖြစ်မိသည်။ အလားတူ ကယ်ဆယ်ရေးအထူးတပ်ဖွဲ့ (RTF) ဆိုသော အဖွဲ့တစ်ဖွဲ့ကလည်း ဆယ်ကျော်သက်အရွယ်များကို လူကုန်ကူးနေဖွယ်ရာရှိသည်ဆိုသော သတင်းမှာလည်း လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိသည်။ ထိုသတင်းသာ အမှန်ဆိုလျှင်တော့ မိဘများအနေဖြင့် မိမိရင်သွေးငယ်များကို လွှတ်မထားသင့်တော့ပေ။ မိဘအုပ်ထိန်းသူများအနေဖြင့် မိမိသားသမီးများနှင့် လူငယ်များ၏ အနာဂတ်ကို သွေးဆောင်ဖြားယောင်း လှုံ့ဆော်နေသူများ၏ လက်ဝယ်သို့ ဝကွက်အပ်မထားသင့်တော့ပေ။ အချိန်မီနားချ ထိန်းကျောင်းသွားရန် လိုအပ်ပေသည်။

### မင်းမဲ့စရိုက်ဆန်လာ

NLD အပါအဝင် ပြည်ပသြဇာခံများ၏ လှုံ့ဆော်စည်းရုံးမှုကြောင့် တချို့သောအောက်ခြေဝန်ထမ်းများသည် ဖေဖော်ဝါရီလဆန်းပိုင်းက CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ကြသည်။ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့် CDM မလုပ်သော ဝန်ထမ်းများကိုလည်း ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများလုပ်ဆောင်ခဲ့သည်။ ထို့အပြင် လူငယ်များမှာလည်း နိုင်ငံရေးကြောင်ဖားကြီးများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် လမ်းပေါ်သို့ ထွက်လာကြသည်။ သာမန်ဆန္ဒဖော်ထုတ်နေသည့် အဆင့်မှသည် ပြည်သူပိုင်ပစ္စည်းများကို ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့များကို ဂျင်ကလိ၊ လေးခွ၊ တုတ်၊ ဓား၊ ခဲ၊ ဂုံးသီးများဖြင့် ကိုယ်ထိလက်ရောက် ပစ်ခတ်ရိုက်နှက်ရန်ရှာလာခြင်း၊ အများပြည်သူသွားလာနေသည့်လမ်းမကြီးများအား တားဆီးပိတ်ဆို့ဟန့်တားခြင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား ဝိုင်းဝန်းဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ ခေါင်းတုံးရိတ်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ မျက်နှာကို တက်တူးထိုးခြင်း၊ စစ်မှုထမ်းဟောင်းများအား ဖမ်းဆီးရန်ရှာ ရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းစသည့် မင်းမဲ့စရိုက်ဆန်သောလုပ်ရပ်များကို လက်ရဲဇက်ရဲ လုပ်ဆောင်လာကြသည်။ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

### ဝါဒမှိုင်းမိနေ

လက်ရှိအချိန်တွင် လူငယ်များအပြင် လူကြီးများသည်လည်း ဝါဒမှိုင်းမိနေကြပြီ ဖြစ်သည်။ တချို့သောပါမောက္ခကြီးများ၊ ပါရဂူကြီးများ၊ ကထိကများသည်ပင်လျှင် မြေပေါ်၊ မြေအောက် နိုင်ငံရေးသမားများ၏ သွေးထိုးမြှောက်ပင့်လှုံ့ဆော် ပြောဆိုမှုများအတိုင်း လိုက်ပါလုပ်ဆောင်လျက် ရှိကြသည်။ တချို့သောဆေးပညာရှင်များကလည်း အလားတူလုပ်ရပ်မျိုး လုပ်ဆောင်လျက်ရှိကြသည်။ အမှန်ကတော့ မက်မောလောက်သောငွေကြေး ရရှိထားသဖြင့် ထိုသို့လုပ်ဆောင်နေခြင်း ဖြစ်သည်။ စိတ်မကောင်းစရာပင် ဖြစ်သည်။

အဆိုးရွားဆုံးလုပ်ရပ်များမှာ တချို့သောရပ်ကွက်များတွင် တရားဥပဒေစိုးမိုးရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့များ ဝင်မလာစေရန် လမ်းမများပေါ်၌ ကြိုးများတန်းပြီး ဆရာတော်ကြီးများ၏ ဓာတ်ပုံများကို ထဘီများ၊ စကပ်များနှင့်အတူ တွဲ၍ချိတ်ထားခြင်းပင် ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအရ လက်ခံနိုင်ဖွယ်ရာမရှိသောလုပ်ရပ်များပင် ဖြစ်သည်။ ထိုလုပ်ရပ်များအတွက် ခန္ဓာနှင့်ပေးဆပ်ကြရမည်ဖြစ်သည်။ သံဃာကိုပြစ်မှားသူများအတွက် သွားရမည့်နေရာသည် ငရဲပင်ဖြစ်သည်။ ယုတ်ညံ့သောလုပ်ရပ်များပင် ဖြစ်သည်။

> **လက်ရှိအချိန်တွင် လူငယ်များအပြင် လူကြီးများသည်လည်း ဝါဒမှိုင်းမိနေကြပြီ ဖြစ်သည်။ တချို့သောပါမောက္ခကြီးများ၊ ပါရဂူကြီးများ၊ ကထိကများသည်ပင်လျှင် မြေပေါ်၊ မြေအောက်နိုင်ငံရေးသမားများ၏ သွေးထိုးမြှောက်ပင့်လှုံ့ဆော် ပြောဆိုမှုများအတိုင်း လိုက်ပါလုပ်ဆောင်လျက်ရှိကြသည်။ တချို့သော ဆေးပညာရှင်များကလည်း အလားတူလုပ်ရပ်မျိုး လုပ်ဆောင်လျက်ရှိကြသည်။ အမှန်ကတော့ မက်မောလောက်သော ငွေကြေးရရှိထားသဖြင့် ထိုသို့လုပ်ဆောင်နေခြင်းဖြစ်သည်။ စိတ်မကောင်းစရာပင်ဖြစ်။**

### လူမှုကွန်ရက်ပေါ်က လွှတ်တော်နှင့်အစိုးရအဖွဲ့

တရားမဝင်ဖွဲ့စည်းထားသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)အဖွဲ့သည် အစိုးရဖွဲ့စည်းခြင်း၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ ဝရမ်းပြေးများကို ဝန်ကြီးခန့်အပ်ခြင်းစသည့် ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ အမှန်တော့ CRPH နှင့် CRPH ကဖွဲ့စည်းထားသော အဖွဲ့အစည်း များနှင့် ဝန်ကြီးများသည် လူမှုကွန်ရက်ပေါ်က လွှတ်တော်နှင့် အစိုးရအဖွဲ့များသာဖြစ်ပြီး လေထဲမှာဖွဲ့ကာ လေထဲမှာပင် ပျောက်ကွယ်သွားမည်ဖြစ်သည်။ အကျိုးအကြောင်း၊ အဆိုးအကောင်းကို ချင့်ချိန်နိုင်စွမ်းအားနည်းသူတချို့သည် CRPH ၏လုပ်ဆောင်ချက်ကို ထောက်ခံလျက်ရှိသည်။

အမှန်တော့ ထိုလုပ်ရပ်များကို လုပ်ဆောင်နေကြသူများနှင့်ထောက်ခံသူများသည် နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်နေကြသူများပင် ဖြစ်သည်။ သာဓကအနေဖြင့် ၁၉၈၈ ခုနှစ် အရေးအခင်းလွန်ကာလကလည်း ပြည်ပြေးစိန်ဝင်း ခေါင်းဆောင်သည့်အဖွဲ့သည် လွတ်မြောက်နယ်မြေတစ်နေရာတွင် NCGUB ခေါ် အဝေးရောက် ယှဉ်ပြိုင်အစိုးရတစ်ရပ်ဖွဲ့စည်းခဲ့သေးသည်။ ထိုစဉ်ကလည်း NCGUB ကို မည်သူမျှ အသိအမှတ်မပြုခဲ့ချေ။ အမှန်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ရပ်တည်လျက်ရှိသည့် အစိုးရနှင့်အပြိုင် ယှဉ်ပြိုင်အစိုးရတစ်ရပ်ဖွဲ့စည်းခြင်းသည် အဓိပ္ပာယ်မဲ့သော လုပ်ရပ်တစ်ခုပင်ဖြစ်သည်။ စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မကျသောလုပ်ရပ်များကို ကျူးလွန်နေခြင်းပင် ဖြစ်သည်။ အတတ်ပညာသာရှိပြီး အသိပညာမဲ့သော လုပ်ရပ်များပင် ဖြစ်သည်။ အသိခေါက်ခက် အဝင်နက်နေခြင်းပင်ဖြစ်သည်။

### အမေကျော် ထွေးတော်လွှမ်းနေကြ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆန္ဒပြသူများအား ညင်သာစွာကိုင်တွယ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် တရားဥပဒေ စိုးမိုးရေးအတွက် အကြမ်းဖက်လာသူများကို အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဖြိုခွင်းလျက်ရှိသည်။ နိုင်ငံတကာဆန္ဒပြမှုများတွင် နှိမ်နင်းဖြိုခွင်းမှုများထက် များစွာညင်သာပျော့ပြောင်းသည်။ လက်ရှိအခြေအနေအရ မည်သည့်နိုင်ငံခြားတပ်မျှ တိုင်းပြည်အတွင်းသို့ ဝင်ရောက်နိုင်မည် မဟုတ်ချေ။ မြန်မာနိုင်ငံ၏ပကတိအခြေအနေသည် အမေကျော် ထွေးတော်လွှမ်းနေသူများ၊ ပြည်ပအားကိုး ပုဆိန်ရိုး များ၏ စိတ်ကြိုက်ဖြစ်လာမည်မဟုတ်ချေ။ မျိုးချစ်စိတ်ဓာတ်ရှိသော မြန်မာလူမျိုးများ ကိုယ်တိုင် မြန်မာနိုင်ငံ၏ အနာဂတ်ကို ဖန်တီးပုံဖော်တည်ဆောက်သွားမည်ဖြစ်သည်။ မိမိလူမျိုး၊ မိမိတိုင်းပြည်ကို ချစ်ခင်တန်ဖိုးထားတတ်သည့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကိုသာ အခြေခံထားမည်ဆိုလျှင် မည်သည့်နိုင်ငံမျှ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်မည် မဟုတ်ချေ။

### အသုံးချခံနယ်ရုပ်များ မဖြစ်စေလို

လက်ရှိအချိန်တွင် CDM လုပ်ဆောင်နေသူဝန်ထမ်းအများစုသည် လူငယ်များသာဖြစ်သည်။ ထို့ပြင် လမ်းပေါ်ထွက်လူအုပ်ရှေ့မှဆန္ဒပြနေကြသူများသည်လည်း ဆယ်ကျော်သက်အရွယ်လူငယ်များပင်ဖြစ်သည်။ လက်သည်မပေါ်သည့် အကြမ်းဖက်သမားများ၏ လက်ချက်ကြောင့် လူငယ်အချို့အသက် ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ တချို့သော ဝန်ထမ်းများမှာလည်း CDM လုပ်ဆောင်မှုကြောင့် ဌာနစည်းမျဉ်းစည်းကမ်းအရ အလုပ်ပြုတ်သွားကြပြီဖြစ်သည်။ တချို့သည် ဝန်ထမ်းအိမ်ရာမှ ဖယ်ရှားပေးနေရပြီ ဖြစ်သည်။ တချို့သည် အမှုဖွင့်အရေးယူခံနေရပြီ ဖြစ်သည်။

ထိုသို့သောအခြေအနေမျိုးတွင် ပြည်ပအထောက်အပံ့ ဒေါ်လာသန်းချီ၍ရနေသည့် နိုင်ငံရေး ကြောင်ဖားကြီးများ၊ လက်မည်းကြီးများသည် CDM ထောက်ပံ့ငွေများကို လိမ်လည်ပြီး ခြေရာဖျောက်သွားကြပြီ ဖြစ်သည်။ အလားတူ RTF ဆိုသောအဖွဲ့ကလည်း လူငယ်များကို သွေးဆောင်လှည့်ဖြားစည်းရုံးသိမ်းသွင်းပြီး ကုပ်သွေးစုပ်ရန် ကြံစည်လျက်ရှိကြသည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအပါအဝင် မျိုးဆက်သစ်လူငယ်များအနေဖြင့် အစွန်းရောက်အတွေးအခေါ်စီးဆင်းနေသူများ၊ပြည်ပအထောက်အပံ့များယူပြီး နိုင်ငံရေးလုပ်စားနေသူများ၊ ပြည်ပအားကိုးပုဆိန်ရိုးများ၊ သွေးထိုးလှုံ့ဆော်နေသူများနှင့် မျိုးချစ်စိတ်ဓာတ် ကင်းမဲ့နေသောသူများ၏ အသုံးချခံနယ်ရုပ်များ မဖြစ်စေရန် အရှည်မြော်တွေးပြီး တွေးဆဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

❐

☆ **ဝါးတန်း–ဒလမှ**

တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်းမှာ စောင့်နေရပေမယ့် ခုတော့ ရေယာဉ်နှစ်စင်းဖြစ်သွားတဲ့အတွက်ကြောင့် သက်မှတ်အစင်းရေနဲ့ အချိန်ပြည့်ပြီဆိုရင် ရောက်ထွက် ရောက်ထွက်လည်းဖြစ်တာမို့ သွားရေးလာရေးက ပိုပြီးအဆင်ပြေသွားပါတယ်။ရေယာဉ်တစ်စင်းမှာကားအကြီး၊အသေးပျမ်းမျှအနေနဲ့ ၂၅ စီးကနေ အစီးရေ ၃၀ လောက်ထိပါပြီး ပိတ်ရက်မရှိပြေးဆွဲပေးနေပါတယ်။ရုံးပိတ်ရက် ဈေးပိတ်ရက်တွေကတော့ အသွားအလာနည်းတာပေါ့ "ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန မှ လက်ထောက် မန်နေဂျာ ဦးအောင်ကျော်ဦး ကပြောသည်။

''RO RO ဖယ်ရီ'' ဇက်ရေယာဉ်ခေါက်ရေ တစ်ခေါက်လျှင် အိမ်စီးကားနှင့်အခြား ကုန်တင်ယာဉ်ငယ် ၂၅ စီးမှ အစီးရေ ၃၀ အထိ ကားအရွယ်အစားအလိုက် တင်ဆောင်နိုင်ကြောင်း၊ဇက်ရေယာဉ်သည် ကားများအားမောင်း တက်/မောင်းဆင်း ပြုလုပ် နိုင်ပြီး သွားလာရလွယ်ကူစေကြောင်းသိရသည်။ တစ်တန်အောက် အိမ်စီးကားများကို တစ်စီးလျှင် ငွေကျပ် ၂၅၀၀၊ ၁ တန်နှင့် ၂ တန်ကြား ယာဉ်များကို တစ်စီးလျှင် ငွေကျပ် ၃၀၀၀၊ ၂ တန်နှင့် ၃ တန်ကြားယာဉ်များကိုတစ်စီးလျှင်ငွေကျပ် ၄၀၀၀၊ ၃ တန်နှင့် ၆ တန်ကြားယာဉ်များကို တစ်စီးလျှင် ငွေကျပ် ၅၀၀၀၊ ၆ တန် နှင့် ၁၂ တန်ကြားယာဉ်များကို တစ်စီးလျှင် ငွေကျပ် ၈၀၀၀ နှင့် ကုန်တစ်တန်လျှင်ငွေကျပ် ၂၀၀၀ ကောက်ခံကြောင်း ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာနမှ သိရသည်။

ရောဝတီတိုင်းဒေသကြီး ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သော ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲနှင့်မအူပင်မြို့များ အပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကွမ်းခြံကုန်း၊ကော့မှူး၊ တွံတေးမြို့နယ်နှင့် အခြားဝန်းကျင်ဒေသများမှ ယာဉ်များမှာအဆိုပါ ရန်ကုန်မြစ်ကူး ''ဝါးတန်း–ဒလ'' ဇက်ကူးတို့လမ်းအားနေ့စဉ်သွားလာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

သတင်း – ပွင့်သစ္စာ
ဓာတ်ပုံ – စိုးမြင့်အောင်



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဧရာဝတီတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖျာပုံခရိုင်အတွင်းရှိ အင်းလုပ်ငန်းရှင်များ ငါးလုပ်ငန်းဆိုင်ရာတိုးတက်မြင့်မားရေး ဆွေးနွေးပွဲတက်ရောက်



**ဖျာပုံ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီနှင့် ဖျာပုံခရိုင်အတွင်းရှိ အင်းလုပ်ငန်းရှင်များ ငါးလုပ်ငန်းဆိုင်ရာ တိုးတက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်/ မြို့နယ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖျာပုံခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ကြေးတိုင်အင်း၊ လေလံအင်း၊ အစုအဖွဲ့အင်းသားကြီးများနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ် ဦးစီးဌာနမှူးများ တက်ရောက်ခဲ့ပြီး ကြေးတိုင်အင်း၊ လေလံအင်း၊ အစုအဖွဲ့အင်းလုပ်ကိုင်ကြသည့် အင်းလုပ်သားကြီးများက ငါးဖမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဖြေရှင်းပေးနိုင်သည့် အချက်အလက်များနှင့် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပံ့ပိုးပေးရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် သက်တမ်းတိုးကြေးတိုင်အင်းများ လျှောက်ထားခြင်းအား ခွင့်ပြုပေးပါရန်၊ သက်တမ်းတိုးကြေးတိုင်နှင့် အသစ်လျှောက်ထားသော ကြေးတိုင်အင်းများအား ယခင်နှစ်အင်းခွန်ငွေအပေါ် ခွင့်ပြုပေးပါရန်နှင့် ငါးမျိုးစိုက်ထည့်/ပြုပြင်ခြင်းကို ၃၀ ရာခိုင်နှုန်းအား ဆက်လက်ကောက်ခံရန် စသည့်ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲ ပြုလုပ်

**မန္တလေး မေ ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို တက်ရောက်အမှာစကားပြောကြားသည်။



**တက်ရောက်**

လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လုပ်ငန်းရှင်များ အခက်အခဲများမရှိ စိတ်ချမ်းမြေ့စွာ အကောင်အထည်ဖော် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းခြင်းဖြစ်ကြောင်း၊ လုပ်ငန်းရှင်များဘက်မှလည်း မိမိအကျိုး၊ ပြည်သူလူထုအကျိုး၊ နိုင်ငံတော်အကျိုးများကို ရှေးရှုပြီး ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ ယနေ့ ဆွေးနွေးကြသည့် လုပ်ငန်းရှင်များသည် အသိပညာရှင် အတတ်ပညာရှင်များဖြစ်ပြီး တိုင်းဒေသကြီးကောင်စီနှင့် ပညာရှင်များ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းရှင်များ မနစ်နာစေသကဲ့သို့ ပြည်သူလူထုနှင့် တိုင်းပြည်အတွက်ပါ အကျိုးဖြစ်ထွန်းစေရန် မိမိအနေဖြင့် ဆောင်ရွက်စေချင်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်နေသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှ တစ်ခုဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်ဆိုသည့်အတိုင်း စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်နှင့် ပြည်သူများပူးပေါင်း၍ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်မှသာ အခွန်အခများကို နိုင်ငံတော်အား ပေးဆောင်နိုင်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းဖြစ်စေ မျှတမှန်ကန်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိအတွက် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိပြီး စေတနာဖြင့် ပြည်သူ့အကျိုးအတွက်လည်း ဆောင်ရွက်ပေးစေလိုပါကြောင်း၊ လုပ်ငန်းရှင်များ၏ အခက်အခဲများအပေါ် သက်ဆိုင်ရာဌာနများမှလည်း ထည့်သွင်းစဉ်းစားပေးစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားလုံးက ပူးပေါင်းဆောင်ရွက်စေချင်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

၎င်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးကျော်ကျော်မင်းက တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လုပ်ငန်းရှင်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သည့် အခက်အခဲများကိုလည်းကောင်း၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင် အဖွဲ့ဝင်(၃) ဦးမျိုးအောင်က တည်ဆောက်ရေးလုပ်ငန်းရှင်များ လတ်တလော ကြုံတွေ့နေရသော အခက်အခဲများဖြစ်သည့် ငွေကြေးရေး အခက်အခဲများ၊ တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူရာတွင် ဈေးနှုန်းများ မြင့်မားနေခြင်းများ၊ လုပ်သားအခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ အဖွဲ့ဝင်(၄) ဦးသိန်းဌေးက ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ လည်းကောင်း၊ အဖွဲ့ဝင်(၇) တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က စာချုပ်စာတမ်းပါ စည်းကမ်းချက်များနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာ အကြံပြုချက်များကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်ချက်များအတွင်းမှ ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များကလည်း ၎င်းတို့၏ ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက လုပ်ငန်းရှင်များ တင်ပြဆွေးနွေးလာသည့် အချက်များနှင့် လုပ်ငန်းရှင်များ၏ လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မြိတ်မြို့နယ်ရှိ ကျေးရွာချင်းဆက် ပရည်တောင် - ဝန်ဖို့တံတား တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းခန့်ပြီးစီး

**မြိတ် မေ ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သဘွတ်ကျေးရွာအုပ်စု ပရည်တောင် ကျေးရွာနှင့် ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာတို့အား ဆက်သွယ်ပေးမည့် ပရည်တောင်-ဝန်ဖို့ ကျေးရွာချင်းဆက်ဘေလီသံဘောင်တံတားကို တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှုလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ယင်းတံတားတည်ဆောက်မည့် ဝန်ဖို့ကျေးရွာသည် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စုအတွင်းပါဝင်ပြီး ရေပတ်လည်ဝန်းရံလျက်ရှိသော ကျွန်းငယ်တစ်ကျွန်းပေါ်တွင်တည်ရှိကာ ရေလမ်းခရီးတစ်ခုတည်းကိုသာ အဓိကအားကိုးအားထား အသုံးပြုသွားလာနေရပြီး အခြားကျေးရွာများကဲ့သို့ ရေလမ်းခရီးကို လှေများဖြင့်အမြဲသွားလာ၍မရဘဲ ရေတက်၊ ရေကျချိန်ရှိသဖြင့် ရေကျချိန်များတွင် ကျောင်းသား ကျောင်းသူများနှင့် ကျန်းမာရေးမကောင်းသူများသည် ရွှံ့ညွန်များထဲဖြတ်သန်းသွားလာရသည့်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း အဆိုပါကျေးရွာနေ ပြည်သူများထံမှ သိရသည်။

"အရင်တုန်းက သွားရေးလာရေး ခက်ခဲတယ်၊ ကုန်းကြောင်းလည်း သွားမရ၊ ရေတက်ရေကျမှာ နုန်းမြေကြောင့် လှေနဲ့လည်းကူးမရဘူး၊ ကျောင်းသား ကျောင်းသူတွေ ရွှံ့ညွန်ထဲမှာ သွားရတယ်၊ အရေးပေါ်လူနာနဲ့ ကိုယ်ဝန်သည်တွေကို ရွှံ့ညွန်ထဲကနေ ချီပိုးပြီး သွားရတယ်၊ တကယ်ကို သွားရလာရတာ ပင်ပန်းခက်ခဲပါတယ်၊ ဒီတံတားကြီးပြီးစီးသွားရင်တော့ ရာသီမရွေး သွားရေးလာရေး အဆင်ပြေပြီး ကျေးရွာနေပြည်သူများရဲ့ လူမှုစီးပွားဘဝတွေ တိုးတက်လာနိုင်မှာဖြစ်ပါတယ်" ဟု ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာနေ အသက် ၅၂ နှစ်အရွယ်ရှိ ရပ်မိရပ်ဖတစ်ဦးက ပြောကြားသည်။

အဆိုပါ ပရည်တောင်-ဝန်ဖို့တံတားသည် အရှည်ပေ ၉၀၀၊ အကျယ် ၂၂ ပေ၊ ယာဉ်သွားလမ်း ၁၃ ပေ ကိုးလက်မ၊ ရေအောက်ကင်းလွတ်အမြင့် နှစ်ပေ၊ တံတားခန်းဖွင့် ၆၀ ပေ x ၁၅ပေ ခန်းရှိပြီး အချင်း သုည ဒသမ ၈ မီတာ၊ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်ကိုယ်ထည် ဘေလီသံဘောင်အမျိုးအစားတံတားဖြစ်ပြီး ခွင့်ပြုတန်ချိန် ၃၃ တန်ဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၉)က တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၂၇**

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီးအားကစားခန်းမတွင် မေ ၂၅ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၁ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ သည်။

ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဝင်(၁) ဗိုလ်မှူးကြီးလှမျိုးဆွေက ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုပညာပေးစည်းရုံးရေးလုပ်ငန်းများ၊ အားကစားလှုပ်ရှားမှုများ၊ ရာသီအလိုက် အားကစားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်၊ အားကစားနှင့်ပညာရေး ပေါင်းစပ်ခြင်းလုပ်ငန်းများဖြစ်သည့် အားကစားအသိပညာပေး ဟောပြောပွဲ၊ သရုပ်ပြပွဲများ၊ သင်တန်းများနှင့် တက္ကသိုလ်၊ အခြေခံပညာကျောင်းများ၌ နှစ်စဉ်ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်နိုင်အောင် ပံ့ပိုးဆောင်ရွက်ပေးကြရန်၊ အားကစားနည်းအလိုက် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးအောင်က တိုင်းဒေသကြီးအတွင်း ရာသီအလိုက် ပြုလုပ်မည့် အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်တာဝန်ခံများက ခရိုင်အလိုက် အားကစားလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ထားမှုများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ဆေးရုံဆေးခန်းများတွင် ပြသရန်အခက်အခဲရှိသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းနှင့် မြို့မကျောင်းလမ်းရှိ အမှတ်(၂)တပ်မတော်(ခုတင် ၅၀၀)ဆေးရုံတွင်လာရောက်ပြသနိုင်ကြောင်း သိရသည်။

နယ်ဆေးရုံများမှ လွှဲပြောင်းသောလူနာများနှင့် ဆင်းရဲချို့တဲ့သောလူနာများ နေ့စဉ်လာရောက်ပြသလျက်ရှိကြောင်း သိရသည်။

**စန္ဒာမိုး(ပြန်/ဆက်)**

# အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကောလင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မျိုးနှင့် တာဝန်ရှိသူများသည် မေ ၂၅ ရက်က ဝန်းသိုမြို့နယ် အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်းအား လမ်းအရည်အသွေး၊ သိပ်သည်းမှု CBR တိုင်းတာစစ်ဆေးခဲ့ကြသည်။

အဆိုပါကုန်ထုတ်လမ်းမှာ အရှည်နှစ်မိုင်ရှိပြီး အကျယ် ၁၂ ပေ၊ မြေသားတစ်ပေ၊ ဒုနှစ်လွှာ၊ ဂျင်းမြေကိုးလက်မ၊ ဒုတစ်လွှာ ထပ်ပိုးခင်းခြင်းလုပ်ငန်းဖြစ်ကြောင်း သိရသည်။

ယင်းကုန်လမ်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် အိမ်ခြေ ၉၉ အိမ်၊ လူဦးရေ ၅၂၀ ကျော်အတွက် အကျိုးပြုမည့်အပြင် လယ်နှင့် ယာမြေ ၂၀၂ ဧကကျော် စိုက်ပျိုးကြသည့် တောင်သူများ၏ လယ်ယာထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီ လျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ရန်ကုန်မြို့တော်အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဗားကရာလမ်း၊ ဗားကရာချောက်ရေနုတ်မြောင်းပိတ်ဆို့နေမှု၊ ဒဂုံမြို့နယ် ဦးဝိစာရလမ်းမှ ပြည်လမ်းအထိ ကတ်တုံးဘေးတစ်လျှောက်ရှိ ခဲ၊ သဲများ၊ မြက်ပင်များ ရှင်းလင်းခြင်းနှင့် ရေဆင်းနှာပေါက်များအတွင်း ရှင်းလင်းခြင်း၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလ လမ်းအကြား)တို့ရှိ သဲ၊ ခဲများကို ရှင်းလင်းခြင်းနှင့် ရေဆင်းနှာပေါက်များအတွင်း ရှင်းလင်းခြင်း၊ လသာမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း (မီးရထားခုံးကျော်တံတားမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအကြား)ရှိ သဲ၊ ခဲ၊ မြေစာများနှင့် နှာပေါက်များကို မြို့နယ်သန့်ရှင်းရေးဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ရှင်းလင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မဲရုံ ၁၆၉ ရုံ | ၁၅၈၆၅၉ | ၁၅၇၂၈၇ | ၃၁၃၄၁ | ၁၀၂၅ | ၁၄၆၅၄ |
| ၂ | ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဲရုံ ၁၇၆ ရုံ | ၁၃၈၄၆၂ | ၁၂၈၁၃၄ | ၂၁၂၄၉ | ၁၁၂၀ | ၁၄၇၂၄ |
| ၃ | ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မဲရုံ ၁၂၆ ရုံ | ၁၀၄၁၂၇ | ၁၀၆၂၆၅ | ၁၆၇၀၄ | ၅၄၅ | ၉၇၈၂ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ လက်ပံတန်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၄၇၁ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၄၄၉၃၆၅ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၈၇၁၉၈၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၆၂၁၆၇၊ မြေပြင်လက်ကျန် ၁၆၀၆၅၄ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၉၃၂၂ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၇၈၀၉ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကဝမြို့နယ် | ၁၆၉ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |
| ၂ | လက်ပံတန်းမြို့နယ် | ၁၇၆ | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |
| ၃ | အုတ်ဖိုမြို့နယ် | ၁၂၆ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |
| | စုစုပေါင်း | ၄၇၁ | ၄၄၉၃၆၅ | ၂၈၇၁၉၈ | ၁၆၂၁၆၇ | ၁၆၀၆၅၄ | ၉၃၂၂ | ၇၈၀၉ |

**ကဝမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မဲရုံစုစုပေါင်း ၁၆၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၇၉၃၂၀ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၁၄၁၇၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၇၉၀၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၉၉၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ပျောက်ဆုံးမဲလက်မှတ်များ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၆၇၆၅၀ | ၁၁၀၅၈၉ | ၅၇၀၆၁ | ၅၉၁၄၆ | ၃၁၃၉ | ၅၂၂၄ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၂၂ | ၈၂၈ | -၆ | ၁ | | ၇ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၈၄၈ | | ၁၀၈၄၈ | ၁၀၈၅၀ | | ၂ |
| | စုစုပေါင်း | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |

၆။ ကဝမြို့နယ်၊ ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု၊ မဲရုံပေါင်း ၁၆၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၁၃၉ ပျောက်ဆုံးနေပြီး ၅၂၂၄ အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ သဖြူကျေးရွာအုပ်စု မဲရုံ ၄ ရုံတွင် ထုတ်ယူရရှိသော မဲလက်မှတ်အရေအတွက် ၅၀၅၀ ဖြစ်သော်လည်း အသုံးပြုထားသည့် မဲလက်မှတ်အရေအတွက်မှာ ၅၁၄၇ ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထုတ်ပေးအရေအတွက်ထက် ၉၇ စောင် ပိုမိုသုံးစွဲထားသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၇ စောင် အပိုဖြစ်နေကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် မြို့နယ်ကြိုတင်မဲအဖြစ် အသုံးပြုရန် ၁၀၈၄၈ ထုတ်ယူရရှိထားသော်လည်း မြေပြင်လက်ကျန် ၁၀၈၅၀ ကျန်ရှိနေသဖြင့် ၂ စောင် ပိုနေသည်ကို တွေ့ရှိရပါသည်။



ကဝမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၇။ ကဝမြို့နယ်၊ နဘဲပင်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ အုန်းနဲ့ကျေးရွာအုပ်စု မဲရုံအမှတ်(၄)၊ ဝဲပတန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ကံအေးကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ အလယ်ကျေးရွာအုပ်စု မဲရုံအမှတ် (၁) တို့တွင် မဲရုံသို့ မဲလာပေးသည့် မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်း (ပုံစံ-၁) စာအုပ်၌ လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်းမရှိဘဲ ဆန္ဒမဲများထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၈။ ကဝမြို့နယ် မမောက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တွင်လည်း မဲရုံသို့ မဲလာပေးသည့် မဲဆန္ဒရှင်များသည် မဲဆန္ဒရှင်စာရင်း (ပုံစံ-၁) စာအုပ်တွင် လက်မှတ် သို့မဟုတ် လက်ဝဲလက်မ လက်ဗွေ ရေးထိုး/ ရိုက်နှိပ်ထားခြင်း မရှိဘဲ အမှန်ခြစ် ( √ ) အမှတ်အသားပြုဆန္ဒမဲများ ထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၉။ ကဝမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကဝရွာသစ်ရပ်ကွက် | ၁ | ၁၂၅၀ | ၁၂၄၀ | ၁၀ | ၃၁၀ | | ၃၀၀ |
| ၂ | တံတားကြီးရပ်ကွက် | ၁ | ၇၅၀ | ၅၅၄ | ၁၉၆ | ၁၉၆ | | |
| ၃ | ကျောင်းကြီးရပ်ကွက် | ၁ | ၁၀၅၀ | ၇၉၄ | ၂၅၆ | ၂၅၆ | | |
| ၄ | မင်းပိုင်းရပ်ကွက် | ၁ | ၉၀၀ | ၆၁၆ | ၂၈၄ | ၂၈၄ | | |
| ၅ | ရုံးကြီးရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၁၀ | ၂၄၀ | ၄၅၀ | | ၂၁၀ |
| ၆ | ခမေလေးရပ်ကွက် | ၁ | ၉၀၀ | ၇၀၆ | ၁၉၄ | ၁၉၄ | | |
| ၇ | ကန်တော်မင်္ဂလာရပ်ကွက် | ၁ | ၂၀၀၀ | ၆၁၄ | ၁၃၈၆ | ၅၈၆ | ၈၀၀ | |
| ၈ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၈၅၀ | ၅၅၄ | ၂၉၆ | ၂၉၆ | | |
| ၉ | ဈေးကြီးရပ်ကွက် | ၂ | ၂၅၀၀ | ၁၆၄၅ | ၈၅၅ | ၈၅၅ | | |
| ၁၀ | ဘူတာရပ်ကွက် | ၁ | ၁၆၅၀ | ၁၁၂၄ | ၅၂၆ | ၅၂၆ | | |
| ၁၁ | မြို့မစံပြရပ်ကွက် | ၁ | ၁၅၀၀ | ၉၉၇ | ၅၀၃ | ၅၀၃ | | |
| ၁၂ | ရွှေပြည်အေးရပ်ကွက် | ၁ | ၁၈၀၀ | ၁၂၂၉ | ၅၇၁ | ၅၇၁ | | |
| ၁၃ | ကြာတောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၇၂၁ | ၁၂၉ | ၁၂၉ | | |
| ၁၄ | ကျားတက်ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၄၁၉ | ၅၃၁ | ၅၃၁ | | |
| ၁၅ | ကျောင်းတိုက်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၇၃ | ၁၇၇ | ၁၇၇ | | |
| ၁၆ | ကမ်းပြောင်ကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၇၆ | ၂၇၄ | ၂၇၄ | | |
| ၁၇ | ခမေကြီးကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၁၁၁၇ | ၃၈၃ | ၃၈၃ | | |
| ၁၈ | ခနီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၁၃ | ၄၃၇ | ၄၃၇ | | |
| ၁၉ | ခနာကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၃၈ | ၄၆၂ | ၄၆၂ | | |
| ၂၀ | ခွဲကိုက်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၇၃ | ၃၂၇ | ၃၂၇ | | |
| ၂၁ | ဓိုးဖြူကုန်းကျေးရွာအုပ်စု | ၄ | ၂၈၀၀ | ၁၈၀၅ | ၉၉၅ | ၉၉၅ | | |
| ၂၂ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၅၉ | ၆၉၁ | ၅၅၁ | ၁၄၀ | |
| ၂၃ | နဘဲပင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၂၈၉ | ၆၁၁ | ၄၁၁ | ၂၀၀ | |
| ၂၄ | ပေါက်ကုန်းကြီးကျေးရွာအုပ်စု | ၃ | ၂၈၅၀ | ၂၀၆၂ | ၇၈၈ | ၇၃၈ | ၅၀ | |
| ၂၅ | ဖလေးကျေးရွာအုပ်စု | ၂ | ၃၄၀၀ | ၂၁၉၂ | ၁၂၀၈ | ၁၂၀၈ | | |

စာမျက်နှာ ၁၉ သို့ ✻

✻ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၂၆ | မိုးကနိမ်း(မြန်မာ)ကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၉၄၀ | ၃၁၀ | ၃၁၀ | | |
| ၂၇ | ဘုမ္မဖိုးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၁၁၀၀ | ၂၅၀ | ၂၅၀ | | |
| ၂၈ | မိုးကနိမ်း(ကရင်)ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၅၀ | ၂၀၀ | ၂၀၀ | | |
| ၂၉ | မကျက်ကြီးကျေးရွာအုပ်စု | ၁ | ၃၃၅၀ | ၂၁၈၁ | ၁၁၆၉ | ၁၆၉ | ၁၀၀၀ | |
| ၃၀ | ရှမ်းကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၈၆ | ၃၁၄ | ၃၁၄ | | |
| ၃၁ | ဇင်းရွေးကုန်း(စက်ကုန်း)ကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၈၈၀ | ၄၇၀ | ၅၇၀ | | ၁၀၀ |
| ၃၂ | သဖြူကျေးရွာအုပ်စု | ၄ | ၅၀၅၀ | ၅၁၄၇ | -၉၇ | ၉၀၃ | | ၁၀၀၀ |
| ၃၃ | သပြေကန်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၉၆ | ၃၀၄ | ၃၀၄ | | |
| ၃၄ | အင်းဝကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၉၀ | ၆၁၀ | ၆၁၀ | | |
| ၃၅ | ကမာဘာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၈၂ | ၅၁၈ | ၅၁၈ | | |
| ၃၆ | ကသစ်ပင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၃၃၄ | ၇၆၆ | ၇၆၆ | | |
| ၃၇ | ခမွန်ကန်ကြီးကျေးရွာ အုပ်စု | ၁ | ၉၀၀ | ၅၈၈ | ၃၁၂ | ၃၁၂ | | |
| ၃၈ | ခမွန်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၃၂ | ၃၆၈ | ၃၆၈ | | |
| ၃၉ | ဖွဲဘာကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၃၆ | ၄၆၄ | ၄၆၄ | | |
| ၄၀ | ဈေးဖလုံကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၈၇ | ၄၆၃ | ၄၆၃ | | |
| ၄၁ | တကောကနတ်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၆၃၉ | ၁၁၆၁ | ၁၁၆၁ | | |
| ၄၂ | လက်ပံခါးရှည်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၃ | ၆၂၇ | ၆၂၇ | | |
| ၄၃ | ဖိုရိုးစုကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၉၂၄ | ၇၆ | ၃၂၆ | | ၂၅၀ |
| ၄၄ | ထာဝကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၈၆၁ | ၃၈၉ | ၃၃၉ | ၅၀ | |
| ၄၅ | ထနံကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၈၈၉ | ၅၆၁ | ၆၇၉ | | ၁၁၈ |
| ၄၆ | နိဗ္ဗာန်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၈၆ | ၇၆၄ | ၇၆၄ | | |
| ၄၇ | ပိုင်ကျုံကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၁၈၅ | ၇၆၅ | ၇၁၅ | ၅၀ | |
| ၄၈ | မက္ကဘင်းကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၅၇၂ | ၉၂၈ | ၉၂၈ | | |
| ၄၉ | မုဒုကျေးရွာအုပ်စု | ၁ | ၂၃၀၀ | ၁၃၁၂ | ၉၈၈ | ၉၈၈ | | |
| ၅၀ | မွေဘွေးကုန်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၀၂ | ၅၄၈ | ၅၄၈ | | |
| ၅၁ | ရစ်ကန်ကြီးကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၂၇ | ၆၇၃ | ၆၇၃ | | |
| ၅၂ | သာယာကုန်းကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၉၉၄ | ၈၅၆ | ၈၅၆ | | |
| ၅၃ | ထိတန်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၀ | ၂၄၀ | ၂၄၀ | | |
| ၅၄ | သံတံခါးကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၄၇ | ၃၀၃ | ၃၀၃ | | |
| ၅၅ | သင်ဘန်းကန်ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၆၂ | ၈၈၈ | ၈၆၈ | ၂၀ | |
| ၅၆ | သံဒင်းကျေးရွာအုပ်စု | ၂ | ၂၉၀၀ | ၁၉၆၅ | ၉၃၅ | ၉၄၀ | | ၅ |
| ၅၇ | အုန်းနဲ့ကျေးရွာအုပ်စု | ၅ | ၆၉၀၀ | ၄၅၉၄ | ၂၃၀၆ | ၂၃၀၆ | | |
| ၅၈ | အလယ်ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၉၉၂ | ၇၅၈ | ၅၅၉ | ၁၉၉ | |
| ၅၉ | အဒူးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၃၆၈ | ၉၈၂ | ၉၈၂ | | |
| ၆၀ | ကဒတ်စိန်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၂၈ | ၃၂၂ | ၃၂၂ | | |
| ၆၁ | ကံမြင့်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၉၆၆ | ၄၈၄ | ၄၈၄ | | |
| ၆၂ | ကံထူးကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၈၀၃ | ၂၉၇ | ၂၉၇ | | |
| ၆၃ | ကံပေါ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၄၇၃ | ၄၂၇ | ၂၂၇ | ၂၀၀ | |
| ၆၄ | ကံအောင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၆၁၈ | ၃၈၂ | ၃၈၂ | | |
| ၆၅ | ကံအေးကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၃၉ | ၄၆၁ | ၄၆၁ | | |
| ၆၆ | ချမ်းသာကြီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၅၄ | ၄၉၆ | ၄၉၆ | | |
| ၆၇ | ညဏ်ဦးကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၆၈၇ | ၃၆၃ | ၃၆၃ | | |
| ၆၈ | နောင်ဘိုကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၄၈ | ၅၅၂ | ၅၅၂ | | |
| ၆၉ | ပျော်ဘွယ်ကျေးရွာအုပ်စု | ၁ | ၇၅၀ | ၄၄၃ | ၃၀၇ | ၃၀၇ | | |
| ၇၀ | ပေါက်ကန်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၂၇၆ | ၇၇၄ | ၇၈၅ | | ၁၁ |
| ၇၁ | အောင်ပင်သာကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၄ | ၂၆၆ | ၂၆၆ | | |
| ၇၂ | ရွှေပုံစုကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၉၈ | ၄၀၂ | ၄၀၂ | | |
| ၇၃ | ရွှေပေါက်ပင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၇၆ | ၄၂၄ | ၄၂၄ | | |
| ၇၄ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၇၇၁ | ၆၂၉ | ၆၂၉ | | |
| ၇၅ | ဝါးတောကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၇၈၉ | ၄၁၁ | ၄၁၁ | | |
| ၇၆ | သရက်ကုန်းကျေးရွာအုပ်စု | ၂ | ၃၂၀၀ | ၂၂၈၄ | ၉၁၆ | ၄၀၈၆ | | ၃၁၇၀ |
| ၇၇ | သပြေကန်အသင်းကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၀၉ | ၅၄၁ | ၄၉၃ | ၄၈ | |
| ၇၈ | အေးရွာအသင်းကျေးရွာအုပ်စု | ၁ | ၁၁၅၀ | ၇၃၃ | ၄၁၇ | ၄၁၇ | | |
| ၇၉ | အေးမွန်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၁၅၅ | ၅၉၅ | ၅၉၅ | | |
| ၈၀ | အောင်မြေကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၅၄၁ | ၅၅၉ | ၃၇၇ | ၁၈၂ | |
| ၈၁ | အောင်နိုင်ကြီးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၅၅၄ | ၃၄၆ | ၃၄၆ | | |
| ၈၂ | အောင်သာကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၃၂၁ | ၅၂၉ | ၅၂၉ | | |
| ၈၃ | အောင်ကံလှိုင်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၅ | ၂၃၅ | ၂၃၅ | | |
| ၈၄ | အောင်မိတ်သာကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၄၂ | ၂၀၈ | ၂၀၈ | | |
| ၈၅ | ကန်တော်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၅၁၆ | ၅၃၄ | ၅၃၄ | | |
| ၈၆ | ကန်လှကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၇ | ၃၅၃ | ၃၅၃ | | |
| ၈၇ | ခဲနန်အသင်းကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၄၇ | ၂၀၃ | ၂၀၃ | | |
| ၈၈ | တံတားဦးကျေးရွာအုပ်စု | ၂ | ၈၀၀ | ၂၄၅ | ၅၅၅ | ၅၀၅ | ၅၀ | |
| ၈၉ | ထိတံအသင်းကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၂၄ | ၂၂၆ | ၂၂၆ | | |
| ၉၀ | ပင်ကလောင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၆၇ | ၉၈၃ | ၉၉၃ | | ၁၀ |
| ၉၁ | ကန်ညီနောင်ကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၈၁၁ | ၅၃၉ | ၅၃၉ | | |
| ၉၂ | ဘန်ဒါကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၈၅ | ၄၆၅ | ၄၆၅ | | |
| ၉၃ | ဘလောက်ကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၁၇၃၅ | ၁၄၆၅ | ၁၄၆၅ | | |
| ၉၄ | မိလောက်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၃၉၆ | ၅၀၄ | ၄၀၄ | ၁၀၀ | |
| ၉၅ | မမောက်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၆၂၇ | ၄၇၃ | ၄၇၃ | | |
| ၉၆ | ရွှေတဆုတ်ကျေးရွာအုပ်စု | ၂ | ၇၀၀ | ၃၁၇ | ၃၈၃ | ၄၃၃ | | ၅၀ |
| ၉၇ | ရွှေဂန်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၄၁ | ၄၅၉ | ၄၅၉ | | |
| ၉၈ | ဝဲပတန်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၅၁၅ | ၁၀၈၅ | ၁၀၈၅ | | |
| ၉၉ | သက္ကလအသင်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၉၇၆ | ၆၂၄ | ၆၂၄ | | |
| ၁၀၀ | အောင်မင်္ဂလာကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၆၇၇ | ၇၇၃ | ၇၂၃ | ၅၀ | |
| ၁၀၁ | ငွေတောင်ကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၂၃၃ | ၁၀၁၇ | ၁၀၁၇ | | |
| ၁၀၂ | အောင်သပြေကျေးရွာအုပ်စု | ၁ | ၈၅၀ | ၄၆၆ | ၃၈၄ | ၃၈၄ | | |
| ၁၀၃ | အောင်ကောင်းညွှန့်ကျေးရွာအုပ်စု | ၁ | ၂၂၅၀ | ၁၀၅၆ | ၁၁၉၄ | ၁၁၉၄ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၆၉ | ၁၆၇၆၅၀ | ၁၁၀၅၈၉ | ၅၇၀၆၁ | ၅၉၁၄၆ | ၃၁၃၉ | ၅၂၂၄ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၂၂ | ၈၂၈ | -၆ | ၁ | | ၇ |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၈၄၈ | - | ၁၀၈၄၈ | ၁၀၈၅၀ | | ၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၆၉ | ၁၇၉၃၂၀ | ၁၁၁၄၁၇ | ၆၇၉၀၃ | ၆၉၉၉၇ | ၃၁၃၉ | ၅၂၃၃ |



လက်ပံတန်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

**လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၀။ လက်ပံတန်းမြို့နယ်တွင် မဲရုံပေါင်း ၁၇၆ ရုံ ရှိပြီး စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၁၅၂၁၅၉ အနက် ၁၄၂၈၀၀ စောင်အား ရပ်/ကျေးမဲလက်မှတ်၊ ၈၃၁ စောင်အား မြို့နယ်ကြိုတင်မဲလက်မှတ်နှင့် ၈၅၂၈ စောင်အား မြို့နယ်လက်ကျန် (အရန်) မဲလက်မှတ်များအဖြစ် ဖြန့်ခွဲ၊ ထုတ်ပေး၊ အသုံးပြု ထိန်းသိမ်းထားရှိကြောင်း တွေ့ရပါသည်။ မဲရုံများအလိုက် မဲလက်မှတ် အပို/ လျော့နည်းပျောက်ဆုံးမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၂၈၀၀ | ၉၇၁၃၀ | ၄၅၆၇၀ | ၄၂၁၂၁ | ၅၀၉၂ | ၁၅၄၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၃၁ | ၄၆၉ | ၃၆၂ | ၃၆၂ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၅၂၈ | | ၈၅၂၈ | ၈၈၀၀ | | ၂၇၂ |
| | စုစုပေါင်း | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |

စာမျက်နှာ ၂၀ သို့ ✻

✻ စာမျက်နှာ ၁၉ မှ



အုတ်ဖိုမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၁၁။ မြေပြင်စစ်ဆေးချက်အရ လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော် ရပ်/ကျေးမဲလက်မှတ်များ ထုတ်ယူရရှိခဲ့သော အရေအတွက်မှာ ၁၄၂၈၀၀ ဖြစ်ပြီး ၉၇၁၃၀ ဆန္ဒမဲပေးအသုံးပြုခဲ့သဖြင့် မဲလက်မှတ် ၄၅၆၇၀ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၄၂၁၂၁ သာ စစ်ဆေးတွေ့ရှိရပါသည်။ မဲရုံတစ်ခုချင်းအလိုက် စိစစ်ချက်အရ မဲရုံ ၅၄ ရုံတွင် မဲလက်မှတ်အရေအတွက် ၅၀၉၂ လျော့နည်းပျောက်ဆုံးလျက်ရှိပြီး မဲရုံ ၂၇ ရုံတွင် တရားမဝင် မဲလက်မှတ်ပေါင်း ၁၅၄၃ အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၂။ မြို့နယ်ကြိုတင်မဲလက်မှတ်အရေအတွက် ၈၃၁ အနက် ၄၆၉ စောင်အား ကြိုတင်မဲအဖြစ် ဆန္ဒမဲပေးအသုံးပြုထားခဲ့ပြီး ကျန်ရှိရမည့် မဲလက်မှတ် ၃၆၂ စောင်အား မြေပြင်လက်ကျန်အဖြစ် စစ်ဆေးတွေ့ရှိရသည့်အတွက် ကွာဟချက်မရှိကြောင်း တွေ့ရှိရပါသည်။

၁၃။ မြို့နယ်လက်ကျန်မဲလက်မှတ် အရေအတွက် ၈၅၂၈ အား အသုံးပြုထားခြင်းမရှိသော်လည်း မြေပြင်တွင် မဲလက်မှတ် ၈၈၀၀ စစ်ဆေးတွေ့ရှိရသည့်အတွက် တရားမဝင်မဲလက်မှတ် ၂၇၂ စောင် အပိုရှိနေခဲ့ကြောင်း တွေ့ရှိရပါသည်။

၁၄။ လက်ပံတန်းမြို့နယ်တစ်ခုလုံးတွင် မူလထုတ်ယူရရှိခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်အရေအတွက် ၁၅၂၁၅၉ အနက် ၉၇၅၉၉ စောင်အား ဆန္ဒမဲပေးအသုံးပြုထားခဲ့ကြောင်း တွေ့ရှိရပြီး မဲလက်မှတ်ပေါင်း ၅၁၂၈၃ စောင်ကို အသုံးမပြုဘဲ ကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များအဖြစ် မြေပြင်တွင် စစ်ဆေးတွေ့ရှိရပါသည်။

၁၅။ လက်ပံတန်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၅၀၅၀ | ၃၄၉၆ | ၁၅၅၄ | ၁၅၅၄ | ၅၀ | ၅၀ |
| ၂ | ဘီးလင်းတန်းရပ်ကွက် | ၄၀၀၀ | ၃၀၄၁ | ၉၅၉ | ၁၁၅၉ | | ၂၀၀ |
| ၃ | မြေစီးကျေးရွာအုပ်စု | ၁၀၅၀ | ၆၂၁ | ၄၂၉ | ၃၂၉ | ၁၀၀ | |
| ၄ | မှော်အင်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၄၈၄ | ၁၀၁၆ | ၁၀၆၆ | ၅၀ | ၁၀၀ |
| ၅ | ပုတိမ်စုကျေးရွာအုပ်စု | ၂၁၅၀ | ၁၄၄၀ | ၇၁၀ | ၇၁၀ | ၅၀ | ၅၀ |
| ၆ | မိုးအိုင်ကျေးရွာအုပ်စု | ၁၀၀၀ | ၇၄၃ | ၂၅၇ | ၂၅၇ | | |
| ၇ | ကျွန်းကလေးကျေးရွာအုပ်စု | ၂၅၅၀ | ၂၀၇၅ | ၄၇၅ | ၄၇၀ | ၅၅ | ၅၀ |
| ၈ | ချမ်းသာကုန်းကျေးရွာအုပ်စု | ၁၂၅၀ | ၈၅၂ | ၃၉၈ | ၃၉၈ | | |
| ၉ | ကြို့ပင်စခန်းကျေးရွာအုပ်စု | ၂၃၀၀ | ၁၄၈၃ | ၈၁၇ | ၆၁၇ | ၂၀၀ | |
| ၁၀ | နတ်စင်ကုန်းကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၀၁ | ၂၉၉ | ၂၉၉ | | |
| ၁၁ | တာဆုံးကျေးရွာအုပ်စု | ၁၆၅၀ | ၉၈၀ | ၆၇၀ | ၆၂၀ | ၅၀ | |
| ၁၂ | ဆင်ကူးရွာသစ်ကျေးရွာအုပ်စု | ၂၀၀၀ | ၁၃၀၄ | ၆၉၆ | ၆၉၆ | | |
| ၁၃ | ညောင်ဝိုင်းကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၇၄ | ၅၇၆ | ၅၇၇ | ၅၀ | ၅၁ |
| ၁၄ | ခမုံဆိပ်ကျေးရွာအုပ်စု | ၇၀၅၀ | ၄၄၁၃ | ၂၆၃၇ | ၂၅၉၁ | ၁၄၆ | ၁၀၀ |
| ၁၅ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၁၂ | ၄၈၈ | ၄၈၈ | | |
| ၁၆ | တော်လဿကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၈၄ | ၇၁၆ | ၆၁၆ | ၁၀၀ | |
| ၁၇ | သီတာကုန်းကျေးရွာအုပ်စု | ၃၀၅၀ | ၁၆၆၀ | ၁၃၉၀ | ၁၀၉၀ | ၃၀၀ | |
| ၁၈ | ကညင်တိုကျေးရွာအုပ်စု | ၃၁၀၀ | ၂၁၂၂ | ၉၇၈ | ၉၄၈ | ၃၀ | |
| ၁၉ | စိန်တုံးကျေးရွာအုပ်စု | ၄၆၅၀ | ၃၂၅၃ | ၁၃၉၇ | ၁၃၄၇ | ၁၀၀ | ၅၀ |
| ၂၀ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၃၅၀၀ | ၂၃၂၁ | ၁၁၇၉ | ၇၇၉ | ၄၀၀ | |
| ၂၁ | ပေါက်တောစုကျေးရွာအုပ်စု | ၃၂၅၀ | ၁၈၆၂ | ၁၃၈၈ | ၁၀၄၂ | ၃၄၆ | |
| ၂၂ | တော်ကလပ်ကျေးရွာအုပ်စု | ၂၂၅၀ | ၁၇၃၇ | ၅၁၃ | ၅၁၃ | | |
| ၂၃ | ရှမ်းစုကျေးရွာအုပ်စု | ၂၂၅၀ | ၁၆၄၂ | ၆၀၈ | ၅၅၈ | ၁၀၀ | ၅၀ |
| ၂၄ | ရေလျှံကျေးရွာအုပ်စု | ၂၈၀၀ | ၂၀၉၈ | ၇၀၂ | ၇၀၁ | ၁ | |
| ၂၅ | ယွန်းသွယ်ကျေးရွာအုပ်စု | ၂၁၅၀ | ၁၅၃၄ | ၆၁၆ | ၅၆၆ | ၅၀ | |
| ၂၆ | ရေကြည်ကျေးရွာအုပ်စု | ၃၆၀၀ | ၂၆၇၁ | ၉၂၉ | ၇၂၉ | ၂၀၀ | |
| ၂၇ | ဗောဓိပင်ကျေးရွာအုပ်စု | ၂၉၅၀ | ၂၁၆၈ | ၇၈၂ | ၆၃၂ | ၁၅၀ | |
| ၂၈ | မင်းရပ်ရပ်ကွက် | ၅၄၀၀ | ၃၆၄၉ | ၁၇၅၁ | ၁၇၈၅ | ၁၀၁ | ၁၃၅ |
| ၂၉ | မအူကုန်ရပ်ကွက် | ၅၃၀၀ | ၃၈၃၀ | ၁၄၇၀ | ၁၄၄၀ | ၃၀ | |
| ၃၀ | ကိုင်းတောစုကျေးရွာအုပ်စု | ၁၃၀၀ | ၉၅၃ | ၃၄၇ | ၃၄၇ | ၅၀ | ၅၀ |
| ၃၁ | ဆင်တလင်းကျေးရွာအုပ်စု | ၂၅၅၀ | ၁၉၁၃ | ၆၃၇ | ၅၉၇ | ၁၀၀ | ၆၀ |
| ၃၂ | ရေငံကျေးရွာအုပ်စု | ၂၈၀၀ | ၁၉၆၉ | ၈၃၁ | ၈၁၇ | ၁၀၀ | ၈၆ |
| ၃၃ | သစ်ရောင်းပြင်ကျေးရွာအုပ်စု | ၁၅၀၀ | ၁၀၇၂ | ၄၂၈ | ၄၆၂ | ၁၆ | ၅၀ |
| ၃၄ | ဝါးရုံပင်ဇင်ကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၁၀ | ၇၉၀ | ၇၉၀ | ၁၅၀ | ၁၅၀ |
| ၃၅ | ကွမ်းခြံကျေးရွာအုပ်စု | ၂၆၅၀ | ၁၆၉၉ | ၉၅၁ | ၈၅၁ | ၁၀၀ | |
| ၃၆ | ငွေးတောက်ကွင်းကျေးရွာအုပ်စု | ၇၅၀ | ၄၅၃ | ၂၉၇ | ၁၉၇ | ၁၀၀ | |
| ၃၇ | မကျီးကွင်းကျေးရွာအုပ်စု | ၁၆၅၀ | ၁၁၁၇ | ၅၃၃ | ၅၄၃ | | ၁၀ |
| ၃၈ | သိုက်ဝါးချောင်းကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၁၆ | ၃၃၄ | ၃၃၄ | | |
| ၃၉ | နဘဲကွင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၉၉ | ၇၀၁ | ၇၀၁ | ၁၀၀ | ၁၀၀ |
| ၄၀ | ဆင်ကူးဝက်လှကျေးရွာအုပ်စု | ၁၂၅၀ | ၆၉၃ | ၅၅၇ | ၅၀၀ | ၅၇ | |
| ၄၁ | ရေကန်ကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၀၈ | ၆၄၂ | ၄၄၂ | ၂၀၀ | |
| ၄၂ | ပျဉ်ထောင်တွင်းကျေးရွာအုပ်စု | ၁၀၀၀ | ၇၃၃ | ၂၆၇ | ၂၆၇ | | |
| ၄၃ | ဂုံမင်းကွင်းကျေးရွာအုပ်စု | ၁၆၅၀ | ၁၀၇၀ | ၅၈၀ | ၄၈၀ | ၁၀၀ | |
| ၄၄ | အုတ်တွင်းကျေးရွာအုပ်စု | ၁၂၅၀ | ၈၁၀ | ၄၄၀ | ၄၄၀ | | |
| ၄၅ | မြင်ကဝကျေးရွာအုပ်စု | ၃၉၅၀ | ၂၆၈၆ | ၁၂၆၄ | ၁၁၁၄ | ၁၅၀ | |
| ၄၆ | အောင်လံကုန်းကျေးရွာအုပ်စု | ၁၉၅၀ | ၁၂၉၃ | ၆၅၇ | ၅၅၇ | ၁၀၀ | |
| ၄၇ | နတ်ဖန်ကွင်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၆၄ | ၈၃၆ | ၆၈၆ | ၁၅၀ | |
| ၄၈ | ဆင်မနီကျေးရွာအုပ်စု | ၁၈၅၀ | ၁၁၇၅ | ၆၇၅ | ၆၂၅ | ၅၀ | |
| ၄၉ | သာရဝေါကျေးရွာအုပ်စု | ၆၁၅၀ | ၄၀၁၉ | ၂၁၃၁ | ၂၀၈၂ | ၁၀၀ | ၅၁ |
| ၅၀ | အိုင်တလုပ်ကျေးရွာအုပ်စု | ၄၃၀၀ | ၃၀၀၂ | ၁၂၉၈ | ၁၂၃၈ | ၆၀ | |
| ၅၁ | လုလင်ကျော်ကျေးရွာအုပ်စု | ၅၀၀၀ | ၂၇၅၈ | ၂၂၄၂ | ၁၅၉၂ | ၆၅၀ | |
| ၅၂ | ကွမ်းသီးတပင်ကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၁၅ | ၈၃၅ | ၈၈၅ | ၁၀၀ | ၁၅၀ |
| ၅၃ | ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၆၅၃ | ၉၉၇ | ၉၉၇ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၄၂၈၀၀ | ၉၇၁၃၀ | ၄၅၆၇၀ | ၄၂၁၂၁ | ၅၀၉၂ | ၁၅၄၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၃၁ | ၄၆၉ | ၃၆၂ | ၃၆၂ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၅၂၈ | | ၈၅၂၈ | ၈၈၀၀ | | ၂၇၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၅၂၁၅၉ | ၉၇၅၉၉ | ၅၄၅၆၀ | ၅၁၂၈၃ | ၅၀၉၂ | ၁၈၁၅ |

## အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၁၆။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်တွင် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၂၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ **၁၁၇၈၈၆** ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ **၇၈၁၈၂**၊ ကျန်ရှိရမည့် အရေအတွက်မှာ **၃၉၇၀၄** ဖြစ်သော်လည်း မြေပြင်လက်ကျန် **၃၉၃၇၄** ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၀၇၂၀၀ | ၇၇၆၆၁ | ၂၉၅၃၉ | ၂၉၈၄၆ | ၄၅၄ | ၇၆၁ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၂၁ | ၅၂၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၀၁၆၅ | | ၁၀၁၆၅ | ၉၅၂၈ | ၆၃၇ | |
| | **စုစုပေါင်း** | **၁၁၇၈၈၆** | **၇၈၁၈၂** | **၃၉၇၀၄** | **၃၉၃၇၄** | **၁၀၉၁** | **၇၆၁** |

၁၇။ မဲရုံအလိုက် မဲလက်မှတ် ထုတ်ပေး၊ သုံးစွဲ၊ လက်ကျန်အရေအတွက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် အုတ်ဖိုမြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အောင်သုခကျေးရွာတို့ ပါဝင်သော အေးမြသာယာကျေးရွာအုပ်စု မဲရုံအမှတ် (၆) မှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်တို့၏ သုံးစွဲ၊ လက်ကျန်စာအုပ်များ၊ မဲဆန္ဒရှင်စာရင်း ပုံစံ(၁) တို့ ပါဝင်သော မဲရုံအိတ်ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၈။ သို့ဖြစ်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဦးစီးအရာရှိက အေးမြသာယာကျေးရွာအုပ်စု မဲရုံအမှတ်(၆)မှ ဦးမြတ်ကျော် (မဲရုံမှူး)၊ ဒေါ်မြတ်အေမီဝမ်း (ဒုတိယမဲရုံမှူး)တို့အား ဆက်သွယ်စစ်ဆေးခဲ့ရာ အခြေခံပညာမူလတန်းကျောင်း (အေးမြသာယာ) တွင် သိမ်းဆည်းထားသည်ဟု စစ်ဆေးတွေ့ရှိခဲ့၍ ၂-၄-၂၀၂၁ ရက်နေ့ ၀၈:၄၅ နာရီတွင် လာရောက်ပို့ဆောင်သောကြောင့် ဖွင့်ဖောက်စစ်ဆေးခဲ့ပါသည်။

၁၉။ အုတ်ဖိုမြို့နယ်၊ ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ မဲရုံပေါင်း ၁၂၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၅၄ ပျောက်ဆုံးနေပြီး ၇၆၁ ပိုသုံးထားကြောင်း တွေ့ရှိရသည်။ မြို့နယ် ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၂၁၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၂၁ ဖြစ်သောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန်ဆန္ဒမဲလက်မှတ် ၁၀၁၆၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်စစ်ဆေးချက်တွင် ၉၅၂၈ သာ ကျန်ရှိသဖြင့် ၆၃၇ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

စာမျက်နှာ ၂၁ သို့ ✻

✻ စာမျက်နှာ ၂၀ မှ

၂၀။ အုတ်ဖိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၁ | ၁၁၅၀ | ၈၅၁ | ၂၉၉ | ၂၉၉ | | |
| ၂ | မိုးညိုတန်းရပ်ကွက် | ၂ | ၃၁၅၀ | ၂၂၄၇ | ၉၀၃ | ၉၅၂ | | ၄၉ |
| ၃ | ရွာမရပ်ကွက် | ၁ | ၁၃၅၀ | ၁၁၁၇ | ၂၃၃ | ၂၃၃ | | |
| ၄ | ချောင်းဝ(ဂျီ)ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၁၀ | ၄၉၀ | ၄၉၀ | | |
| ၅ | နှောကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၁၁ | ၆၃၉ | ၅၈၉ | ၅၀ | |
| ၆ | ပန်းတင်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၇၆ | ၂၇၄ | ၂၇၄ | | |
| ၇ | ရှမ်းကုန်းကျေးရွာအုပ်စု | ၄ | ၃၂၀၀ | ၂၄၈၄ | ၇၁၆ | ၅၆၆ | ၁၅၀ | |
| ၈ | လွှဇင်ကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၃၈ | ၅၆၂ | ၅၆၂ | | |
| ၉ | ဝင်းသရက်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၇၀ | ၅၈၀ | ၅၈၀ | | |
| ၁၀ | ဝိုင်းကျေးရွာအုပ်စု | ၅ | ၄၃၅၀ | ၃၁၄၀ | ၁၂၁၀ | ၁၂၁၀ | | |
| ၁၁ | သရက်နှစ်ဖျားလိန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၈၈ | ၄၆၂ | ၄၆၂ | | |
| ၁၂ | သရက်ပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၉၇ | ၂၀၃ | ၂၅၃ | | ၅၀ |
| ၁၃ | အုတ်ရှစ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၉၀ | ၃၁၀ | ၃၆၀ | | ၅၀ |
| ၁၄ | အလယ်ကုန်းကျေးရွာအုပ်စု | ၂ | ၈၅၀ | ၅၄၉ | ၃၀၁ | ၃၀၁ | | |
| ၁၅ | ကြို့ကိုးပင်ကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၆၆ | ၆၃၄ | ၆၃၄ | | |
| ၁၆ | တင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၂၀ | ၂၈၀ | ၂၈၀ | | |
| ၁၇ | တိမ်မြုပ်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၉၆၄ | ၉၈၆ | ၁၀၂၄ | | ၃၈ |
| ၁၈ | ဒေါင်းစပါးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၆၁၁ | ၅၈၉ | ၅၈၉ | | |
| ၁၉ | လက်ပတောကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၇၃ | ၅၇၇ | ၅၇၇ | | |
| ၂၀ | လိပ်ဥကုန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၉၉၈ | ၃၅၂ | ၃၅၂ | | |
| ၂၁ | အောက်ကိုင်းကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၁၉၈ | ၉၀၂ | ၉၀၂ | | |
| ၂၂ | ချောင်းဂေါင်းကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၄၀၄ | ၇၄၆ | ၇၉၆ | | ၅၀ |
| ၂၃ | ဖလန့်ပင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၅၈ | ၄၉၂ | ၄၉၂ | | |
| ၂၄ | ဘုတလက်တန်းကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၉၈ | ၁၀၂ | ၁၀၂ | | |
| ၂၅ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၃ | ၃၀၀၀ | ၂၀၃၆ | ၉၆၄ | ၁၁၁၄ | | ၁၅၀ |
| ၂၆ | သဖန်းပင်ဆိပ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၈၂ | ၂၁၈ | ၂၁၈ | | |
| ၂၇ | မြောင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၂၁ | ၂၇၉ | ၂၇၉ | | |
| ၂၈ | သဲကောကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၂၈ | ၁၂၂ | ၁၂၂ | | |
| ၂၉ | ကိုင်းကြီးကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၈၂ | ၇၆၈ | ၈၆၈ | | ၁၀၀ |
| ၃၀ | ကွေးချောင်းကျေးရွာရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၇၈ | ၃၇၂ | ၃၇၂ | | |
| ၃၁ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၁၂၀၀ | ၉၃၆ | ၂၆၄ | ၂၆၄ | | |
| ၃၂ | ကျောင်းကြီးတန်းရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၇၉ | ၃၇၁ | ၄၂၁ | | ၅၀ |
| ၃၃ | တောင်ကုန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၆၇ | ၂၃၃ | ၂၃၃ | | |
| ၃၄ | ထူးကုန်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၉၃ | ၃၅၇ | ၃၅၇ | | |
| ၃၅ | မုက္ကတန်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၇၀၀ | ၁၀၀ | ၁၀၀ | | |
| ၃၆ | လေးတဲကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၉၃ | ၁၀၇ | ၁၀၇ | | |
| ၃၇ | သင်ပန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၂၆၂ | ၅၃၈ | ၅၀၄ | ၃၄ | |
| ၃၈ | သရက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၂၅ | ၅၂၅ | ၅၀၅ | ၂၀ | |
| ၃၉ | အေးမြသာယာကျေးရွာအုပ်စု | ၇ | ၇၁၅၀ | ၄၉၆၆ | ၂၁၈၄ | ၂၀၃၄ | ၁၅၀ | |
| ၄၀ | ကျပ်ချောင်းကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၀၇ | ၅၄၃ | ၅၉၃ | | ၅၀ |
| ၄၁ | ဆင်ဂေါင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၂၇ | ၃၇၃ | ၃၇၃ | | |
| ၄၂ | တယ်ပင်ကျောကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၁၅ | ၆၃၅ | ၆၃၅ | | |
| ၄၃ | ရှမ်းရွာကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၆၁၅ | ၄၈၅ | ၄၈၅ | | |
| ၄၄ | ကမွန်းခြံကျေးရွာအုပ်စု | ၃ | ၁၃၅၀ | ၉၈၄ | ၃၆၆ | ၃၆၆ | | |
| ၄၅ | တက်ဆွဲကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၇၀၇ | ၈၄၃ | ၈၄၃ | | |
| ၄၆ | ဘလားကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၅၂၀ | ၄၈၀ | ၅၀၀ | | ၂၀ |
| ၄၇ | မကျီးပင်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၇၄ | ၃၇၆ | ၃၇၆ | | |
| ၄၈ | မတောင့်တကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၁၉ | ၃၈၁ | ၃၈၅ | | ၄ |
| ၄၉ | ကန်သာယာကျေးရွာအုပ်စု | ၄ | ၂၅၅၀ | ၁၇၄၆ | ၈၀၄ | ၇၅၄ | ၅၀ | |
| ၅၀ | ကျွန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၇၈ | ၂၇၂ | ၂၇၂ | | |
| ၅၁ | ကျွန်းကောက်ပင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၁ | ၁၂၉ | ၁၂၉ | | |
| ၅၂ | ဂုံညင်းတန်းကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၇၀၁ | ၇၉၉ | ၈၉၉ | | ၁၀၀ |
| ၅၃ | တယ်ပင်ရိုးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၇၀ | ၁၃၀ | ၁၃၀ | | |
| ၅၄ | ရှားတောကွင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၆၁ | ၁၃၉ | ၁၃၉ | | |
| ၅၅ | တင်းကုတ်ကြီးကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၁၁ | ၂၃၉ | ၂၃၉ | | |
| ၅၆ | ထောက်ကြန့်ကွင်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၇၁၂ | ၁၈၈ | ၁၈၈ | | |
| ၅၇ | အုတ်တွင်းကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၇၇ | ၃၂၃ | ၃၂၃ | | |
| ၅၈ | နန္ဒင်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၃၁၀ | ၃၄၀ | ၃၉၀ | | ၅၀ |
| ၅၉ | ငါးရှဉ့်ရိုးကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၆၆ | ၃၈၄ | ၃၈၄ | | |
| ၆၀ | အိုးသည်ကုန်း-မြို့မရပ်ကွက် | ၁ | ၁၅၅၀ | ၁၁၂၅ | ၄၂၅ | ၄၂၅ | | |
| ၆၁ | အိုးသည်ကုန်း-လမ်းမတော်ရပ်ကွက် | ၁ | ၁၂၀၀ | ၈၉၉ | ၃၀၁ | ၃၀၁ | | |
| ၆၂ | အိုးသည်ကုန်း-ပြည်တော်သာရပ်ကွက် | ၁ | ၈၅၀ | ၆၀၇ | ၂၄၃ | ၂၄၃ | | |
| ၆၃ | အိုးသည်ကုန်း-ရွာသစ်ရပ်ကွက် | ၁ | ၅၀၀ | ၄၀၃ | ၉၇ | ၉၇ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၂၆ | ၁၀၇၂၀၀ | ၇၇၆၆၁ | ၂၉၅၃၉ | ၂၉၈၄၆ | ၄၅၄ | ၇၆၁ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၂၁ | ၅၂၁ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၀၁၆၅ | | ၁၀၁၆၅ | ၉၅၂၈ | ၆၃၇ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၂၆ | ၁၁၇၈၈၆ | ၇၈၁၈၂ | ၃၉၇၀၄ | ၃၉၃၇၄ | ၁၀၉၁ | ၇၆၁ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၂၇

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၁၂ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၂၇

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ခေတ်သစ်နယ်ချဲ့ အလိုကျ ရှူးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။
မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။

■ စာမျက်နှာ ၂၂ မှ



ဒေါက်တာရဲနိုင်ဝင်းနှင့် ဒေါက်တာခင်မောင်စိုး (အထူးကု၊ မြင်းခြံပြည်သူ့ဆေးရုံကြီး)တို့ကို ဆေးကုသခွင့်ပေးထားသည့် “ဝင်း”ဆေးရုံအား တွေ့ရစဉ်။





ဒေါက်တာရဲနိုင်ဝင်းနှင့် ဒေါက်တာခင်မောင်စိုး



ဒေါက်တာမောင်မောင်ဦး(အထူးကု၊ မန္တလေးပြည်သူ့ဆေးရုံကြီး) ကို ဆေးကုသခွင့်ပေးထားသည့် “မြို့တော်” ဆေးရုံအား တွေ့ရစဉ်။



ဒေါက်တာမောင်မောင်ဦး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်း ပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင်ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ လက်ဝယ်ထားရှိသူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မေ ၂၇**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ပြုလုပ်သူ၊ လက်ဝယ် ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စန္ဒကူး(၄)ရပ်ကွက် အိမ်အမှတ်(၄၄)မှ သံဒိုင်း ၂၀၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ မီးစာ တပ်ဆင်ထားသည့် မီးပုလင်း ရှစ်လုံး၊ လက်လုပ်သေနတ် အပိုင်းအစ တစ်ခုတို့ကိုလည်းကောင်း၊ ည ၇ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထန်းတောကျေးရွာနေ သက်ထွေး (၁၈ )နှစ် (ဘ)ဦးလှသန်း၏ နေအိမ်မှ လက်လုပ်သေနတ် တစ်လက်၊ စတီးပြောင်း တစ်ခု၊ ဖန်ဂေါ်လီလုံး ၃၀ တို့ကိုလည်းကောင်း၊ ည ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တပင်ရွှေထီးရပ်ကွက်နေ ဖြူဖြူသိန်း (၅၃)နှစ် (ဘ) ဦးစံသိန်း၏ နေအိမ်မှ ဖြူဖြူသိန်းပါ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦးတို့နှင့်အတူ နေအိမ်အတွင်းမှ မီးစာတပ်ဆင်ထားသည့် ဒီဇယ်ပုလင်း ငါးလုံး၊ ယမ်းနှစ်ပိဿာခွဲ၊ လက်လုပ်ဗုံး ၁၈ လုံး၊ သံမူလီ လေးထုပ်၊ သံမှို ၅၀ ကျပ်သား၊ လောက်စာလုံး ၅၀ နှင့် အခြား ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ မေ ၂၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်တွင်ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၅)ရပ်ကွက် မြင်သာ(၆) လမ်းဘေးရှိ ချုံများအတွင်းမှ မီးခိုးဗုံး ၅၅ လုံး၊ ဖိုက်ဘာဦးထုပ် ၅၀ ၊ မီးခိုးကာမျက်နှာဖုံး ၃၄ လက်၊ ဒူးလေး တစ်လက်၊ လေးကိုင်း နှစ်ခု၊ မြားတံ ၁၈ ချောင်း၊ကျည်ကာအင်္ကျီ ၁၃ ထည်နှင့် အခြား ဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



ဟိန်းဝေယံနှင့် ဝေလင်းထွန်းတို့အား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အထက်ပါ ဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်း ထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





ပဲခူးမြို့၌ ထိုင်းနိုင်ငံသားပိုင် ဝိုင်ထုတ်လုပ်ရေးကုမ္ပဏီခြံဝင်းအတွင်းရှိ ဂိုဒေါင်အား အကြမ်းဖက်သူများက မီးရှို့ခဲ့မှုကို တွေ့ရစဉ်။

## မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင်အဆောက်အအုံများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၇**

ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာ မေ ၂၆ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် (၁၆)ရပ်ကွက် အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့် မီးပွိုင့်ရှိ အချက်ပြမီးထိန်းချုပ်ရေးအခန်းနှင့် (၁၂) ရပ်ကွက် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ အချက်ပြမီးထိန်းချုပ်ရေးအခန်းတို့ကို အကြမ်းဖက်သူက မီးတုတ်ဖြင့် ပစ်ပေါက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါ အချက်ပြမီးထိန်းချုပ်ရေးအခန်းများအနီး၌ မီးလောင်နေသည့် မီးတုတ် တစ်ချောင်းစီကို တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြောင်းနှင့် အချက်ပြမီးထိန်းချုပ်ရေးအခန်းများ မီးကူးစက်လောင်ကျွမ်းမှုမရှိကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၃ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် (၉)ရပ်ကွက်ရှိ “ကျွန်ဖူး” ဝိုင်ထုတ်လုပ်ရေးကုမ္ပဏီခြံဝင်းအတွင်းရှိ ဂိုဒေါင်အား အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက ဝင်ရောက်မီးရှို့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဂိုဒေါင်အတွင်းရှိ TV တစ်လုံး၊ မီးစက်တစ်လုံးနှင့် ဘိလပ်မြေအိတ် ၃၀ တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသား ရေးသားသူများနှင့် ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း၊ ပိုစတာ ကိုင်ဆောင်ဆန္ဒပြသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့ကလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များကို ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၂၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်းလမ်းရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များ၊ ဗီနိုင်းစများ ဖြန့်ကြဲထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ၎င်းလမ်းပေါ်ရှိ “အောင်ကောင်းစံ” လက်ဖက်ရည်ဆိုင်အတွင်း အမှတ်(၈)ရပ်ကွက်နေ ကျိန်မွန်ကိမ် (ခ)ချယ်ရီ(၂၃) နှစ် (ဘ)ဦးဂင့်ဇထန်းအား နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ A4 စာရွက် ၁၆၀ ၊ ဆော့ပင် နှစ်ချောင်း၊ သဘော်ဆေးပုံး တစ်ပုံးတို့နှင့်အတူ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အလားတူ မေ ၂၇ ရက် နံနက် ၉ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သန်လျင်မြို့နယ် ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပဲခူးစုရပ်ကွက် မာဃလမ်းမပေါ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှေ့အရောက်၌ အောင်သိန်းဦး(၁၉)နှစ်(ဘ)ဦးတင်ရွှေက လမ်းမပေါ်တွင် အဖြူရောင်မှုတ် ဆေးဘူးဖြင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားများ ရေးသားနေသည်ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အရေးကြီးတာကို အာရုံစိုက်ပါ

ကျော်ကျော်လှိုင်

ကျွန်တော်ရေးခဲ့တဲ့ ခေါင်းစဉ်တော်တော်များများက ကျွန်တော့်ဘဝရဲ့ တိုးတက်မှုကို အများဆုံးဖြစ်စေတဲ့ အကြောင်းအရာတွေပါ။ ကျွန်တော့်ဘဝကို ထူးထူးခြားခြား ပြောင်းလဲစေခဲ့တဲ့ အကြောင်းအရာလေးကတော့ ကျွန်တော် ဆလန်ဘာဂျာ အင်ဂျင်နီယာအဖြစ် အရွေးခံရပြီး ၁၉၈၁ ခုနှစ်မှာ အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့မှာ သင်တန်းသွားတက်ရပါတယ်။ သင်တန်းမှာ နိုင်ငံပေါင်းစုံက အင်ဂျင်နီယာ ၁၈ ဦး ရှိပါတယ်။ နာမည်ကြီး အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ် (Oxford) တက္ကသိုလ်က အောင်တဲ့သူလည်းပါပါတယ်။ အားလုံးလိုလို ထူးချွန်သူတွေဖြစ်ပါတယ်။ နေ့စဉ် စာတွေ့ရော၊ လက်တွေ့ရော သင်ယူရပါတယ်။ သင်တန်းအစမှာ ကျွန်တော့်အတွက် တော်တော်ခက်ခက်ခဲခဲ လိုက်ရပါတယ်။ စနေနေ့တိုင်းမှာလည်း စာမေးပွဲရှိပါတယ်။ အမှတ် ၂၀ ပေးတာ ၁၄ မှတ်ရမှ အောင်ပါတယ်။ ၁၀၀ မှာ ၇၀ ရမှ အောင်တဲ့သဘောပါ။ ပထမစာမေးပွဲနှစ်ခုမှာ ကျွန်တော် ၁၃ မှတ်ပဲရပြီး စာမေးပွဲကျပါတယ်။ စာမေးပွဲ သုံးခါဆက်တိုက်ကျရင် ကျောင်းကထွက်ရပါတယ်။ ကျွန်တော်စာကျက်ပေမယ့်၊ စာကြိုးစားပေမယ့် အောင်မှတ်မရလို့ တော်တော်လေးလည်း ပျာယာခတ်နေတဲ့အချိန်မှာ ကျွန်တော့်ရဲ့ ဆရာတစ်ယောက်ဖြစ်တဲ့ မစ္စတာ တန်အင်ဟင်း (Tan Eng Hin) က ပါရက်တို (Pareto) ဥပဒေသကို သင်ပါတယ်။ ဒီ ပါရက်တိုဥပဒေကို ၈၀/၂၀ စည်းမျဉ်းလို့လည်း ခေါ်ကြပါတယ်။ ဆရာက ဘယ်လိုရှင်းပြလည်းဆိုရင် –

- **ကားလမ်းပိတ်တဲ့ ၈၀ ရာခိုင်နှုန်းဟာ လမ်းအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းမှာပဲ ဖြစ်ပါတယ်။**
- **လူတစ်ယောက် ၈၀ ရာခိုင်နှုန်းဝတ်တဲ့ အဝတ်အစားဟာ သူပိုင်တဲ့အဝတ်အစားရဲ့ ၂၀ ရာခိုင်နှုန်းကိုပဲ ဝတ်ပါတယ်။ ဆိုင်တစ်ဆိုင်မှာ ၈၀ ရာခိုင်နှုန်းရောင်းရတဲ့ ကုန်ပစ္စည်းတွေဟာ ဆိုင်မှာရှိတဲ့ ပစ္စည်းအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းက ဖြစ်ပါတယ်။**
- **လူတစ်ယောက်ရဲ့အချိန် ၈၀ ရာခိုင်နှုန်းကို သူနဲ့ရင်းနှီးတဲ့ လူတွေထဲက ၂၀ ရာခိုင်နှုန်းအတွက် အသုံးပြုကြောင်းရှင်းပြတယ်။**

ကျွန်တော် ပါရက်တိုဥပဒေကို ကြားလိုက်ရတဲ့အခါ ဉာဏ်အလင်းပွင့်သွားပါတယ်။ ကျွန်တော်က သင်ခန်းစာတွေအားလုံးကို အညီအမျှ အချိန်ပေးပြီး လေ့လာပါတယ်။ တကယ်တော့ အမှတ် ၈၀ ရဖို့ အရေးကြီးတဲ့သင်ခန်းစာ ၂၀ ရာခိုင်နှုန်းကို လေ့လာဖို့လိုတယ်ဆိုတဲ့ ဉာဏ်အလင်း ရသွားပါတယ်။ အဲဒီနေ့ကစပြီး သင်တန်းမှာ ကျွန်တော် စာလိုက်နိုင်လာပါတယ်။ သင်တန်းပြီးတော့ တစ်တန်းလုံးမှာ ဒုတိယအဆင့် ရခဲ့ပါတယ်။

အမှတ် ၈၀ ရဖို့ အရေးကြီးဆုံး ၂၀ ရာခိုင်နှုန်းကို အာရုံစိုက်တယ်ဆိုပေမယ့် ဘယ်အရာက အရေးကြီးဆုံးဆိုတာတော့ သိဖို့လိုပါတယ်။ ကျွန်တော့်ကုမ္ပဏီမှာလည်း ၈၀/၂၀ ဥပဒေသက မှန်တယ်ဆိုတာ တွေ့ရပါတယ်။ ဥပမာပြောရရင် –

- **ကုမ္ပဏီဝင်ငွေရဲ့ ၈၀ ရာခိုင်နှုန်းက ကျွန်တော်တို့ Customer ၂၀ ရာခိုင်နှုန်းကနေရပါတယ်။**
- **ကုမ္ပဏီမှာ စည်းကမ်းမလိုက်နာမှုတွေရဲ့ ၈၀ ရာခိုင်နှုန်းက ဝန်ထမ်း ၂၀ ရာခိုင်နှုန်းက လုပ်တာပါ။**

ဒီ ၈၀/၂၀ ဥပဒေသလေးကို ကျွန်တော်တို့ဘဝမှာ အသုံးချရင် အောင်မြင်မှုတွေရဖို့ သေချာပါတယ်။ ဒါကြောင့် ဒီဥပဒေသလေးကို ဘဝမှာ စာဖတ်သူတို့ကို အသုံးချစေချင်ပါတယ်။ အထူးသဖြင့် ဒီဥပဒေသလေးကို အခြေခံပြီး မိမိကိုယ်မိမိ မေးခွန်းသုံးခု မေးကြည့်ပါ။

- **ဘယ်အလုပ်က မိမိကို အကျိုးအမြတ်အများဆုံး ဖြစ်စေလဲ။**
- **ဘယ်အလုပ်ကိုလုပ်ရင် မိမိဘဝအတွက် တိုးတက်မှု ဖြစ်စေလဲ။**
- **ဒါတွေကိုလုပ်ဖို့ မိမိမှာဘာအရည်အချင်းတွေလိုနေလဲ ဆိုတာတွေကို မေးဖို့ပါ။**

ကျောင်းသား ကျောင်းသူတွေလည်း သုံးလို့ရပါတယ်။ ကျောင်းသား ကျောင်းသူတွေအတွက်ဆိုရင်တော့ မေးခွန်းက အနည်းငယ်ပြောင်းသွားပါလိမ့်မယ်။

**၁။ ဘယ်ဘာသာတွေက မိမိကို အမှတ်အများဆုံးရစေမှာလဲ။**

**၂။ ဘယ်ဝါသနာတွေက မိမိကို အများဆုံး တိုးတက်မှု ဖြစ်စေမှာလဲ။ ဝါသနာဆိုတာကတော့ အားကစား၊ အနုပညာ၊ စက်မှုလက်မှု စသည်တို့ပါ။**

**၃။ ဒါတွေအတွက် မိမိမှာဘာတွေလိုအပ်နေပါသလဲ။**

> **အောင်မြင်နေတဲ့ ခေါင်းဆောင်တွေ ဘာသာရပ်တိုင်းကို မကျွမ်းကျင်ပါဘူး။ ဘယ်သူကျွမ်းကျင်တယ်ဆိုတာကိုပဲ သိပါတယ်။ အားလုံးကို ကျွမ်းကျင်အောင် လေ့လာရင်လည်း အာရုံစူးစိုက်မှု နည်းသွားပါလိမ့်မယ်။ အလုပ်တိုင်းကို ဝင်လုပ်မယ်ဆိုရင် မိမိရဲ့ စွမ်းဆောင်ရည်တွေ ကျကုန်ပါလိမ့်မယ်။ စွမ်းဆောင်ရည် ကျတယ်ဆိုတာ အဖြေမရတာ၊ အလုပ်မပြီးတာတွေဖြစ်ပါတယ်။**

လူတိုင်းက မိမိအားစိုက်ထုတ်မှုအတွက် အကျိုးအမြတ် အများဆုံးရတာ ဘာလဲဆိုတာကို မသိကြပါဘူး။ တချို့ကျတော့လည်း အသက် ၃၀ လောက်ရောက်မှ သေသေချာချာသိကြပါတယ်။ စောစောသိရလေ မိမိအတွက် စောစောအကျိုးရှိလေပါပဲ။ မိမိကိုတိုးတက်မှု အများဆုံးဖြစ်စေတဲ့ ဝါသနာဆိုတာကလည်း တစ်ခါတလေကျရင်အသက်အရွယ်နဲ့လိုက်ပြီး ပြောင်းလဲတတ်ပါတယ်။

ကျွန်တော့်ဘဝမှာတော့ ဒီမေးခွန်းသုံးခုကို အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့မှာ ဆလန်ဘာဂျာ အင်ဂျင်နီယာသင်တန်းတက်နေကတည်းက ကျွန်တော့်ကိုယ်ကျွန်တော်မေးခဲ့ပြီး အဖြေတွေလည်း ရှာနိုင်ခဲ့ပါတယ်။ ကျွန်တော်လိုက်နာတဲ့ စည်းမျဉ်းဥပဒေသတစ်ခုကတော့ –

**အလုပ်တိုင်းကို အကောင်းဆုံးနဲ့ ပြီးစီးအောင်လုပ်ဖို့၊ အဖြေရအောင် လုပ်နိုင်ဖို့ပါပဲ။**

တစ်နည်းအားဖြင့် အဖြေဆိုတာ အကျိုးအမြတ်ရှိတာပါပဲ။ အကျိုးအမြတ်ရဖို့ကတော့ အမြော်အမြင်ရှိရပါမယ်။ လုပ်ငန်းအစီအစဉ်တွေ ဆွဲရပါမယ်။ အခက်အခဲတွေကို ကျော်လွှားဖို့ ဇွဲရှိရပါမယ်။ ဉာဏ်သုံးရပါမယ်။ တရားသောနည်းကို သုံးဖို့တော့ လိုပါတယ်။ အရေးအကြီးဆုံးကတော့ နည်းစနစ်တွေက ရှင်းလင်းလွယ်ကူဖို့ပါပဲ။

ကျွန်တော် လေ့လာချက်စာတမ်းတစ်စောင် ဖတ်ဖူးပါတယ်။ ဒီစာတမ်းက အလတ်စား ကုမ္ပဏီတွေကို လေ့လာထားတဲ့ အကြောင်းပါ။ အောင်မြင်တဲ့ ကုမ္ပဏီတွေနဲ့ မအောင်မြင်တဲ့ ကုမ္ပဏီတွေရဲ့ အဓိက ကွာခြားချက်က ရှင်းလင်းလွယ်ကူမှုပါပဲလို့ စာတမ်းက ရေးထားပါတယ်။ ဆိုလိုတာက ကုန်ပစ္စည်းအမျိုးအစား နည်းနည်းပဲရောင်းတဲ့ကုမ္ပဏီတွေ၊ လုပ်ကိုင်ပုံစနစ်တွေ ရှင်းလင်းလွယ်ကူတဲ့ ကုမ္ပဏီတွေက ပိုအောင်မြင်တယ်ဆိုတဲ့ သဘောပါ။ ရှင်းလင်းလွယ်ကူတဲ့ လုပ်ကိုင်ပုံစနစ်တွေနဲ့ အရေးကြီးတာကို အာရုံစိုက်နိုင်တဲ့ ကုမ္ပဏီတွေက အကျိုးအမြတ်အများဆုံးရမှာပါပဲ။ ကမ္ဘာ့သန်းကြွယ်သူဌေးကြီး ဝါရင်ဘတ်ဖက် (Warren Buffet) ကလည်း –

**“စီမံခန့်ခွဲမှုကျောင်းတွေက ခက်ခဲရှုပ်ထွေးတဲ့ စီးပွားရေးပုံစံတွေကို ဆုချီးမြှင့်ကြတယ်။ တကယ်တော့ ရှင်းလင်းလွယ်ကူတဲ့ စီးပွားရေးပုံစံက အမြတ်အများဆုံးရတာပါ”**

လို့ ပြောခဲ့ပါတယ်။ ကျွန်တော့် ဘဝတစ်လျှောက်မှာလည်း အလုပ်တွေအများကြီးကို အာရုံစိုက်မယ့်အစား နည်းနည်းကိုပဲ အာရုံစိုက်ခဲ့ပါတယ်။ စာဖတ်သူလည်း ကျွန်တော် အခုပြောပြမယ့် အချက်ငါးချက်ကို နားထောင်လိုက်ရင် အလုပ်တွေ အများကြီးလုပ်ပြီး အကျိုးအမြတ်နည်းနည်းရနေရာကနေ အလုပ်နည်းနည်းပဲလုပ်ပြီး အကျိုးအမြတ်များများ ရလာပါလိမ့်မယ်။ အရေးကြီးတာတွေကို အာရုံစူးစိုက်ဖို့တော့ လိုပါတယ်။

**ပထမအချက်ကတော့**

အားလုံးကို သိဖို့မဖြစ်နိုင်ဘူးဆိုတာ လက်ခံဖို့ပါပဲ။ တချို့လူတွေက အားလုံးကို သိချင်နေပါတယ်။ နေရာတကာကို လိုက်လုပ်ချင်နေပါတယ်။ အောင်မြင်နေတဲ့ ခေါင်းဆောင်တွေ ဘာသာရပ်တိုင်းကို မကျွမ်းကျင်ပါဘူး။ ဘယ်သူကျွမ်းကျင်တယ်ဆိုတာကိုပဲ သိပါတယ်။ အားလုံးကို ကျွမ်းကျင်အောင် လေ့လာရင်လည်း အာရုံစူးစိုက်မှု နည်းသွားပါလိမ့်မယ်။ အလုပ်တိုင်းကို ဝင်လုပ်မယ်ဆိုရင် မိမိရဲ့ စွမ်းဆောင်ရည်တွေ ကျကုန်ပါလိမ့်မယ်။ စွမ်းဆောင်ရည် ကျတယ်ဆိုတာ အဖြေမရတာ၊ အလုပ်မပြီးတာတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း တစ်ချိန်က ဝန်ကြီးဌာနတွေကို တာဝန်ယူရတဲ့ ဝန်ကြီးတွေက အသေးစိတ်အထိ အောက်ခြေကို ဝင်ပါတာတွေ ရှိခဲ့ပါတယ်။ ဒါကြောင့်လည်း စီမံကိန်းတွေ နှောင့်နှေးခဲ့ရပါတယ်။ ကျွန်တော် ဒီအချက်နဲ့ပတ်သက်ပြီး လက်တွေ့ကျင့်သုံးမယ့် နည်းလေးကို ဝေမျှပေးပါမယ်။ ကျွန်တော်ကတော့ “ငါအားလုံးကို မသိနိုင်ဘူး၊ ဘာသာရပ်တိုင်းကို ကျွမ်းကျင်ဖို့မဖြစ်နိုင်ဘူး” ဆိုတာ ခံယူထားပါတယ်။ ကျွန်တော် မကျွမ်းကျင်တဲ့ ဘာသာရပ်တွေကို ကျွမ်းကျင်တဲ့လူတွေနဲ့ အားဖြည့်ထားပါတယ်။ ခေါင်းဆောင်တစ်ယောက်မှာ ထိပ်တန်းလက်ထောက်တွေ လိုပါတယ်။ ကျွန်တော့်ကို ကူညီဖို့ ကျွန်တော့်မှာ လက်ထောက် အမျိုးသမီးသုံးယောက်ရှိပါတယ်။ နီလာ၊ အေးအေးဟန်နဲ့ ခင်ဦးပါ။ သုံးယောက်စလုံးက ကျွန်တော့်ကို အလွန်အထောက်အကူပြုပါတယ်။ တစ်ယောက်ချင်းရဲ့ ကျွမ်းကျင်မှုတွေက တစ်ယောက်နဲ့တစ်ယောက် မတူပါဘူး။ မတူညီတာက အင်အားဖြစ်ပါတယ်။ ခေါင်းဆောင်တစ်ယောက်မှာ လက်ထောက်ကောင်းတွေမရှိရင်တော့ အခက်အခဲတွေနဲ့ တွေ့နိုင်ပါတယ်။ ကျွန်တော့် လက်ထောက်တွေက အလုပ်တော်တော်များများကို တာဝန်ယူထားတဲ့အတွက် ကျွန်တော်က အရေးကြီးတဲ့ အလုပ်တွေကို အချိန်ပေးပြီး အာရုံစိုက်နိုင်ပါတယ်။ ဒီအတွက်လည်း ကျွန်တော် အလွန်ကျေနပ်ပြီး နီလာ၊ အေးအေးဟန်နဲ့ ခင်ဦးတို့ကို အထူးကျေးဇူးတင်ပါတယ်။

**ဒုတိယအချက်ကတော့**

သတင်းအချက်အလက် အားလုံးသိဖို့ မဖြစ်နိုင်ဘူးဆိုတာကို လက်ခံဖို့ ဖြစ်ပါတယ်။ လူ့ရဲ့ သဘာဝက သတင်းထူးသတင်းဦးကို အရင်သိချင်ပါတယ်။ အထူးသဖြင့် မကောင်းသတင်းဆိုရင် ပိုသိချင်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံမှာ ဂျာနယ်တွေ ရောင်းကောင်းနေတာပါ။ ခေါင်းဆောင်အများစုကလည်း မိမိအဖွဲ့အစည်းမှာ ဘာဖြစ်နေတယ်ဆိုတာ သိချင်ကြပါတယ်။ သိချင်တာမှ အရင်ဆုံးသိချင်တာပါ။ ဒါကို အလေးထားနေမယ်၊ အချိန်ပေးနေမယ်ဆိုရင်တော့ အဖွဲ့အစည်းကို အောင်မြင်အောင် ဦးဆောင်ဖို့ ခက်လာပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အရေးကြီးတဲ့ အလုပ်တွေကို အာရုံစိုက်ဖို့ အချိန်နည်းသွားလို့ပါ။ ဒါဆိုရင် ဘာလုပ်ရမှာလဲလို့ မေးစရာရှိပါတယ်။ မိမိအဖွဲ့အစည်းမှာ ဘာဖြစ်နေတယ်ဆိုတာ အရင်ဆုံးသိဖို့ အချိန်ပေးပြီး ကြိုးစားနေခဲ့ရင် ရပ်ဖို့ဖြစ်ပါတယ်။ အဖွဲ့အစည်းတိုင်းမှာ ပြဿနာတွေ၊ ဝိရောဓိတွေ ဖြစ်လာရင် အောက်ဆုံးအဆင့်မှာ ပြေလည်အောင် ဖြေရှင်းသင့်ပါတယ်။ ခေါင်းဆောင်ကို ပြဿနာတိုင်း အသိပေးနေရင် ပြဿနာက ပိုကြီးထွားလာမယ့်အပြင် ခေါင်းဆောင်လုပ်သူအတွက်လည်း အချိန်ကုန်ပါလိမ့်မယ်။ အောက်ခြေနဲ့ နီးစပ်တဲ့ မန်နေဂျာတွေ ဖြေရှင်းလိုက်ရင် လွယ်လွယ်ကူကူနဲ့ ပြေလည်သွားနိုင်ပါတယ်။ ကျွန်တော့် လက်ထောက်တွေက အဖွဲ့အစည်းထဲမှာ ဘာဖြစ်နေတယ်ဆိုတာကို အသေးစိတ်သိပါတယ်။ ပြောသင့်တဲ့အချိန်မှာ ကျွန်တော့်ကို ပြောပါတယ်။ သတင်းဆိုးတွေလည်း ပါပါတယ်။ သတိပေးချင်တာကတော့ ခေါင်းဆောင်လုပ်သူတွေက မိမိဆီကို သတင်းဆိုးလာပေးတဲ့သူကို သေနတ်နဲ့ မပစ်ဖို့ပါပဲ။ သေနတ်နဲ့ ပစ်တယ်ဆိုတာ တင်စားလိုက်တာပါ။ သတင်းဆိုးကြားရတဲ့အခါ တချို့ခေါင်းဆောင်တွေက သတင်းယူလာသူကို အော်တာတို့၊ စိတ်ဆိုးတာတို့၊ ဒေါသဖြစ်တာတို့ ဖြစ်တတ်ပါတယ်။ ဒီလိုလုပ်ရင် နောက်သတင်းတွေရဖို့ ခက်သွားပါလိမ့်မယ်။

စာမျက်နှာ ၂၅ သို့ *

# နယ်စပ်ဒေသ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်၏အင်အားနည်းစခန်းများကို KNLA တပ်မဟာ(၅) က NCA သဘောတူညီချက်များကို ချိုးဖောက်တိုက်ခိုက်လာခဲ့

**နေပြည်တော် ဧပြီ ၂၇**

KNLA တပ်မဟာ(၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကို နာခံမှုမရှိဘဲ NCA စာချုပ်ပါအချက်များအား ချိုးဖောက်၍ မြန်မာနိုင်ငံ၏ နယ်စပ် လုံခြုံရေးစခန်းဖြစ်သည့် ထီးမူထစခန်းကို မတ် ၂၇ ရက်တွင် တိုက်ခိုက်လာခဲ့သည်။ ထိုသို့ တိုက်ခိုက်လာခဲ့သည့်အတွက် မတ် ၂၈ ရက်တွင် ဖြစ်စဉ်အကြောင်းအရာနှင့် လုံခြုံရေးအရ လိုအပ်သည့်အရေးယူမှုများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ယနေ့နံနက် ၅ နာရီခန့်တွင်လည်း KNLA တပ်မဟာ(၅)အနေဖြင့် တပ်မတော်၏ သောင်ရင်းမြစ်ကြောင်းလုံခြုံရေးစခန်းဖြစ်သည့် သော်လဲထနှင့် ဥသုတစခန်းများအား သာလွန်အင်အားများဖြင့် တိုက်ခိုက်မီးရှို့လာခဲ့သည်။ KNLA တပ်မဟာ(၅) အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကိုနာခံမှုမရှိဘဲ NCA စာချုပ်ကိုချိုးဖောက်လျက် ငြိမ်းချမ်းရေးလမ်းစဉ်ပျက်စီးစေရန် ဆက်တိုက်လုပ်ဆောင်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်ခြင်း၊ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် လမ်းကြောင်းများဖောက်လုပ်ရာတွင် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များသို့ လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ KNLA တပ်မဟာ(၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီ၏ အမိန့်ကို နာခံမှုမရှိဘဲ NCA စာချုပ်ကို ချိုးဖောက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပျက်စီးရာပျက်စီးကြောင်းများကိုသာ ဆက်တိုက်လုပ်ဆောင်လျက်ရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် လိုအပ်သည့် သောင်းကျန်းမှုနှိမ်နင်းရေးစစ်ဆင်ရေးများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

## ဆူပူအကြမ်းဖက်သူလူအုပ်စုများက အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် ဧပြီ ၂၇**

ဆူပူအကြမ်းဖက်သူလူအုပ်စုများက နိုင်ငံတော်ပိုင်အဆောက်အအုံများနှင့် အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များကို မီးပုလင်း၊ လက်လုပ်ဗုံး၊ မီးတုတ်များဖြင့်ပစ်ပေါက်ခြင်း၊ အများပြည်သူသွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၂၆ ရက် ညနေ ၅ နာရီခွဲတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာအနီး မြစ်ကြီးနား-မိုးညှင်းကားလမ်း၌လည်းကောင်း၊ ည ၁၂ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် တောင်မြို့ရပ်ကွက် မန္တလေး-လားရှိုးကားလမ်းဘေးရှိ မြို့နယ်ပညာရေးမှူးရုံး၌လည်းကောင်း၊ ဧပြီ ၂၇ ရက်နံနက် ၇ နာရီ ၂၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ်(၁၂)ရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအနီး၌လည်းကောင်း လက်လုပ်မိုင်းများ ပေါက်ကွဲခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပေါက်ကွဲမှုမရှိသေးသော မိုင်းအချို့ကို သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။




ကချင်ပြည်နယ် မိုးကောင်းမြို့၌ လက်လုပ်မိုင်းပေါက်ကွဲမှု မှတ်တမ်းဓာတ်ပုံကိုတွေ့ရစဉ်။

ထို့ပြင် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ အမှတ်(၂) ရပ်ကွက် တောကြီးကွဲကျေးရွာ ရန်ကုန်-ပဲခူးကားလမ်းဘေးရှိ နယ်မြေခံတပ်ရင်း၏ အုတ်တံတိုင်းဘေးသို့ ရန်ကုန်မှ ပဲခူးသို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ အနက်ရောင်ပလတ်စတစ် အထုပ်တစ်ထုပ်ပစ်ချခဲ့ကြောင်းသိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရေသန့်ဘူးအတွင်း ယမ်းမှုန့်နှင့် သံဘောစေ့ ၁၀၀ ခန့်ကို ရောစပ်ပြုလုပ်ထားသော လက်လုပ်မိုင်းအား Keypad ဖုန်းဖြင့် ဆက်သွယ်ပြုလုပ်ထားသည့် ချိန်ကိုက် လက်လုပ်မိုင်းတစ်ခုအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်၍ သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

✻ စာမျက်နှာ ၂၄ မှ

**တတိယအချက်ကတော့**

ခေါင်းဆောင်တွေက မိမိကိုယ်စား မိမိအလုပ်ကို လုပ်နိုင်သူတွေကို ရှာဖွေတာဝန်ပေးဖို့ပါပဲ။ ဒါခေါင်းဆောင်ရဲ့ တာဝန်ပါ။ ခေါင်းဆောင်က ခေါင်းဆောင်တွေကို မွေးထုတ်ဖို့လိုပါတယ်။ ခေါင်းဆောင်က ခေါင်းဆောင်တွေကို မွေးမထုတ်နိုင်ရင် အောင်မြင်တဲ့ ခေါင်းဆောင်လို့ ပြောလို့မရပါဘူး။ ဒါပေမယ့် မိမိကို ကိုယ်စားပြုတဲ့ ခေါင်းဆောင်တစ်ယောက် မွေးထုတ်ဖို့ဆိုတာ လွယ်ကူတဲ့အလုပ်တော့ မဟုတ်ပါဘူး။ အချိန်ယူဖို့ လိုပါတယ်။ ယုံကြည်မှုတွေ တည်ဆောက်ရပါလိမ့်မယ်။ လူမှားပြီး ရွေးချယ်မိရင်တော့ မိမိတည်ထောင်ထားတဲ့ အဖွဲ့အစည်းရဲ့ နာမည်တွေ ပျက်နိုင်ပါတယ်။ ဂုဏ်သိက္ခာတွေ ကျနိုင်ပါတယ်။ ဒါကြောင့် မိမိကို ကိုယ်စားပြုနိုင်တဲ့ ခေါင်းဆောင်ကို ပြုစုပျိုးထောင်ရပါမယ်။ အရင်းအနှီးတွေ စိုက်ထုတ်ပျိုးထောင်ရပါမယ်။ အရင်းအနှီးများများစိုက်ထုတ်လေ၊ အကျိုးအမြတ် များများရရှိလေ ဖြစ်ပါတယ်။ အရင်းအနှီးဆိုတာကတော့ ငွေကြေးထက် တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုကို တည်ဆောက်ဖို့၊ နှလုံးသားချင်းငြိဖို့အတွက် ပေးရတဲ့အချိန်နဲ့ အလေးထားမှုတွေ ဖြစ်ပါတယ်။ ကျွန်တော့်ကို ကိုယ်စားပြုနိုင်သူတွေ ကျွန်တော့်မှာလည်း ရှိပါတယ်။ ရှိတဲ့အတွက်လည်း ကျွန်တော် အခုလို Shwe FM အစီအစဉ်တွေ၊ Up to Date အစီအစဉ်တွေကို အပတ်စဉ်တင်ဆက်ဖို့ကျွန်တော့်မှာ အချိန်ရှိတာပါ။ မဂ္ဂဇင်းတွေမှာ ဆောင်းပါးတွေ ရေးနိုင်တာပါ။ လျှပ်စစ်လုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီကို ဦးဆောင်တဲ့ ကိုရဲကျော်သူက ကျွန်တော့်ကိုယ်စား ကုမ္ပဏီအောင်မြင်အောင် စွမ်းဆောင်ပါတယ်။ ရေနံလုပ်ငန်းတွေလုပ်တဲ့ ကုမ္ပဏီကို ဦးဆောင်တဲ့ရတနာက ကျွန်တော့်ကိုယ်စားကုမ္ပဏီကို အောင်မြင်အောင်စွမ်းဆောင်ပါတယ်။ လုပ်ငန်းတွေတိုးချဲ့တာကို တာဝန်ယူထားတဲ့ ဇာနည်ဆွေက ကျွန်တော့်ကိုယ်စား ကုမ္ပဏီတွေနဲ့ စကားပြောပါတယ်။ ဇာနည်ဆွေကို လုပ်ပိုင်ခွင့်တွေ ပေးထားပါတယ်။ မှားသွားခဲ့ရင် ဆုံးရှုံးမှုက များနိုင်တဲ့ အခြေအနေမှာ ကျွန်တော့်ကို ကိုယ်စားပြုနိုင်၊ မပြုနိုင် ဆုံးဖြတ်ဖို့ လိုပါတယ်။

- **မိမိကို ကိုယ်စားပြုတဲ့လူနဲ့ မိမိနဲ့ နှလုံးသားချင်းငြိထားရပါမယ်။ ဒါမှ မိမိကိုကိုယ်စားပြုတဲ့လူရဲ့ အကျင့်သိက္ခာကို ယုံကြည်လို့ရပါမယ်။**
- **မိမိနဲ့လက်တွဲပြီး လုပ်ထားခဲ့တဲ့အတွေ့အကြုံတွေ ရှိရပါမယ်။**

**ခေါင်းဆောင်တွေက မိမိကိုယ်စား မိမိအလုပ်ကို လုပ်နိုင်သူတွေကို ရှာဖွေတာဝန်ပေးဖို့ပါပဲ။ ဒါခေါင်းဆောင်ရဲ့ တာဝန်ပါ။ ခေါင်းဆောင်က ခေါင်းဆောင်တွေကို မွေးထုတ်ဖို့လိုပါတယ်။ ခေါင်းဆောင်က ခေါင်းဆောင်တွေကို မွေးမထုတ်နိုင်ရင် အောင်မြင်တဲ့ ခေါင်းဆောင်လို့ ပြောလို့မရပါဘူး။**

- သူတို့လုပ်နိုင်တယ်ဆိုတာကို မိမိကယုံကြည်ဖို့လိုပါတယ်။ ကိုယ်လုပ်တဲ့အတိုင်း လုပ်နိုင်တဲ့အရည်အသွေးတွေရှိနေရင် ယုံကြည်လို့ရပါတယ်။

**စတုတ္ထအချက်ကတော့**

ကျွမ်းကျင်တဲ့ ဘာသာရပ်ကို ကျွမ်းကျင်အောင်လုပ်ဖို့ ဖြစ်ပြီး အားနည်းတဲ့ ဘာသာရပ်ကို အာရုံမစိုက်ဖို့ပါ။ ဒါနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှု ဂျာနယ်တစ်ခုထဲမှာ ရေးထားတာလေးကို ဖတ်ပြချင်ပါတယ်။

**"လေ့လာတွေ့ရှိချက်တွေအရ အောင်မြင်တဲ့ခေါင်းဆောင်တိုင်း မိမိအားသာချက်နဲ့ အားနည်းချက်ကို ကောင်းကောင်းသိကြပါတယ်။ ဘယ်အချက်တွေမှာ အားသာတယ်၊ ဘယ်အချက်တွေမှာ အားနည်းတယ်ဆိုတာ သေသေချာချာသိပါတယ်။ အားနည်းနေတာတွေကိုလည်း အားကောင်းလာအောင် အချိန်မဖြုန်းပါဘူး။ အားကောင်းနေတာတွေကိုသာ ပိုအားကောင်းလာအောင် အချိန်ပေးပြီး အာရုံစိုက်ပါတယ်"**လို့ ရေးထားပါတယ်။

ဟုတ်ပါတယ်။ လူတွေက မိမိအားသာတာကို အားကောင်းသထက်ကောင်းအောင် ကြိုးစားသင့်ပါတယ်။ ကျွန်တော်လည်း ကျွန်တော် အားကောင်းတဲ့အလုပ်တွေကိုပဲ အကောင်းဆုံးဖြစ်အောင်လုပ်ပါတယ်။ ကျွန်တော် အကောင်းဆုံးမလုပ်နိုင်တဲ့ အလုပ်ကို သူများကို ခိုင်းပါတယ်။ ကျွန်တော်အလုပ်တွေ အများကြီး မလုပ်တတ်ပါဘူး။ နည်းနည်းပဲ ကျွမ်းကျင်ပါတယ်။ ကျွန်တော် ကျွမ်းကျင်တာကိုတော့ အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ပါတယ်။ ဒါလည်း အာရုံစူးစိုက်နိုင်လို့ပါ။

**နောက်ဆုံးအချက်ကတော့**

မိမိအချိန်ကို မိမိအသုံးချနိုင်ဖို့ပါပဲ။ ကျွန်တော့်အတွက် ဒီအချက်က သိပ်မလွယ်ခဲ့ပါဘူး။ ကျွန်တော်က လူတွေကို ကူညီချင်စိတ်ရှိပါတယ်။ လူတွေကို ကူညီတဲ့အခါ တစ်ခါတလေ မိမိအချိန်တွေကို မိမိမပိုင်သလို ဖြစ်သွားပါတယ်။ အခုတော့ ကျွန်တော် သဘောပေါက်သွားပါပြီ။ မိမိအချိန်ကို မိမိအကျိုးရှိရှိ အသုံးချနိုင်မှ အရေးကြီးတဲ့အလုပ်တွေကို အာရုံစူးစိုက်နိုင်ပါလိမ့်မယ်။ မိမိအချိန်တွေကို တခြားလူတွေက ယူသွားရင်တော့ အရေးကြီးတဲ့အလုပ်တွေကို အာရုံစူးစိုက်ဖို့ ခက်ပါလိမ့်မယ်။ အရေးကြီးတဲ့အလုပ်တွေကို အချိန်ပေးပြီး အာရုံစူးစိုက်လုပ်နိုင်မှ မိမိအတွက် အကျိုးကျေးဇူးတွေ ရပါလိမ့်မယ်။ ဒီနေရာမှာကြုံကြိုက်လို့ စာရေးဆရာကြီး စီ-ဒဗလျူ-စီရွန် (C.W. Ceron) ပြောခဲ့တာလေးကိုလည်း ပြန်ပြောပြချင်ပါတယ်။ "ထူးချွန်တဲ့ ခေါင်းဆောင်တွေက ရှုပ်ထွေးခက်ခဲတာကို လွယ်အောင်လုပ်နိုင်တယ်"လို့ ပြောခဲ့ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဘဝတွေကို ရိုးရှင်းအောင် လုပ်နိုင်မှ အရေးကြီးတာတွေကို ကျွန်တော်တို့ ပိုပြီး အာရုံစူးစိုက်နိုင်ပါလိမ့်မယ်။ စိတ်ဖိစီးမှုတွေ လျှော့ချနိုင်လို့ စွမ်းအားတွေ ပိုရှိလာပါလိမ့်မယ်။ ရိုးရှင်းတာကို လိုချင်ရင် ပေးဆပ်ရတာတွေလည်း ရှိပါလိမ့်မယ်။ ဆိုလိုတာက အရေးကြီးတဲ့အလုပ်ကို အာရုံစူးစိုက်တဲ့အခါ တခြားအလုပ်တွေကို ငြင်းရပါလိမ့်မယ်။ ငြင်းရတဲ့အလုပ်တွေက တစ်ခါတလေ ကိုယ်သဘောကျတဲ့အလုပ်တွေ ဖြစ်နေနိုင်ပါတယ်။ ဒါပေမယ့် မငြင်းနိုင်ရင်တော့ ကိုယ့်ရဲ့ အာရုံစူးစိုက်မှုတွေ လျော့သွားပြီး အကျိုးအမြတ် ရရှိတာလည်း နည်းသွားပါလိမ့်မယ်။

ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး စာဖတ်သူကို မှာချင်တာကတော့ မိမိကို အကျိုးအမြတ်အများဆုံး ဖြစ်စေတဲ့ အရေးကြီးတဲ့အလုပ်က ဘာလဲဆိုတာ သိအောင်လုပ်ပါ။ အရေးကြီးတဲ့အလုပ်က ဘာလဲဆိုတာသိရင် အရေးကြီးတာတွေကို အာရုံစူးစိုက်နိုင်လာပါလိမ့်မယ်။

**(ဆရာကျော်ကျော်လှိုင်၏ "ရွှေလိုတန်ဖိုးရှိသော ခေါင်းဆောင်မှု" စာအုပ်မှ "အရေးကြီးတာကို အာရုံစိုက်ပါ" ဆောင်းပါးကို စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ စာတည်း)**



## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း သုတေသနလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် မေ ၂၇**

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့် ကောင်စီဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက မော်လမြိုင်မြို့ ဖားအောက်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) သို့ သွားရောက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့အား အစည်းအဝေးခန်းမတွင် မွန်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ဇော်နိုင်နှင့် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တာဝန်ခံအရာရှိတို့က နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တွင် ရော်ဘာနှင့် ဆီအုန်း မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုအခြေအနေ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) သည် မော်လမြိုင်မြို့နယ်မှ ရှစ်မိုင် ငါးဖာလုံအကွာ မော်လမြိုင်-ကျိုက္ခမီကားလမ်းမကြီးဘေးတွင် တည်ရှိပြီး ရော်ဘာ၊ ဆီအုန်းနှင့် အခြားနှစ်ရှည်သီးနှံများကို စိုက်ပျိုးထားကာ သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မော်လမြိုင်) တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး နည်းပညာတက္ကသိုလ် (မော်လမြိုင်) တွင် ရွှေဇီဝ သဘာဝဇီဝမြေသြဇာ ထုတ်လုပ်နေမှုအခြေအနေကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများ ကွင်းဆင်းကြည့်ရှု

**ဘားအံ မေ ၂၇**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၅ ရက် နံနက်ပိုင်းက ဘားအံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်းရှိ မြို့မဘောလုံးအားကစားကွင်း ပြန်လည်ပြင်ဆင်ခြင်း လုပ်ငန်းခွင်အတွင်းရှိ ကွန်ကရစ်အဆောက်အအုံအကြမ်း ဖျက်သိမ်းပြီးစီးမှုအခြေအနေ၊ အုတ်တံတိုင်းဆောင်ရွက်နေမှုအခြေအနေနှင့် ဘောလုံးအားကစားကွင်းအင်္ဂါရပ်များနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူးကြီးနှင့် ရပ်မိရပ်ဖများက ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မြို့မဘောလုံးအားကစားကွင်း မျက်နှာပြင်မြေညှိ၊ မြေဖို့ပေး၍ မြက်ပင်များစိုက်ပျိုးပေးရန်၊ လျှပ်စစ်မီးတိုင်များစိုက်ထူပေးရန်၊ မိုးရာသီ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ စနစ်တကျ ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့ ကြာအင်းတောင်ပေါ်၌ ကရင်ပြည်နယ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်မည့်မြေနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို လမ်းညွှန်မှာကြားကာ မိုးရာသီတွင် သစ်တောဦးစီးဌာနမှ ကြာအင်းတောင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးမည့်မြေနေရာများကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာအုပ်စု လှာကဒေါင်အင်းတွင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ အများပြည်သူ အနားယူအပန်းဖြေနိုင်ရေးအတွက် ဒေသခံများ ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး လှာကဒေါင်ကျေးရွာအုပ်စု တောင်နားကျေးရွာမှ ကမော့ကစင်ကျေးရွာသို့ ဖွဲ့ကပင်တောင်နှင့် ကြာအင်းတောင်ကြား မြေသားလမ်းဖောက်လုပ်နိုင်ရေးအတွက် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း ကျိုင်းတုံတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ

**ကျိုင်းတုံ မေ ၂၇**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက် နံနက် ၈ နာရီက ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံတက္ကသိုလ် ခေမရဋ္ဌခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တက္ကသိုလ်၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးရန်နှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်နေမှုကို လာရောက်ကြည့်ရှုရန်ဖြစ်ကြောင်း၊ ကျိုင်းတုံတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများသည် စည်းကမ်းရှိမှုကို တွေ့ရပါကြောင်း၊ အထူးမှာကြားလိုသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏မှာကြားချက်တွင် ဝန်ထမ်းများ အလုပ်ကြိုးစားပါက ရာထူးအဆင့်တန်းခံစားခွင့်များကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ မကြာမီ ကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ လိုအပ်ချက်များရှိပါက တင်ပြရန်နှင့် ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်မှုရှိသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ တြိဂံဒေသတိုင်း တိုင်းမှူးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီမှ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား ကြက်ဥနှင့် ဆီတို့ကိုထောက်ပံ့ပေးအပ်ရာ ကျိုင်းတုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်စမ်းစမ်းက လက်ခံရယူခဲ့သည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း တိုင်းမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တည်ဆောက်နေမှုကိုလည်းကောင်း၊ ကျိုင်းတုံမြို့၏ ပထမဆုံး နိုင်ငံတကာအဆင့်မီ နောင်တုံအဆင့်မြင့် HYPER MARKET ဈေး တည်ဆောက်နေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာအုပ်စု ပန်ဝိုင်(အောက်)ကျေးရွာရှိ ဦးဝေါလ်တာစိုက်ပျိုးထားသည့် လက်ဖက်ခြံသို့ သွားရောက်ကာ လက်ဖက်ခြောက်ပြုလုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးပြီး ကုန်းမြင့်လယ်ယာမြေဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကုန်းမြင့်လယ်ယာထုတ်ဖော်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ လွယ်မွေတောင်တန်းနှစ်(၁၀၀)အိမ်သို့ သွားရောက်ကြည့်ရှုခဲ့ကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**



## မကွေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မကွေး မေ ၂၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးက ကြီးမှူး၍ တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သောကတ်တစ်မျိုးမျိုး ထုတ်ပေးရေး ပန်းခင်းစီမံချက်နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၄) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်မြင့်က ပန်းခင်းစီမံချက်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြခဲ့ရာ အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မန်ယူနောက်ခံလူ အဲရစ်ဘိုင်လီ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

မန်ယူအသင်းနောက်ခံလူ အဲရစ်ဘိုင်လီဟာ အိုးထရက်ဖို့ဒ်မှာ ၂၀၂၄ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။



အသက် ၂၇ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ် နောက်တန်းကစားသမားဟာ ၂၀၁၆ ခုနှစ်အတွင်းက ဗီလာရီးယဲလ်အသင်းကနေ မန်ယူအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက် မန်ယူအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၀၀ အထိ ပါဝင်ကစားပေးခဲ့ပြီးဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ အခု ချုပ်ဆိုလိုက်တဲ့ စာချုပ်သစ်အရ ၂၀၂၄ ခုနှစ်နောက်ပိုင်းမှာ နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို နောက်ထပ် တစ်နှစ်ထပ်တိုးစာချုပ် ချုပ်ဆိုခွင့်ရရှိထားတာဖြစ်ပါတယ်။ အိုင်ဗရီကို့စ် နောက်တန်းကစားသမား အဲရစ်ဘိုင်လီဟာ အခုနှစ် ဘောလုံးရာသီမှာ ဒဏ်ရာပြဿနာကြောင့် မန်ယူအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲသာ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပေမယ့် မန်ယူအသင်းနည်းပြ ဆိုးရှားအနေနဲ့ အဲရစ်ဘိုင်လီဟာ အနာဂတ်ကာလမှာ မန်ယူအသင်းအတွက် အားထားရတဲ့ ကစားသမားဖြစ်လာဖို့ရှိတယ်လို့ ဆိုပါတယ်။

**✳ ကျောဖုံးမှ**

တိုက်စစ်မှူး ဘီလော့တီဟာ အခုနှစ်ဘောလုံးရာသီမှာ ပြိုင်ပွဲအရပ်ရပ်၌ တိုရီနိုအသင်းအတွက် သွင်းဂိုး ၁၂ ဂိုးသွင်းယူပေးထားပြီး ဂိုးဖန်တီးမှုခုနစ်ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ အီတလီသတင်းစာ Tuttosport ရဲ့ ဖော်ပြချက်မှာတော့ တိုက်စစ်မှူး ဘီလော့တီရဲ့ လက်ရှိ တိုရီနိုအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ နောက်ဆုံးနှစ်အတွင်းသို့ ရောက်ရှိလာပြီဖြစ်တာကြောင့် အင်္ဂလန်ကလပ်အသင်းတွေကခေါ်ယူဖို့ ပစ်မှတ်ထားနေတာဖြစ်တယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူး ဘီလော့တီဟာ တိုရီနိုအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အီတလီစီးရီးအေကလပ်အသင်းတွေဖြစ်တဲ့ အေစီမီလန်အသင်း၊ အင်တာမီလန်အသင်း၊ ရိုးမားအသင်း၊ ဖီအိုရင်တီးနားအသင်းနဲ့ နာပိုလီအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် ပြင်သစ်ပထမတန်းကလပ် လိုင်ယွန်အသင်းကလည်းခေါ်ယူဖို့ စောင့်ကြည့်မှုတွေပြုလုပ်နေတယ်လို့ သိရပါတယ်။

မန်ယူအသင်းဟာ တိုက်စစ်မှူး ကာဗာနီရဲ့ အိုးထရက်ဖို့ဒ်အနာဂတ်သေချာမှုမရှိတာကြောင့် တိုက်စစ်မှူး တစ်ဦးခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လီဗာပူးအသင်းနည်းပြ ကလော့ကတော့ အခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းရဲ့ ရလဒ်ပိုင်းထင်တိုင်းမပေါက်ခဲ့တာကြောင့် တိုက်စစ်မှူးတစ်ဦးခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဘီလော့တီဟာ လက်ရှိမှာ တိုရီနိုအသင်းရဲ့ အသင်းခေါင်းဆောင်ဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်းက ပယ်မီရိုအသင်းကနေ တိုရီနိုအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက် အကောင်းဆုံး ခြေစွမ်းပိုင်ဆိုင်ခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဘီလော့တီအနေနဲ့ တိုရီနိုအသင်းနဲ့အတူ ပွဲပေါင်း ၂၂၂ ပွဲ ပါဝင် ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၀၄ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်း၊ အဲဗာတန်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ကလည်း ယခုလအစောပိုင်းက တိုက်စစ်မှူး ဘီလော့တီကို ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ဘီလော့တီဟာ အီတလီနိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ယူရိုပြိုင်ပွဲမှာ ပါဝင်လာဖို့လည်း ရှိနေတာဖြစ်ပါတယ်။

**○ အောင်လအန်ဆန်မှ**

စီစဉ်ထားသော်လည်း ပြီးခဲ့သည့်ရက်ပိုင်းက ဘစ်ဒက်ရှ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသဖြင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဒီရစ်ဒါနှင့် ပြောင်းလဲစီစဉ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်နှင့် ဒီရစ်ဒါသည် ခြောက်လအတွင်း ဒုတိယအကြိမ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ပထမဆုံးတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ဒီရစ်ဒါနှင့် ပထမအကြိမ်တွေ့ဆုံရာတွင် ချုပ်ကွက်ဖြင့် အရေးနိမ့်ကာ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု လက်လွှတ်ခဲ့ရသဖြင့် ယခုပွဲတွင် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ယှဉ်ပြိုင်မည်**

ယင်းပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်သော အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး အခြားစိန်ခေါ်ပွဲများအဖြစ် အဒီးအယ်လ်ဗာရက် (အမေရိကန်)နှင့် အော့ရေးယွန်း (တောင်ကိုရီးယား)၊ အူမာကာနီ (ဆီနီဂေါ)နှင့် ဂျီရီချင်ကို (ဘီလာရုစ်)၊ ဖိုလာရန်(ဖိလစ်ပိုင်)နှင့် ရှင်ရာအေအိုကီ (ဂျပန်)၊ အမျိုးသမီးတွဲဆိုင်းများအဖြစ် ဂျက်ကီဘူတန် (အမေရိကန်)နှင့် ဗန်ဒါယီဗာ (ဘီလာရုစ်)၊ နေ့ဒ်ကတ် (အမေရိကန်) နှင့် မာတင် (ဩစတြေးလျ)တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - ONE Championship

**ငွေကြယ်- ရေးသားသည်**

## အနုပညာ



ယွန်ယိုဂျန်(ဝဲ)နှင့် ဘရက်ပစ်(ယာ)တို့ကို အော်စကာဆုပေးပွဲတွင် တွေ့ရစဉ်။

# အော်စကာဆု ဆွတ်ခူးနိုင်ခဲ့တဲ့ ယွန်ယိုဂျန်

နိုင်ငံတကာ အနုပညာထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ အော်စကာဆုပေးပွဲကို လတ်တလောမှာ ကျင်းပခဲ့ရာ အဆိုပါအကယ်ဒမီဆုပေးပွဲမှာ တောင်ကိုရီးယား မင်းသမီးတစ်ဦးဖြစ်တဲ့ ယွန်ယိုဂျန်က အကောင်းဆုံး အမျိုးသမီး ဇာတ်ပို့ဆုကို ဆွတ်ခူးခဲ့ပါတယ်။ ဒါကြောင့် သူဟာ တောင်ကိုရီးယားမင်းသမီးတွေအနက် အော်စကာဆုကို ရရှိခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးသရုပ်ဆောင်တစ်ဦးဖြစ်လာခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၂၅ ရက်မှာ အော်စကာဆုပေးပွဲကို လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်ခဲ့တာဖြစ်ပြီး အဆိုပါဆုပေးပွဲမှာ ယွန်ယိုဂျန်ဟာ သူနဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ထားတဲ့ မင်းသမီးတွေကို ကျော်ဖြတ်ကာ ယခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ယွန်ယိုဂျန်ဟာ Minari ရုပ်ရှင်နဲ့ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့တာဖြစ်ပြီး သူဟာ တောင်ကိုရီးယားသရုပ်ဆောင်တွေအနက် အော်စကာဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော သရုပ်ဆောင်တစ်ဦးအဖြစ်လည်း မှတ်တမ်းတင်ခဲ့ပြီဖြစ်ပါတယ်။

အဆိုပါဆုပေးပွဲကို ယွန်ယိုဂျန်တက်ရောက်ကာ အကယ်ဒမီဆုကို ကိုယ်တိုင်လက်ခံခဲ့တာ ဖြစ်ပါတယ်။ သူဟာ တောင်ကိုရီးယား သရုပ်ဆောင်လောကအတွက် သမိုင်းသစ်ရေးနိုင်ခဲ့ပြီး ဒီလို အကယ်ဒမီဆု ဆွတ်ခူးနိုင်ခဲ့တဲ့အပေါ် အခြားသော တောင်ကိုရီးယား ရုပ်ရှင်လောကသားတွေကလည်း ဝမ်းမြောက်ကြောင်း သတင်းစကားတွေကို လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ယွန်ယိုဂျန်ဟာ ၁၉၈၀ ပြည့်နှစ်ကာလတွေကို နောက်ခံထားကာ ရိုက်ကူးထားတဲ့ ရုပ်ရှင် Minari မှာ ပါဝင်သရုပ်ဆောင်ကာ အော်စကာဆု ဆွတ်ခူးနိုင်ခဲ့တာပါ။ အဆိုပါရုပ်ရှင်ဟာ အမေရိကန်ကို ရွှေ့ပြောင်းလာတဲ့ တောင်ကိုရီးယားမိသားစုတစ်စုအကြောင်းကို ရိုက်ကူးပုံဖော်ထားတာလည်း ဖြစ်ပါတယ်။ ယခင်နှစ်က ပြုလုပ်ခဲ့တဲ့ အော်စကာဆုပေးပွဲမှာ တောင်ကိုရီးယားရုပ်ရှင် Parasite က အကောင်းဆုံး ဒါရိုက်တာဆုနဲ့ ဓာတ်ပုံဆုအပါအဝင် အော်စကာဆုလေးဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။

**အေးပြည့်-ရေးသားသည်**

# ၁၁ နှစ်ကြာ ပါဝင်လာခဲ့တဲ့ Running Man ကို လီကွမ်ဆူနှုတ်ဆက်

တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ Running Man မှာ ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သူတစ်ဦးဖြစ်တဲ့ လီကွမ်ဆူဟာ အဆိုပါအစီအစဉ်မှ နုတ်ထွက်တော့မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါအစီအစဉ်မှ လီကွမ်ဆူ နုတ်ထွက်တော့မှာဖြစ်ကြောင်းကို ဧပြီ ၂၇ ရက်မှာ လီကွမ်ဆူရဲ့ ဖျော်ဖြေရေးအေဂျင်စီက တရားဝင် ထုတ်ပြန်ခဲ့တာပါ။ အေဂျင်စီရဲ့ ပြောကြားချက်အရ လီကွမ်ဆူအနေနဲ့ ဧပြီ ၂၄ ရက်က အဆိုပါအစီအစဉ်ကို နောက်ဆုံးရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။


လီကွမ်ဆူဟာ ပြီးခဲ့တဲ့နှစ်အတွင်း ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပြီး အဆိုပါယာဉ်တိုက်မှုကြောင့် ကိုယ်ကာယကြံ့ခိုင်မှုရှိဖို့ရာ လိုအပ်တဲ့ Running Man အစီအစဉ်မှာ ဆက်လက်ပါဝင်နိုင်ခြင်းမရှိတော့တာဖြစ်တယ်လို့ သိရပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ လီကွမ်ဆူဟာ သူ့ရဲ့ အကောင်းဆုံးပုံစံကိုသာ ပရိသတ်တွေကို ပြသလိုပြီး စိတ်ရောကိုယ်ပါ ပိုမိုကျန်းမာအောင် ပြုလုပ်ပြီးနောက် ပရိသတ်တွေနဲ့ ပြန်လည်တွေ့ဆုံလိုကြောင်း၊ သူ့အနေနဲ့ ၁၁ နှစ်ကြာ ပါဝင်ရိုက်ကူးလာတဲ့ အဆိုပါ အစီအစဉ်နဲ့ လမ်းခွဲဖို့ဆုံးဖြတ်ရာမှာ လုံးဝမလွယ်ကူခဲ့ကြောင်းလည်း သိရပါတယ်။



ကြော်ငြာ


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း


















**ကြေးမုံ ယနေ့ ဖတ်စရာ**

**မဟာဝိဇ္ဇာဘွဲ့၊ ဒုတိယနှစ်ဝက် ပုံမှန် သင်တန်းများနှင့် ဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်မည်**

စာမျက်နှာ » ၁၀

\- - - - - - - - - - - - -

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇ ဒသမ ၆၃၆ သန်းအထိ ရှိလာ**

စာမျက်နှာ » ၁၃

\- - - - - - - - - - - - -

**အသုံးချခံနယ်ရုပ်များ မဖြစ်စေလို**

ဆောင်းပါး စာမျက်နှာ » ၁၅

\- - - - - - - - - - - - -

**အရေးကြီးတာကို အာရုံစိုက်ပါ**

ဆောင်းပါး စာမျက်နှာ » ၂၄

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် သတင်းထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ ယခုအချိန် နိုင်ငံအတွင်း ဒေသအချို့တွင် ဆူပူအကြမ်းဖက်မှု အနည်းငယ်ဖြစ်ပေါ်နေမှုများကြောင့် ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားလုံခြုံမှုအတွက် စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်လျက်ရှိကြောင်း သိရှိရပါသည်။

၂။ ပြည်သူများအနေဖြင့် လက်ဝယ်ရှိ ငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များ ဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး၊ ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၁ ခုနှစ်၊ မေလ ၃ ရက်နေ့မတိုင်မီ ဘဏ်များတွင် စာရင်းဖွင့်လှစ်ထားသူများအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မူလငွေထုတ်ကန့်သတ်ချက်များအတိုင်း ငွေသားများ ဆက်လက်ထုတ်ယူခွင့်ပြုမည်ဖြစ်ပြီး၊ အဆိုပါ ငွေထုတ်ကန့်သတ်ချက်များကိုလည်း ဖြေလျှော့ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# မန်ယူ၊ လီဗာပူးနဲ့ စပါးတို့က တိုရီနိုတိုက်စစ်မှူး ဘီလော့တီကို ခေါ်ယူရန် စိတ်ဝင်စားနေ

ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ လီဗာပူးအသင်းနဲ့ စပါးအသင်းတို့ဟာ တိုရီနိုအသင်းမှ အသက် ၂၇ နှစ်အရွယ်ရှိ အီတလီတိုက်စစ်မှူး အန်ဒရီယာဘီလော့တီကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✻





# ဝါးတန်း - ဒလ ဇက်ကူးတို့ဆိပ်တွင် ဇက်ရေယာဉ်နှစ်စင်းဖြင့် ပုံမှန်ပြေးဆွဲပေးနေ

**ရန်ကုန် ဧပြီ ၂၇**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ရန်ကုန်မြစ်ကူး ဝါးတန်း-ဒလ ဇက်ကူးတို့ဆိပ်တွင် RO RO ဖယ်ရီ ဇက်ရေယာဉ်နှစ်စင်းဖြင့် တစ်နာရီခြား ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။

ဝါးတန်းကူးတို့ဆိပ်တွင် ဇက်ရေယာဉ်တစ်စင်းနှင့် ဒလကူးတို့ဆိပ်တွင် ဇက်ရေယာဉ်တစ်စင်းတို့ဖြင့် နေ့စဉ် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ပြည်သူလူထု၏ လိုအပ်ချက်အတိုင်း အချိန်မှန်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ သိရသည်။

"ရန်ကုန်မြစ်ကူး ဝါးတန်း - ဒလ ဇက်ကူးတို့ဆိပ်ကို လက်ရှိမှာ ကားကူး ကူးတို့ရေယာဉ်နှစ်စင်းနဲ့ အသွားအပြန် ပြေးဆွဲပေးနေပါတယ်။ ဝါးတန်းဘက်တစ်စင်း၊ ဒလဘက်တစ်စင်းနဲ့ ပြေးဆွဲပေးနေတာပါ။ ပြီးခဲ့တဲ့ သင်္ကြန်ကာလအတွင်းမှာလည်း ခရီးသွားပြည်သူတွေသွားရေးလာရေး အဆင်ပြေစေဖို့အတွက် ပိတ်ရက်မရှိ ပြေးဆွဲပေးခဲ့ပါတယ်။ လက်ရှိ သင်္ကြန်လွန်ကာလတွေမှာလည်း မနက် ၇ နာရီကနေ ည ၇ နာရီအထိ တစ်နာရီကိုတစ်စင်း တစ်ခေါက်နှုန်းနဲ့ ဟိုဘက်ဒီဘက်အသွားအပြန် ရေယာဉ်လွှတ်ပေးနေပါတယ်။ အရင်တုန်းက ရေယာဉ်တစ်စင်းတည်း ပြေးခဲ့လို့ ခရီးသည်တွေ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ☆

# အောင်လအန်ဆန်၏ ONE လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဒီရစ်ဒါနှင့် ထိုးသတ်မည်

**ရန်ကုန် ဧပြီ ၂၇**

နာမည်ကြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် နယ်သာလန်နိုင်ငံသား ဒီရစ်ဒါနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ချန်ပီယံကာကွယ်ပွဲအတွက် ပြိုင်ပွဲထိုးသတ်ခါနီးမှ ပြိုင်ဘက်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

**ယှဉ်ပြိုင်ထိုးသတ်မည်**

ONE Championship က စီစဉ်သည့် ONE ON TNT IV အမည်ရပြိုင်ပွဲကို မြန်မာစံတော်ချိန် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲဖြစ်သော အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် တွဲဆိုင်း ခြောက်ပွဲပါဝင်မည်ဖြစ်ပြီး အမေရိကန်ပရိသတ်များအတွက် ရည်ရွယ်ကာ ဧပြီ ၂၈ ရက် ညပိုင်းတွင် ကြည့်ရှုနိုင်ရန် စီစဉ်ထားသဖြင့် စင်ကာပူနိုင်ငံ၌ ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် ဒီရစ်ဒါတို့ပွဲကိုမူ မြန်မာစံတော်ချိန် နံနက် ၉ နာရီဝန်းကျင်တွင် စတင်ကျင်းပဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ရယူနိုင်ခဲ့ပြီး ယခုထိုးသတ်မည့် ဒီရစ်ဒါနှင့်ပွဲမှာ ဒုတိယမြောက်ချန်ပီယံကာကွယ်ပွဲလည်းဖြစ်သည်။ အောင်လအန်ဆန်သည် ပထမဆုံးချန်ပီယံကာကွယ်ပွဲကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အနိုင်ယူပြီး ချန်ပီယံဆုကာကွယ်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ယခင်က ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ထိုးသတ်ရန် စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ○

